www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၅၀၀၁၆၇၀၅၀၂ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၀၀၅၅၅၀၅၀၅ ]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ် အုပ်ရေ (၅၀၀)

❑

ထုတ်ဝေသည့်လ
ဩဂုတ်လ ၂၀၀၅

❑

မျက်နှာဖုံးနှင့်အတွင်းစာသား ပုံနှိပ်သူ
ဦးကျော်လှိုင် (၅၅၇၃) စေတနာအော့ဖ်ဆက်
အမှတ် (၅၉)၊ ၁၉ လမ်း၊ ရန်ကုန်။

❑

ထုတ်ဝေသူ
ဒေါ်ခင်ခင်စိန် (၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ် (၄၃)၊ မလိခလမ်း၊ (၇) မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။

❑

ကွန်ပျူတာ
အိမ့်မွန်မွန်ရှိန်

❑

မျက်နှာဖုံးပန်းချီ
သိန်းဇော်

❑

တန်ဖိုး
၃၀ ကျပ်

# နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ မြစ်ဝကျွန်းပေါ် နယ်မြို့လေးတစ်မြို့၏ လူစည်ကားရာ ဈေးအတွင်းသို့ အရူးတစ်ယောက်သည် ပေါက်တတ်ကရဟု ယူဆလျှင်သော်လည်းကောင်း အဓိပ္ပါယ်လေးနက်သည်ဟု ယူဆလျှင်သော်လည်းကောင်း ရနိုင်သည့် စကားများကို အော်ကြီးတစ်ကျယ် ပြောဆိုလျက် ဝင်ရောက်လာလေ၏။

အရူးကြီးသည် ဦးကျောင်းသောင်း၏အထည်ဆိုင်ရှေ့သို့ ရောက်လျှင် ရပ်တန့်ကာ

*"ငွေနဲ့ လုပ်တဲ့အဝတ်တွေ အများကြီး ရနိုင်တယ်၊ ဒါပေမဲ့ အလှကိုတော့ မရနိုင်ဘူး"* ဟု အော်ဟစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အရူးကြီး၏စကားကြောင့် ဦးကျင်သောင်းက တက်ခနဲရယ်ပြီး ပုံမကျပန်းမကျနဲ့ လွန်စွာရုပ်ဆိုးလှသော သူ၏သမီးဈေးကြီးဘက်ကို လှည့်၍

"အရူးကတော့ ငါ့သမီးကို စောင်းပြောနေပြီ ထင်တယ်"

ဟု ဆိုလိုက်ရာ ဈေးကြီးသည် မျက်နှာရှုံ့မဲ့သွား၏။ သူမသည် ရုပ်ရည်လှပလို လှပကြား ပေါ်သည့်အဆင်ဆန်းကို ဖါးပေါ်တင်နေသူ ဖြစ်၏။

ထိုအခါ ဈေးကြီးက အရူးကို ရှုတင်းတင်းကြည့်၍ ကင်ကြေးကိုထောင်ပြကာ

"ဒီအရူး ဆိုင်ရှေ့မှာ ဘာတွေလာပြောနေတာလဲ၊ ကင်ကြေးစာ မမိချင်ရင် မြန်မြန်ထွက်သွားပေတော့" ဟု နှင်ထုတ်လေ၏။

အရူးကြီးက သူမ၏စကားကို အလေးမထားတန်ဖြင့် ဆိုင်တွင်းရှိ ရောင်းချရန် ခင်းကျင်းထားသော စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများကို ကြည့်ကာ မျက်မှောင်ကြုတ်၍

"*ငွေနဲ့ အိပ်ရာတစ်ခုကို ဂုနိုင်ပေမဲ့ အိပ်စက်ခြင်းကို မဂု* *နိုင်ဘူး*" ဟု အော်ဟစ်ပြန်၏။





ထို့နောက် အရူးကြီးသည် သားငါးတန်းဘက်သို့ ရောက်သွားပြန်ကာ

"*ငွေနဲ့ အစားအစာကို ဂုနိုင်ပေမဲ့ ခံတွင်းကောင်းခြင်းကို* *မဂုနိုင်ဘူး*" ဟု အော်ဟစ်ပြန်၏။ ဆေးဆိုင်ရှေ့သို့ ရောက်လျှင်လည်း ခေါင်းတခါခါဖြင့်

"*ငွေနဲ့ ဆေးဝါးကို ဂုနိုင်ပေမဲ့ ကျန်းမာခြင်းကို မဂုနိုင်ဘူး*" ဟု အော်ဟစ်ပြန်၏။

ဈေးထောင့်ရှိ ဆောက်လုပ်ရေးပစ္စည်းများ ရောင်းသောဆိုင်ရှေ့သို့ ရောက်လျှင်လည်း

"*ငွေနဲ့ အိမ်တစ်ဆောင်ကို ဂုနိုင်ပေမဲ့ မိသားစု အိမ်ဂေဟာကို* *မဂုနိုင်ဘူး*" ဟု အော်ဟစ်ပြန်၏။

အခြားဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ရှိလျှင်လည်း

"*ငွေနဲ့ အိမ်ခံပစ္စည်းတွေ ဂုနိုင်ပေမဲ့ စိတ်ချမ်းသာခြင်းကို* *မဂုနိုင်ဘူး*" ဟု အော်ဟစ်ပြန်၏။

အခြားဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ရှိလျှင်လည်း

"*ငွေနဲ့ ပျော်ပြေမှုကို ဂုနိုင်ပေမဲ့ ယဉ်ကျေးဂုဏ်ရှိမှုကို* *မဂုနိုင်ဘူး*" ဟု အော်ဟစ်ပြန်၏။

တအုပ်အရောင်းဆိုင်ရှေ့သို့ ရောက်လျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



*"ငွေနဲ့ စာအုပ်တွေကို ဝယ်နိုင်ပေမဲ့ ဗဟုသုတကိုတော့ မဝယ်နိုင်ဘူး"* ဟု အော်ဟစ်ပြန်၏။

အရူးကြီးသည် ထိုသို့အော်ဟစ်ရင်း ဈေးအတွင်းသို့ လှည့်ပတ်သွားလာနေရာမှ စားပွဲတစ်လုံးကိုချ၍ အလှူခံငွေ ဖလားကြီးနှင့် လက်ကိုင်အော်လံကလေးကိုကိုင်ကာ အလှူခံ နေသော ဈေးလူကြီး၏ အလှူခံနေရာရှေ့သို့ ရောက်လာ၏။

ဈေးလူကြီးသည် ငွေတစ်မူး၊ တစ်ပဲ လှူရုံဖြင့် ရရှိလာမည့် အကျိုးတရားများကို ဘုရားဟောဇာတ်တော်များအား ကိုးကား၍ ဟောပြောနေလေ၏။

အရူးကြီးသည် ဈေးလူကြီးအသံကို နားစွင့်၍ တွေတွေကြီး ရပ်နေလေ၏။ ထို့နောက် ၎င်းသည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးကာ ဈေးလူကြီး၏အသံရပ်သွားလျှင်

*"ငွေနဲ့ ဘာသာတရားကို ဝယ်နိုင်ပေမဲ့ လွတ်မြောက်ခြင်းကို မဝယ်နိုင်ဘူး"* ဟုအော်ဟစ်လေတော့၏။

ဈေးလူကြီးက အရူးကို မျက်လုံးပြူး၍ကြည့်ကာ

"ဟေ့ အရူး . . ဘာတွေလာပြောနေတာလဲ၊ သွားစမ်း သွားစမ်း" ဟု မောင်းထုတ်လေ၏။ ထိုအခါ အရူးကြီးက တက် ဟက်ပက်ပက် ရယ်မောလိုက်ပြီး





"ဟား . . ဟား . . ဟား မျက်လုံးရှိပေမဲ့ ကြည့်တတ်မှ မြင်တယ်၊ နားရှိပေမဲ့ ထောင်တတ်မှ ကြားတယ်၊ ပါးစပ်ရှိပေ မဲ့ ပြောတတ်မှ သိတယ်"

ဟု အော်ဟစ်ကာ ဈေးအတွင်းမှ ထွက်ခွာသွားတော့၏။ အရူးကြီးသည် ဈေးပြင်သို့ရောက်လျှင် လူရှင်းရာ ညောင်မုတ်ဆိတ် ပင်ကြီး၏ အရိပ်အောက်သို့ သွားလေ၏။

ထိုနေရာသို့ရောက်လျှင် ရေချမ်းစင်မှရေကို အားပါးတရ သောက်သုံးပြီး ၎င်း၏လွယ်အိတ်စုတ်ကြီးကိုခေါင်းအုံး၍ သက္က လပ်ဦးထုပ်ဟောင်းကြီးကို မျက်နှာပေါ်တွင် ဖုံးအုပ်ကာ မကြာမီ တွင် တခေါခေါ ဟောက်လျက်ရှိလေတော့၏။

အတန်ကြာလျှင် အရူးကြီးသည် အိပ်ရာမှနိုးလာ၏။ ဈေး လည်း ကွဲစပြုပေပြီ။

ထိုအခါ အရူးကြီးသည် ၎င်း၏နံဘေး၌ ငုတ်တုတ် ထိုင်နေသော အသက် (၁၈)နှစ်ခန့် လူငယ်တစ်ဦးကို တွေ့ရသော ကြောင့် မျက်လုံးကိုပွတ်သပ်၍

"ဟော့ကောင်လေး မဟုတ်မှလွဲရော ငါစားဖို့ ကောက် ညှင်းပေါင်း လာကျွေးတာ ထင်တယ်၊ မင်းလက်ထဲက ငှက်ပျော ဖက်နဲ့ ထုပ်လာတာ ကောက်ညှင်းပေါင်းတွေ မဟုတ်လား၊ ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



က မင်းအလုပ်လုပ်တဲ့ တရုတ်ကုန်စုံဆိုင်ရှေ့က သွားခေါ်ခေါ်နဲ့ မိန်းမကြီးဆီက ဝယ်လာတာ ဖြစ်ရမယ်၊ နှစ်ပြားဖိုးဆိုရင် အများကြီးရတယ်၊ ဟဲ . . ဟဲ မင်း ငါ့ဆီကို ရောက်လာမယ်ဆိုတာ သိနေလို့ အိပ်စောင့်နေတာကွ”

ဟု ပြောလေ၏။

လူငယ်က အရူးကြီးကို တအံ့တသြဖြင့် ကြည့်၍

“ဟုတ်ပါတယ်ဗျာ . . ကျုပ် ခင်ဗျားကို ကောက်ညှင်းပေါင်းလာကျွေးတာပါ၊ ကျုပ်ကို တရုတ်ကုန်စုံဆိုင်မှာ အလုပ်လုပ်နေတယ်ဆိုတာလည်း သိနေတာပါပဲလား၊ ကောက်ညှင်းပေါင်းကလည်း ဆိုင်ရှေ့က သွားခေါ်ခေါ်နဲ့ မိန်းမကြီးဆီက နှစ်ပြားဖိုးဝယ်လာတာပါ၊ ဒါတွေကို ခင်ဗျား ဘယ်လိုလုပ်သိသလဲ”

ဟု မေးမြန်းလေရာ အရူးကြီးက ထိုင်လိုက်ပြီး ဆေးပေါ့လိပ်ကို ကြေးမီးခြစ်ကြီးဖြင့် တဖောက်ဖောက်ခေါက်၍

“ငါ ဈေးထဲမှာ လှည့်ပတ်သွားနေကတည်းက မင်း ငါ့စကားတွေကို စိတ်ဝင်စားပြီး အလုပ်လုပ်နေရင်း တန်းလန်းက ငါ့နောက်ကို လျှောက်လိုက်နေတာ ငါသိတာပေါ့၊ မင်းစိတ်ထဲမှာ ငါဟာ ဈေးထဲကသာ ထွက်သွားတယ်၊ ဘယ်သူ့မှလည်း ဘာမှ ပေးကမ်းကျွေးမွေးတာကို မတွေ့ရတော့ သနားသွားတယ်





မဟုတ်လား၊ ဒါကြောင့် အလုပ်ကနားတာနဲ့ မင်းဆိုင်ရှေ့မှာ အလွယ်တကူတွေ့တဲ့ ကောက်ညှင်းပေါင်း နှစ်ပြားဖိုးဝယ်ပြီး ငါ့ဆီရောက်လာလိမ့်မယ်လို့ တွေးလို့ရပါတယ်ကွာ . . . ဟား . . ဟား . . ဒါက သိပ်မခက်ပါဘူးကွာ၊ ကြည့်တတ်လို့ မြင်တာကွ”

ဟု အဖြေပေးလေ၏။

လူငယ်က အရူးကြီးစကားကို နားထောင်၍ မျက်လုံးတဖျတ်ဖျတ် တောက်ပသွားပြီး

“ဟုတ်တယ် ကျုပ် ခင်ဗျားကို စိတ်ဝင်စားတယ်၊ ခင်ဗျားရဲ့စကားတွေက အရူးတစ်ယောက် အော်ချင်ရာအော်နေတယ်လို့ ထင်ရပေမဲ့ သေသေချာချာတွေးကြည့်ရင် ထူးဆန်းနေတယ်၊ ခင်ဗျားဟာ ဘယ်နည်းနဲ့မှ အရူးတစ်ယောက် မဖြစ်နိုင်ဘူး”

ဟု ပြောလေ၏။ အရူးကြီးက ပြုံး၍

“ကောင်းတယ် . . ကောင်းတယ်၊ မင်းမှာ ကြည့်တတ်တဲ့ မျက်စိရှိတယ်၊ ငါဟာ အရူးမဟုတ်ပါဘူးကွာ၊ ဒါပေမဲ့ လူတွေက ငါ့ပုံစံကိုကြည့်ပြီး အရူးလို့သတ်မှတ်တယ်ကွ၊ တစ်စုံတစ်ယောက်ဟာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ် နေရိုးနေစဉ်ထက် ပိုပြီးပြုမူနေထိုင်တတ် ရင်ဖြစ်စေ လိုပြီး ပြုမူနေထိုင်တတ်ရင်ဖြစ်စေ လူတွေရဲ့ သတ်မှတ်ချက်တစ်ခုခုကို မလွဲမသွေ ခံရတော့တာပဲ ဟား



www.burmeseclassic.com

www.burmeseclassic.com



. . ဟား . . ဟား အဲဒါကတော့ ရူးသွပ်နေတဲ့လူ၊ ဒါမှမဟုတ် ထူးဆန်းတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးပေါ့ကွာ၊ တကယ်တော့ သတ်မှတ်ချက်ဆိုတာ အမှန်တရား မဟုတ်ပါဘူး"

ဟုဆိုလေ၏။ လူငယ်သည် အတန်ကြာမျှ တွေဝေသွား၏။ အရူးကြီးကမူ လူငယ်ပေးသည့် ကောက်ညှင်းပေါင်းကို အားပါးတရ စားနေပြီဖြစ်၏။

ထို့နောက် လူငယ်က

"ကျုပ် ခင်ဗျားပြောတာကို နားလည်သလိုလိုတော့ ရှိတယ်၊ ဒါပေမဲ့ နားမလည်ဘူး။ ခင်ဗျားက မရူးဘူးဆိုရင် ဘာဖြစ်လို့ အဲဒီလိုတွေ လိုက်အော်နေတာလဲ ခင်ဗျားက ဘာအလုပ်လုပ်သလဲ"

ဟု မေးမြန်းလေရာ အရူးကြီးက

"မင်း နိမ္မာန်ဆော်ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ လူတွေ အလှူအတန်း ပြုရအောင် တရားဘာဝနာ ပွားများရအောင် လိုက်လံ နှိုးဆော်တဲ့သူကို နိမ္မာန်ဆော်လို့ ခေါ်တယ် မဟုတ်လား။ ငါလည်း အဲဒီလိုပဲကွ၊ ငါ့ရင်ထဲမှာ အတွေးတွေ ပြည့်ကြပ်လာတဲ့ အခါ လူတွေကြားအောင် ဖွင့်ထုတ်တယ်ကွ၊ လူတွေရဲ့ရင်ထဲမှာ အခိပ်ပျံယ်လေးနက်တဲ့ အတွေးတွေ တွေးမိအောင် နေရာအနှံ့ လိုက်





လံပြီး နှိုးဆော်တယ်ကွ၊ ဒါကြောင့် ငါ့အလုပ်က နိမ္မာန်ဆော်လို့ ပြောလို့ရတယ်၊ ငါ့နာမည်ကလည်း ဦးပေတလူဆိုတော့ နိမ္မာန်ဆော်ကြီး ဦးပေတလူပေါ့ကွာ၊ ဟား . . ဟား . . ဒါပေမဲ့ လူတွေက ငါ့စကားကို နားမဝင်ပါဘူးကွာ၊ ဒါကြောင့်လဲ ငါ့ကို အရူးလို့ သတ်မှတ်ထားတာပေါ့၊ တစ်ခါတစ်ရံတော့ မင်းလို အရာရာကို စူးစမ်းလေ့လာချင်တဲ့ လူတွေနဲ့တော့ တွေ့ရတတ်ပါတယ်" ဟု ရယ်မောပြောဆိုလေ၏။ ထိုအခါ လူငယ်က သက်ပြင်းချ၍

"ကျုပ်ဟာ တစ်ကောက်ကွက်တစ်ယောက်ပါ။ ဒါကြောင့် ကျုပ် တစ်ကိုယ်စာအတွက် အေးအေးဆေးဆေး ရှာဖွေစားသောက်လို့ရတယ်၊ ဒါပေမဲ့ ဘာကြောင့်မှန်း မသိဘူး၊ ကျုပ်ဘဝကို တစ်နေ့တစ်ခြား ငြီးငွေ့လာတယ်၊ ဒီလိုပဲ ရှာဖွေစားသောက်ရင်း အချိန်တွေကုန်ပြီး လူဟာ တစ်နေ့ သေသွားရမှာပဲ၊ အဲဒီလိုပဲ ကျုပ်သေသွားရမှာလား။ ကျုပ်ရင်ထဲမှာ အမြဲတမ်းပဲ တစ်ခုခုလိုနေတယ်လို့ ထင်နေတယ်၊ အဲဒါ ဘာလဲဆိုတာ ကျုပ် မသိဘူး။ လူ့ဘဝကြီးမှာ ဒီအတိုင်းပဲ အသက်ရှင်နေရတာကိုလည်း မကြိုက်ဘူး။ အဲဒီအတွက် အဖြေရှိသလား"

ဟု မေးမြန်းလေတော့၏။ နိမ္မာန်ဆော်ကြီး ဦးပေတလူက လူငယ်ကို စိုက်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



''သိပ်ရှိတာပေါ့ ကိုယ့်လူ၊ ဒါပေမဲ့ အဲဒီဟာက စကားနဲ့ ပြောလို့ မရဘူး၊ ကိုယ်တိုင်ရှာဖွေရမယ်'' ဟုပြောလေ၏။ ထိုအခါ လူငယ်က

''ဘယ်လိုပဲဖြစ်ဖြစ် ကျုပ် ဦးပေတလူရဲ့စကားကို ယုံတယ်၊ ရှာဖွေရမယ်ဆိုလည်း ရှာဖွေရတာပေါ့'' ဟု ဆိုလိုက်ရာ ဦးပေတလူက တဟဲဟဲရယ်၍

''ဟဲ . . ဟဲ ရှာဖွေတယ်ဆိုပြီး ဒီအတိုင်း ထိုင်နေလို့တော့ မရဘူး၊ မင်း ငါ့လိုပဲ နေရတာကာကို လျှောက်သွားရမှာကွ''

ဟု ပြောပြန်ရာ လူငယ်က

''ဒါလည်း ကိစ္စမရှိပါဘူး'' ဟုဆိုလေ၏။ ထိုအခါ ဦးပေတလူက

''မင်း ငါ့လိုနေရင်တော့ လူတွေက အရူးလို့ ပြောကြလိမ့်မယ်'' ဟု ပြောပြန်ရာ လူငယ်က

''သတ်မှတ်ချက်ဆိုတာ အမှန်တရား မဟုတ်ပါဘူး''

ဟု ဆိုလေတော့၏။ ဤသို့ဖြင့် လူငယ်သည် အရူးကြီး (သို့) နိမ္မာန်ဆော်ကြီး ဦးပေတလူ၏နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေ၏။ ထိုအကြောင်းကို သိရသော ကုန်စုံဆိုင်ပိုင်ရှင် တရုတ်ကြီးက





''ငွေတိုးဆိုတဲ့ကောင် သိပ်ခက်တာပဲ၊ ဆိုင်မှာ အလုပ်ကိုတော့ တာဝန်ကျေအောင် လုပ်ပါတယ်၊ ဒါပေမဲ့ အားနေရင် တစ်ယောက်တည်း ကုပ်ပြီး ဝဉ်းစားခန်းဝင်နေတတ်တယ်၊ စိတ်ကော မှုမှန်သေးရဲ့လား မသိဘူး၊ အခုလည်း ဘယ်ကမှန်းမသိတဲ့ အရူးနောက်ကို လိုက်သွားတယ်၊ ငွေတိုးတော့ ရူးသွားပြီ ထင်ပါရဲ့'' ဟု ဆိုင်သို့ လာသမျှ ဈေးဝယ်သူတိုင်းအား ငွေတိုးဆိုသည့် အလုပ်သမားကလေးတစ်ယောက်အကြောင်းကို ဖောက်သည်ချလျက် ရှိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေတိုးဟူသည့် လူငယ်သည် ဦးပေတလူနှင့်အတူ မီးရထားတစ်စီးပေါ်သို့ ရောက်ရှိနေလေ၏။ ၎င်းတို့သည် ကျောက်တင်သည့် ရထားတွဲပက်လက်ပေါ်တွင် လိုက်ပါလာခြင်း ဖြစ်၏။ ဤသို့ ရထားစီးလာရင်းမှ ဦးပေတလူက ငွေတိုးကို

''ကိုယ့်လူ . . မင်းအကြောင်းတွေ ပြောစမ်းပါဦး''

ဟု မေးမြန်းလေရာ ငွေတိုးက ရထားလမ်းနဘေးမှ တရိပ်ရိပ်ဖြင့် ကျန်ရစ်ခဲ့သော ရွှခင်းများကို ရီဝေသော မျက်ဝန်းအစုံဖြင့်ကြည့်၍

''ကျုပ်အကြောင်းက ဘာမှမထူးဆန်းပါဘူးဗျာ၊ ကျုပ်က





ငယ်ငယ်ကတည်းက မိဘမဲ့ဗျ၊ တရုတ်ဆိုင်မှာ အလုပ်မဝင်ခင်ကတော့ ဘုန်းကြီးကျောင်းမှာ ကပ်ရပ်နေခဲ့ပုံးတဲ့အတွက် စာကလေးပေတလေးတော့ အတော်အတန် တတ်ခဲ့တယ်၊ ဒီလောက်ပါပဲ၊ အဲထူးဆန်းတာက ကျုပ်အမေအကြောင်းဗျ''

ဟု စကားစလေရာ ဦးပေတလူက စိတ်ဝင်တစားဖြင့်

''လုပ်စမ်းပါဦး ကိုယ့်လူ''

ဟု စကားထောက်ပေးလေ၏။

ငွေတိုးက ဆက်၍

''ကျုပ်အမေနာမည်က မမြကလေးလို့ ခေါ်တယ်ဗျ၊ အမေဟာ ကျုပ်သုံးနှစ်သားလောက်မှာ ဆုံးသွားတယ်၊ အမေ့အကြောင်းတွေကိုတော့ တစ်ခြားသူတွေရဲ့အပြောနဲ့ ပြန်သိရတာပါ၊ ဒီလိုပါ တစ်နေ့မှာ အမေဟာ နေ့စေ့လစေ့ ကိုယ်ဝန်ကြီးနဲ့ ကျုပ်နေခဲ့တဲ့ မြို့ကလေးကို ရောက်လာတယ်တဲ့၊ ပြီးတော့ မြို့ထဲမှာ အခန်းကလေးတစ်ခန်း ငှားရမ်းပြီး နေထိုင်တယ်၊ အမေရဲ့ဇာတိကို ဘယ်သူမှ မသိပါဘူး။ အဲဒီလိုနဲ့ မကြာခင်မှာပဲ ကိုယ်ဝန်ဟာ မွေးဖွားတော့တယ်၊ အဲဒီ ကျုပ်ပေါ့၊ အမေဟာ ဘာအလုပ်မှ မလုပ်ဘဲနဲ့ မကြောင့်မကြ စားသောက်နေနိုင်အောင် ပစ္စည်းဥစ္စာ ပြည့်စုံဟန်ရှိတယ်တဲ့၊ ထူးဆန်းတာက အမေနဲ့ အခန်းငှားကပ်



www.burmeseclassic.com

ရက်နေခဲ့ဖူးတဲ့ စာတိုက်စာရေးကြီးရဲ့ မိန်းမကဆိုရင် အမေ့ကို ဥစ္စာစောင့်လို့တောင် ထင်နေတယ်၊ ဒီလိုဗျ ကျုပ်အရွယ်ရောက်လာတဲ့အခါ စာရေးကြီးမိန်းမက ကျုပ်ကို ''ဟဲ့ ငွေတိုး နင့်အမေကိုတော့ နင်က ကောင်းကောင်းမှတ်မိလိုက်မှာ မဟုတ်ဘူး။ ငါပြောပြမယ် . . သေသေချာချာနားထောင်၊ နင့်အမေ မမြကလေးဟာ ကလေးတစ်ယောက်အမေ ဆိုပေမဲ့ မြို့ပေါ်က အချောအလှ၊ အပျိုတွေထက်တောင် ပိုပြီးချောသေးတယ်၊ သူ့ကိုကြိုက်လို့ ပိုးပန်းကြတဲ့ ပိုက်ဆံဝါလားတွေ၊ မြို့အုပ်ပေါက်စတွေဆိုတာလည်း ခြေချင်းလိမ်နေတာပဲ၊ ဒါပေမဲ့ မမြတလေးဟာ တည်ကြည်တဲ့မိန်းကလေးဖြစ်တဲ့အတွက် ဘယ်သူ့ကိုမှ လက်မခံခဲ့ဘူး။ အားလုံးကို ငြင်းပယ်ခဲ့တယ်၊ သူ အဲဒီလိုငြင်းခဲ့တဲ့ စကားကလည်း အထူးအဆန်းပဲ၊ မမြကလေးက ဘယ်လိုပြောသလဲဆိုတော့ သူ့ကို ချစ်ခင်စုံမက်လို့ တင့်တောင့်တင့်တယ် လက်ထပ်ယူပါ့မယ်ဆိုတာ လက်ခံပါတယ်တဲ့၊ ဒါပေမဲ့ သူ့တိုယူမိရင် အဲဒီလူဟာ မကြာခင်မှာပဲ မုဆိုးဖို ဖြစ်လိမ့်မယ်တဲ့၊ ဘာကြောင့်လဲဆိုတော့ သူဟာ သားကလေး ငွေတိုး အရွယ်မရောက်ခင်မှာပဲ သေဆုံးရမှာဖြစ်တယ်လို့ ဆိုတယ်၊ အဲဒီတော့ ကျွန်မကို ယူမိရင် ရှင်တို့ မုဆိုးဖို မလွဲမသွေ ဖြစ်လိမ့်မယ်ဆိုပြီး ငြင်းပယ်ခဲ့တာပေါ့၊ အဲဒီစကားက





မထူးဆန်းဘူးလား။ ပြီးတော့ နောက်တစ်ခု ရှိသေးတယ်၊ မမြတလေးဟာ ငွေအသုံးလိုတဲ့အခါ ငါ့ကို ရွှေတိုငွေစကလေးတွေ ရောင်းခိုင်းခဲ့တယ်၊ သူရောင်းခိုင်းသမျှဟာ လက်တစ်ဆစ်လောက်ရှိတဲ့ ရွှေမကျည်းတောင့်ကလေးတွေချည်းပဲ၊ ဒါကြောင့် ငါပြောတာပေါ့ . . နင့်အမေဟာ ရုပ်ရည်ကလည်း ချောမောလှပတော့ ဒါ့အနေနဲ့ ဥစ္စာစောင့်လို့ ထင်နေတာပေါ့၊ သူ့ကို အချိန်တန်ရင် သိုက်ထဲက ပြန်ခေါ်မယ်ဆိုတာလည်း သိနေတယ် မဟုတ်လားလို့''လို့ စာတိုက်စာရေးကြီးမိန်းမက ကျုပ်ကိုပြောတယ်ဗျ''

ဟုဆိုလေ၏။ ငွေတိုး၏စကားကြောင့် ဦးပေတလူစာမျက်မှောင်ကြုတ်၍

''မင်းအမေအကြောင်းက တကယ်စိတ်ဝင်စားဖို့ကောင်းပါတယ်၊ သူဟာ တစ်နေရာရာကနေ အကြောင်းတစ်ခုကြောင့် အဲဒီမြို့ကလေးမှာ မင်းကိုမွေးဖွားပြီး ဇာတ်မြုပ်နေထိုင်ပုံရတယ်၊ မင်းအဖေအကြောင်းတော့ ဘာမှ မသိရဘူးလား''

ဟုမေးမြန်းလေရာ ငွေတိုးက

''စာတိုက်စာရေးကြီးမိန်းမက ကျုပ်အမေနဲ့ ရင်းနှီးလာတဲ့အခါမှာ အဲဒီလိုပဲ မေးခဲ့တယ်ဗျ၊ အမေက သူ့ကို အဖေရဲ့အကြောင်းလည်း အေးအေးဆေးဆေး ရှင်းပြတယ်၊ ကျုပ်အဖေက



www.burmeseclassic.com

www.burmeseclassic.com



လူ့လောကကြီးကြီး မရှိတော့ဘူးတဲ့၊ သူဟာ ယောက်ျားကောင်း ယောက်ျားမြတ်တစ်ယောက် ဖြစ်သလို ရဲစွမ်းသတ္တိဟာလည်း ခေတ်အဆက်ဆက်က ရှိခဲ့ဖူးတဲ့ ရာဇဝင်ထဲက သူ့ရဲကောင်းတွေနဲ့ ပခုံးခြင်းယှဉ်နိုင်တယ်တဲ့၊ အပေရဲ့အကြောင်းကတော့ အဲဒီလောက်ပဲ သိရတယ်"

ဟု အဖြေပေးလေ၏။ ထိုအခါ ဦးပေတလူက

"ဟုတ်ပြီပေါ့ ဇာတ်လမ်းကတော့ ကောင်းခန်းရောက်နေပြီ၊ မင်းအမေအကြောင်း ဆက်ပါဦး ပြီးတော့ ရွှေမကျည်းတောင့်တွေ ဘာတွေ မင်းအတွက် အမွေမထားခဲ့ဘူးလား" ဟု မေးမြန်းပြန်ရာ ငွေတိုးက

"စာတိုက်စာရေးကြီးမိန်းမက ဒီလိုပဲ အမေ့ကိုမေးခဲ့တယ်ဗျ၊ အဲဒီတော့ အမေက သူ့သားဖြစ်တဲ့ ကျွန်တော့်အတွက် ဘာအမွေပစ္စည်းမှ ထားခဲ့နိုင်မှာ မဟုတ်ဘူးတဲ့၊ အဲဒီအတွက် သူ့မှာ ပူပင်ကြောင့်ကြမှုလဲ မရှိဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ငွေတိုးဆီမှာ အဖေ အမေတွေရဲ့ သွေးက အပြည့်ရှိတယ်တဲ့၊ အဲဒီသွေးကြောင့်ပဲ ငွေတိုးဟာ သဘာဝလောကကြီးရဲ့ ဘေးအန္တရာယ်တွေကို ရဲရဲရင့်ရင့် ရင်ဆိုင်နိုင်လိမ့်မယ်တဲ့၊ အချိန်တန်ရင် ငွေတိုးဟာ သူ့ပျောက်ရမဲ့လမ်းကို တွေ့မှာပဲတဲ့"





ဟု ဆိုလိုက်၏။

ဦးပေတလူက ခေါင်းတဆတ်ဆတ်ညိတ်၍

"မင်းအမေက ရင့်ကျက်တဲ့ အမျိုးသမီးပဲ၊ သဘာဝလောကကြီးအကြောင်းကို လေးလေးနက်နက် သိသွားပုံရတယ်၊ မင်းကို လူ့လောကကြီးထဲမှာ တစ်ကောင်ကြွက်ဘဝနဲ့ စိတ်ချလက်ချထားခဲ့တာဟာ သဘာဝလောကကြီးအကြောင်းတွေကို မင်းကိုယ်တိုင် ရင်ဆိုင်ပြီး သိစေချင်လို့ပဲ၊ လူဆိုတဲ့သတ္တဝါဟာ အားကိုးရာမဲ့နေတဲ့အခါမှသာ ကိုယ်စွမ်းကိုယ်စတွေ ထွက်လာတတ်တယ်၊ ကိုယ့်ဒူးကိုယ်ချွန်ဖို့ ဘုရားဟောထဲက မိမိကိုယ်သာ ကိုးကွယ်ရာတို့ဆိုတာ အဲဒီသဘောပဲ"

ဟု ပြောလေ၏။

ထိုအခါ ငွေတိုးက ဆက်၍

"ပြီးတော့ အမေရဲ့ထူးဆန်းတဲ့အကြောင်းတစ်ခု ရှိသေးတယ်ဗျ၊ တစ်နေ့မှာ စာတိုက်စာရေးကြီးမိန်းမက အမေ့အပေါ်မှာ သူသိချင်နေတဲ့ ဥစ္စာစောင့် ဟုတ်မဟုတ်ဆိုတဲ့ မေးခွန်းကို အောင့်မထားနိုင်တော့ဘဲ မမြဲတာလေးရယ် ညည်းအသုံးလိုတဲ့အချိန်မှာ ငါ့ကို ရွှေမကျည်းတောင့်ကလေးတွေ ထုတ်ပေးပြီး ရောင်းခိုင်းတယ်၊ အဲဒီလိုဆိုရင် ညည်းဟာ သိုက်ထဲက ဥစ္စာစောင့်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေများလားလို့ မေးမိတယ်၊ အဲဒီတော့ အမေက ရွှေမကျည်းတောင့်ကလေးတွေဟာ သူ ဥစ္စာစောင့်ဖြစ်လို့ ရှိနေတာ မဟုတ်ပါဘူးလို့ ရှင်းပြပြီး တစ်ထွာလောက်ရှိတဲ့ အရုပ်ကလေးတစ်ရုပ်ကို ထုတ်ပြတယ်၊ အရုပ်ကလေးဟာ ငွေရောင်လို အရောင်တောက်တောက် သတ္တုတစ်မျိုးနဲ့ လုပ်ထားပုံရတယ်တဲ့၊ ပုံသဏ္ဍာန်ကတော့ ချစ်စဖွယ်ကလေးတစ်ယောက် လှုပ်ရှားနေတဲ့ ဟန်ပန်ရှိတယ်တဲ့၊ အမေက အရုပ်ကလေးကို ခဏသာပြပြီး ချက်ချင်း ပြန်သိမ်းလိုက်တဲ့အတွက် တာရေးကြီးမိန်းမက အရုပ်ကလေးဟာ သူ့တစ်သက်မှာ တစ်ခါမှ မြင်ခဲ့ဘူးခြင်း မရှိတဲ့ ထူးထူးဆန်းဆန်း ပုံသဏ္ဍာန်မျိုးဆိုတာပဲ မှတ်မိလိုက်တယ်တဲ့'' ဟုပြောလေရာ ဦးပေတုလူက စကားဖြတ်၍

''ဪ အဲဒီအရုပ်ကိုလည်း တော်တော်စိတ်ဝင်စားနေပြီ၊ အရုပ်ကလေးနဲ့ ရွှေမကျည်းတောင့်တွေက ဘယ်လိုဆက်စပ်နေလို့လဲ'' ဟုမေးမြန်းလေ၏။

ထိုအခါ ငွေတိုးက

''အမေက အဲဒီအရုပ်ကလေးကို ထုတ်ပြပြီး တာရေးကြီးမိန်းမကို အဲဒီအရုပ်ကလေးကြောင့် ဒီလို ရွှေမကျည်းတောင့်တွေရပြီး မပူမပင်နေထိုင်နိုင်တာပဲလို့ အပြောပေးတယ်၊ ဒါပေမဲ့ အမေ





သေဆုံးတဲ့အခါမှာ အရုပ်ကလေးကော ရွှေမကျည်းတောင့်တွေကော ငွေဆိုလို့လည်း မြူးတစ်ပြားတောင် မတွေ့ရဘူးတဲ့၊ အဲဒါတွေက မထူးဆန်းဘူးလားဗျာ'' ဟုပြောလေ၏။ ထိုအခါ ဦးပေတလူက

''လူတိုင်း လူတိုင်းရဲ့ ဘဝနောက်ကြောင်းမှာ ထူးခြားဆန်းကြယ်မှုတွေ ရှိနေတတ်တာပါပဲကွာ'' ဟု ထောက်ခံလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေတိုးတို့သည် မီးရထားဖြင့် လိုက်ပါလာရာ ညနေစောင်း အချိန်တွင် လမ်းဘူတာတစ်ခုတွင် ရထားသည် ရပ်တန့်လေ၏။ ထိုအခါ ဦးပေတလူက ငွေတိုးကို

"တဲ့ ကောင်လေးရေ တို့ ဒီမှာပဲ ဆင်းကြမယ်ကွ"

ဟု ဆိုလေ၏။ ငွေတိုးက

"ဘာလဲ ဦးပေတလူက ဈေးထဲမှာ လိုက်ပြီး နိမ္မာန် ဆော် လုပ်ဦးမလို့လား"

ဟု မေးမြန်းလိုက်ရာ ဦးပေတလူက

"အဲဒီအလုပ်က အမြဲတမ်းတော့ မဟုတ်ပါဘူးကွာ၊ ဝို





ရင်ထဲမှာ အတွေးတွေ ပြည့်ကြပ်လာရင်သာ ဖွင့်ထုတ်တတ်တာပါ။ မင်းကို တစ်နေရာကို ခေါ်သွားမလို့ကွ"

ဟု အဖြေပေးလေ၏။ ငွေတိုးလည်း ရထားပေါ်မှဆင်း၍ ဦးပေတလူနှင့် အတန်ကြာမျှ သွားလာလေရာ လွန်စွာစုတ်ချာလှ သည့် ရပ်ကွက်တစ်ခုသို့ ရောက်လာ၏။

ထိုနေရာတွင် ရပ်ကွက်က စုတ်ချာလှသလို နေထိုင်သူ များကလည်း ရိုင်းစိုင်းကြမ်းတမ်း ဟန်ရှိ၏။ ဦးပေတလူက သွားလာရင်းမှ ငွေတိုးကို

"ဒီရပ်ကွက်ကို မင်းမနိုင်ရပ်ကွက်လို့ အမည်ပေးထား တယ်ကွ၊ လူတွေကလည်း စရိုက်ကြမ်းသလား မမေးနဲ့၊ သူတို့ အချင်းချင်း ရိုးရိုးတန်းတန်း စကားပြောရင်တောင် စတားဆယ် ခွန်းမှာ ငါးခွန်းလောက်က ဆဲဆိုပြီး ပြောကြတာကွ၊ အရွယ်ရောက် ပြီး ယောက်ျားကလေးတစ်ယောက်ဟာ ရန်ပွဲတွေကို အနည်းဆုံး တော့ သူ့ရဲ့သက်စေ့ထက်မကအောင် ဆင်နွှဲဘူးတယ်၊ မိန်းမ အရက်နဲ့ လောင်းကစားမှုမှန်သမျှလည်း ရှိတယ်ကွ"

ဟုပြောလေ၏။

ငွေတိုးကမူ ဦးပေတလူကို ဘာမျှမေးမြန်းခြင်း မပြုတော့ ဘဲ သူ့ကို ဘာကြောင့်များ ထိုကဲ့သို့နေရာမျိုးကို ခေါ်ဆောင်လာ



www.burmeseclassic.com

www.burmeseclassic.com



ရသည် မသိဟု စဉ်းစားရင်း လိုက်ပါလာ၏။

ဤသို့ဖြင့် ရပ်ကွက်ကလေး၏အစွန်းအပျားသို့ ရောက်လာရာ ရေကန်ကြီးတစ်ကန်ကို တွေ့ရ၏။ ရေကန်နဘေးတွင်လည်း တဲအိမ်ကလေးများ ဟိုတစ်စုသည်တစ်စု ရှိနေလေ၏။ တဲအိမ်စုကလေးတစ်ခုရှေ့သို့ ရောက်သျှင် ဦးပေတလူက

"တို့ ဒီမှာ တည်းခိုရမယ်ကွ"

ဟု ငွေတိုးကို ပြောလေ၏။ တဲကလေးများမှာ မြေစိုက်တဲကလေးများ ဖြစ်၏။

ငွေတိုးသည် တဲကလေးတစ်ခုအတွင်းမှ မြင်ကွင်းကိုမြင်တွေ့လိုက်ရလေရာ မျက်လုံးပြူးသွား၏။

တဲအတွင်း၌ မျက်နှာကို လွန်ကဲစွာချယ်သထားသော မိန်းကလေးသုံးလေးဦး ရှိလေ၏။ ထိုမိန်းကလေးများမှာ မည်ကဲ့သို့သူများဖြစ်ကြောင်း ငွေတိုးက ချက်ချင်းပင် ရိပ်မိလိုက်ပြီး ဦးပေတလူကို

"ဒီ အပျော်မယ်တွေ မဟုတ်လား"

ဟု မေးမြန်းလေ၏။

ဦးပေတလူက ခေါင်းညိတ်၍ တဲတစ်လုံးချင်းကို လက်ညှိုးညွှန်ကာ





"ဟုတ်တယ် . . ဒီတဲမှာ အပျော်မယ်တွေနေတယ်၊ သူနဲ့ကပ်လျက်က ဘိန်းခန်းဖွင့်ထားတဲ့နေရာပဲ၊ ဟိုဘက်က လောင်းကစားဝိုင်း . . ဟိုးအစွန်ဆုံးကတော့ အရက်ချက်တဲ့ဖိုနဲ့ တွဲထားတဲ့ အရက်ပုန်းဆိုင်ပဲ"

ဟု အဖြေပေးလေ၏။ ထိုအခါ ငွေတိုးက စိတ်ပျက်ဟန်ဖြင့်

"ဦးပေတလူ ကျုပ်ကို ဘာကြောင့် ဒီလိုနေရာမျိုးကို ခေါ်လာရတာလဲ" ဟု မေးမြန်းလေရာ ဦးပေတလူက အဖြေမပေးဘဲ ရယ်မော၍

"ဟဲ . . ဟဲ မင်း ငါ့ကိုယုံကြည်လို့ လိုက်လာတာ မဟုတ်လား၊ အဲဒီတော့ ဘာမှမမေးပါနဲ့တော့ကွာ၊ မင်းကို ခဏ ဒီနေရာမှာထားမလို့ ခေါ်လာတာကွ၊ နောက်တစ်လတိတိကြာရင် ငါပြန်လာခဲ့မယ်" ဟု ပြောလေ၏။

ငွေတိုးက မျက်လုံးပြူးသွားပြီး

"ကျုပ်က ဒီမှာနေရမယ်၊ ဦးပေတလူက ကျုပ်ကိုထားပြီး ထွက်သွားဦးမယ်၊ ကျုပ်က ဦးပေတလူဆီက အတွေးအခေါ်တွေ ဗဟုသုတတွေ လိုချင်လို့ လိုက်လာတာပါ"

ဟုဆိုလေရာ ဦးပေတလူက ငွေတိုး၏ပခုံးပေါ် လက်



www.burmeseclassic.com

www.burmeseclassic.com



တင်၍

"ဘာမှ ထွေထွေထူးထူး စဉ်းစားမနေပါနဲ့ကွာ၊ ဒါဟာ မင်းအတွက် လိုအပ်လို့ လုပ်တာပါ" ဟုပြောလေ၏။ ငွေတိုးက အတန်ကြာမျှ ငြိမ်သက်သွားပြီး ဆုံးဖြတ်ချက်ချကာ

"ကောင်းပြီလေ ကျုပ် ဦးပေတလူကို ယုံကြည်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်ကတော့ အဆင်သင့်ပဲ" ဟုပြောလိုက်တော့၏။

ဦးပေတလူက ငွေတိုးကို မကောင်းမှုမျိုးစုံရှိနေသည့် တဲစုကလေးအစွန်ရှိ အရက်ဗိုမှ လူတစ်ယောက်ထံ အပ်နှံလေ၏။

ထိုသူသည် ပုကွကွဂင်တိုတိုနှင့် လွန်စွာမည်းနက်လှသော အသားအရောင်ရှိ၏။ ထိုသူကို ဦးပေတလူက

"နက်ကျော်ကြီး သူက ငွေတိုးလို့ခေါ်တယ်ကွ၊ သူဟာ ဒီမှာ တစ်လလောက် နေလိမ့်မယ်"

ဟု ပြောလေရာ နက်ကျော်ကြီးက ငွေတိုးကို စေ့စေ့စပ်စပ်ကြည့်၍

"ပုံကတော့ သွက်လက်ဖျတ်လတ်မဲ့ပုံပဲ၊ မင်းပုံစံနဲ့ဆို တိုဘက်က ဒေါ်ညိုမကြီးအိမ်မှာရှိတဲ့ ကောင်မလေးတွေ ဝိုင်းလိုက်





မှာ မြင်ယောင်သေးတယ်၊ ဟဲ . . ဟဲ မင်းဟာ ဦးပေတလူခေါ်လာတဲ့လူဆိုတော့ ဒီမှာ (၁)လ မဟုတ်ဘူး၊ ကြိုက်သလောက် နေနိုင်တယ်၊ နေတယ်ဆိုရင်လည်း လွတ်လွတ်လပ်လပ်သာ နေပေတော့၊ အချိန်တန်ရင် စားဖို့သောက်ဖို့ ငါတာဝန်ယူနိုင်တယ်၊ မင်းအတွက် ဒီနေရာမှာ စည်းကမ်းတို့ ဥပဒေတို့ဆိုတာ မရှိဘူး၊ တစ်ခုတော့ ရှိတယ်၊ ကိုယ့်အန္တရာယ်တော့ ကိုယ်ကြည့်ရှောင်ပေါ့"

ဟု ဆိုလေ၏။

ဦးပေတလူနှင့် နက်ကျော်ကြီးသည် တစ်စုံတစ်ရာ ပတ်သက်မှု ရှိဟန်တူ၏။ နက်ကျော်ကြီးက ဦးပေတလူကို လေးလေးစားစား ဆက်ဆံသည်ကိုလည်း တွေ့ရ၏။

နက်ကျော်ကြီးက ငွေတိုးကို အရက်ဗိုနှင့်တွဲလျက် အဖီထိုးထားသည့် အထဲ ကွပ်ပျစ်တွင် နေရာပေး၏။

ဦးပေတလူလည်း ညပင်မအိပ်ဘဲ ထွက်ခွာသွား၏။ ငွေတိုးသည် ဦးပေတလူ၏အပြုအမူများကို စဉ်းစားရင်း

"ဒီလူကြီးလည်း တော်တော်ထူးဆန်းတာပဲ"

ဟု တီးတိုးရေရွတ်မိလေ၏။

နက်ကျော်ကြီး၏အရက်ဗိုနှင့် အရက်ဆိုင်တွင် လုပ်ကိုင်သော အလုပ်သမားလေးငါးဦးခန့် ရှိ၏။ အရက်သောက်သူနှ ငါး



www.burmeseclassic.com

www.burmeseclassic.com



ခုံအချို့ကို တဲအပြင် မြေပြောင်ပြောင်၌ ခင်းကျင်းထား၏။

ညမှောင်လာလျှင် ဂျင်းတဲစုကလေးသည် လူပ်ရှားအသက်ဝင်လာ၏။ ကညင်ဆီမီးတိုင်များကိုလည်း ထွန်းညှိထားလေရာ ပွဲဈေးတန်းပမာ စည်ကားနေ၏။

အချို့သူတို့သည် ဒေါ်ညိုကြီး၏အိမ်မှ မိန်းကလေးများနှင့် ပျော်ပါးကြ၏။ အချို့သည် လောင်းကစားအိမ်သို့ ရောက်၏။ အချို့သည် ဘိန်းခန်းသို့ဝင်၏။

အရက်ဆိုင်တွင်လည်း မူးယစ်သောက်စားကာ အော်တစ်သံများဖြင့် ဆူညံနေပေပြီ။ ထိုမြင်ကွင်းများကို တစ်နေရာမှ ကြည့်ရှုနေသော ငွေတိုးထံသို့ နက်ကျော်ကြီး ရောက်လာပြီး

"ကောင်လေး မင်းကို ငါပြောပြီးပြီနော်၊ ဒီမှာ ကြိုက်သလိုလုပ်လို့ ရတယ်ကွ၊ ငွေလိုရင်လည်း ငါ့ဆီက အချိန်မရွေးလာယူကွာ၊ ဝါသနာပါရင် လောင်းကစားဝိုင်းဘက်မှာ သွားပြီးကံစမ်းပါလား"

ဟုပြောလေ၏။ ငွေတိုးက ခေါင်းကိုခါရမ်း၍

"လောင်းကစားကို ကျုပ် ဝါသနာမပါ ပါဘူးဗျာ"

ဟုပြောလိုက်ရာ နက်ကျော်ကြီးက မျက်မှောင်ကြုတ်၍

"လောင်းကစားကို ဝါသနာမပါရင် ဒေါ်ညိုအိမ် သွားပါ





လားကွ၊ အဲဒီမှာ တောင့်တောင့်ဖြောင့်ဖြောင့်ကလေးတွေချည်းပဲ၊ ပြီးရင် ဘိန်းခန်းထဲဝင်ပြီး ဇိမ်ယူလို့လဲရတာပဲ၊ ဒါမှမဟုတ်ရင့်လဲ ငါ့ဆိုင်မှာ ကြိုက်သလိုသောက်လို့ရတယ်ကွာ၊ ဒီမှာ မင်းက ခြောက်လတောင်နေရာမှာ မဟုတ်လား။ ကြာရင် မင်းပျင်းနေလိမ့်မယ်ကွ"

ဟု ပြောလေ၏။ ငွေတိုးက ခေါင်းယမ်းပြန်ကာ

"ရပါတယ် ကျုပ်နေတတ်ပါတယ်"

ဟု ဆိုပြီး နက်ကျော်ကြီးနှင့်ခွဲ၍ ကန်ပေါင်ရိုးပေါ်တွင် လမ်းလျှောက်လာခဲ့၏။

ကောင်းကင်တွင် လသာနေသောကြောင့် ထိုနေရာသို့ ရောက်လျှင် ငွေတိုးသည် စိတ်လက်ပေါ့ပါးသွားသလို ခံစားရ၏။ ကန်ရေပြင်ကလည်း ကြည်လင်လှ၏။ ငွေတိုးသည် ကန်စောင်းတွင် မြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး

"အင်း ငါ မြို့က ထွက်လာမိတာ မှားပြီထင်တယ်၊ ဦးပေတလူက ဘယ်လိုလူကြီးလဲ၊ ငါ့ကို ဒီလိုမကောင်းမှုမျိုးစုံရှိတဲ့နေရာမှာ ထားခဲ့တာ ဘာအဓိပ္ပါယ်လဲ မသိဘူး။ ဒီလူကြီးကတော့ အကြောင်းမရှိဘဲနဲ့တော့ ဒီလိုမလုပ်နိုင်ပါဘူး"

ဟု သူ၏အခြေအနေကို အပြန်ပြန်အလှန်လှန် စဉ်းစားတွေးတောနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် ကန်ပေါင်အတိုင်း သူ့ဘက်သို့ ဦးတည်ပြေးလွှားလာသော လူနှစ်ယောက်ကို လရောင်ဖြင့် အထင်းသားတွေ့ရ၏။

လူနှစ်ယောက် ပြေးလွှားလာသည်ဟု ဆိုသော်လည်း တစ်ဦးက ရှေ့မှ အသက်လု၍ပြေးလွှားကာ နောက်မှတစ်ယောက်က လိုက်လံဖမ်းဆီးဟန်ရှိ၏။

သို့သော် ထိုသူနှစ်ဦးသည် သူနှင့် မလှမ်းမကမ်းတွင် လုံးလားထွေးလား ဖြစ်သွား၏။ ထိုသူများသည် ငွေတိုးကို မြင်တွေ့ဟန်မတူချေ။

ထိုသူနှစ်ဦးထဲမှ ယောက်ျားကြီးတစ်ယောက်က ကျန်သူကို လုံးထွေးရင်းမှ ရိုက်နှက်တိုက်ခိုက်လိုက်သောကြောင့်ခံလိုက်ရသူသည် အော်ပင်မအော်နိုင်ဘဲ ကန်ရေပြင်ထဲသို့ ဝုန်းခနဲထိုးချသွားသည်ကို တွေ့ရ၏။

ထိုအခါ ယောက်ျားကြီးက ကန်ပေါင်ပေါ် ခါးထောက်၍ ခပ်အုပ်အုပ်ရယ်မောကာ

"ကောင်းတယ် . . ဒီလောက်ခေါင်းမာနေတာ၊ ဟောဒီကန်ထဲမှာ ရေနစ်သေလည်း အေးတာပဲ"ဟု ပြောလိုက်၏။

ပြီးလျှင် ထိုသူသည် လာရာလမ်းအတိုင်း၊ လှည့်၍ပြေး





လွှားသွားတော့၏။ ထိုအခါမှပင် ငွေတိုးလဲ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

သူသည် ရေထဲထိုးကျသွားသူထံသို့ အပြေးအလွှားရောက်လာ၏။ ထိုသူသည် ကန်စပ်တွင် ကိုယ်တစ်ပိုင်းတင်၍ခေါင်းမှာ ရေပြင်နှင့်မျက်နှာအပ်လျက် ရှိ၏။

ရင်းသည် သတိလစ်လျက်ရှိဟန်တူကာ မကြာမီတွင် ရေမွန်းသည့်ဒဏ်ဖြင့် သေဆုံးနိုင်၏။ ငွေတိုးက ထိုသူကို ပွေ့ထန်ပြင်၍ ကြည့်ရှုလိုက်ပြီး

"တိုက် ကောင်မလေးပါလား"ဟု ရေရွတ်မိလေ၏။

မိန်းကလေးသည် ငွေတိုးနှင့် သက်တူရွယ်တူခန့် ရှိလေ၏။ ကန်ပေါင်ပေါ်ရောက်လျှင် ငွေတိုး၏လက်ထဲမှ မိန်းကလေးသည် တအင်းအင်းနှင့် ညည်းညူပြီး သတိရလာ၏။

ထိုအခါ ငွေတိုးက မိန်းကလေးကို အသာအယာပင်မြေပြင်သို့ချလိုက်ပြီး

"ဟော့ . . သတိရပြီလား၊ ကျုပ်ကို မင်းတို့အဖြစ်အပျက်တွေကို တွေ့လို့ မင်း၊ကို ရေထဲက ဆယ်လာတာပါ"ဟု ပြောလေရာ မိန်းကလေးသည် ကောင်းမွန်စွာ သတိရလာသောကြောင့်အားတင်း၍ ထိုင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအသက်ကိုကယ်တာ ကျေးဇူးတင်ပါတယ်"ဟု ဆိုကာ ငွေတိုးကို သေချာစွာကြည့်ရှုပြီး

"ရှင်က ကိုနက်ကျော်ကြီးအရက်ဆိုင်မှာနေတဲ့ ငွေတိုး မဟုတ်လား"ဟု မေးလေ၏။

ငွေတိုးကို မျက်ခုံးနှစ်ဖက်မြင့်တက်သွားကာ

"မင်းက ကျုပ်ကို သိနေပါလား"

ဟု ရေရွတ်မိ၏။ ထိုအခါ မိန်းကလေးက ရုတ်တရက် တရှုံ့ရှုံ့ငိုကြွေးလိုက်ပြီး

"ကျွန်မက ဒီတဲစုကလေးမှာပဲ နေတာပါ၊ ကိုနက်ကျော်ကြီးဆီ ရောက်နေတဲ့ ညီ့သည်ကို သိနေတာ မဆန်းပါဘူး။ ကဲ ရှင်လည်း သွားပါတော့၊ ကျွန်မကတော့ ဒီအရပ်ဒေသမှာ ဆက်နေလို့ မဖြစ်တော့ဘူး ထင်တယ်၊ ဒီမှာ ဆက်နေရင် ဟိုလူယုတ်မာ မျိုးမြင့်ဆိုတဲ့ ကုလားဒိန်ရဲ့ နှိပ်စက်တာကို ခံနေရဦးမှာပဲ"ဟု ပြောလေ၏။

ငွေတိုးက မိန်းကလေးကိုကြည့်၍ သက်ပြင်းချကာ

"ကျုပ်အထင်တော့ မင်းဟာ ဒေါ်ညိုကြီးအိမ်က မဟုတ်လား"ဟုဆိုလေရာ မိန်းကလေးက နှုတ်ခမ်းကိုကိုက်၍

"ဟုတ်ပါတယ် . . အဲပေမဲ့ ကျွန်မရဲ့ဘဝပေးက နုံချာ





လွန်းလို့ ဒီဘဝကို မရောက်ချင်ဘဲ ရောက်နေရတာပါ။ ဒီမှာနေရတာ ကျွန်မအတွက် တစ်နေ့မှ မပျော်ရွှင်တဲ့အပြင် ကျွန်မရဲ့အားနည်းချက်တစ်ခုကို အခွင့်ကောင်းယူပြီး အနိုင်ကျင့်နေတဲ့ မျိုးမြင့်ရဲ့ဒဏ်ကိုလည်း ခံနေရတာပါ"ဟု တိုးညှင်းစွာ ပြောလေ၏။ ထိုအခါ ငွေတိုးက

"မျိုးမြင့်ဆိုတဲ့ ကုလားဒိန်က မင်းကို ဘာကြောင့် အနိုင်ယှနှောင့်ယှက်နေတာလဲ" ဟု မေးမြန်းလေရာ မိန်းကလေးက မျက်ရည်စများကို သုတ်ကာ

"ဒီအချိန်ရောက်မှ မထူးတော့ပါဘူး ကျွန်မ ဖွင့်ပြောပါ့မယ်၊ ကျွန်မ ဒီဘဝကို မရောက်ခင်က လူရှုပ်လူပွေတစ်ယောက်ရဲ့ အမြှပြုကျင့်မှုကို တွန်းလှန်ရင်း အဲဒီလူရဲ့အသက်ကို သတ်လိုက်မိတယ်၊ အဲဒါကို မထင်မှတ်ဘဲ မျိုးမြင့်က သိသွားခဲ့တယ်၊ အဲဒီမှာ မျိုးမြင့်ဟာ သူ့အနေနဲ့ ကျွန်မကို လူသတ်မှုနဲ့ ပုလိပ်လက်ထဲကို အပ်လို့ရတယ်လို့ ခြိမ်းခြောက်ပါတယ်၊ အဲ့နဲ့ ကျွန်မလည်း ဇာတိရပ်ရွာက ထွက်ပြေးလာရင်း ကံဆိုးစွာနဲ့ ဒေါ်ညိုကြီးနဲ့ တွေ့ခဲ့တယ်၊ နောက်ဆုံးတော့ အားကိုးရာမဲ့နေတဲ့ ကျွန်မဟာ ဘာလုပ်လို့ဘာကိုင်ရမှန်း မသိဘဲ ဒီဘဝကိုရောက်လာရတော့တာပဲ၊ အဲဒီလိုနဲ့ မကြာခင်မှာပဲ မျိုးမြင့်ဟာ ကျွန်မ ဒီမှာ ရှိနေတာကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တယ်၊ သူ့ကို ကျွန်မ ဘယ်လိုမှ မတွန်းလှန်နိုင်ပါဘူး။ သူ့အလိုကျ ပြုစုရပြီး ကျွန်မရဲ့ခန္ဓာနဲ့ ရင်းပြီး ရလာတဲ့ ငွေကြေးကလေးတွေကို ခေါင်းပုံဖြတ် သိမ်းပိုက်ပါတယ်၊ အခုညလည်း ကျွန်မက မျိုးမြင့်နောက်ကိုလိုက်လာပြီး သူလိုအပ်သမျှ ငွေကြေးကို မပေးနိုင်တဲ့အတွက် သူ့ရဲ့ရိုက်နှက်မှုကို ခံရတယ်၊ ကျွန်မလည်း မခံနိုင်တဲ့အတွက် ထွက်ပြေးလာခဲ့တာပဲ၊ မျိုးမြင့်ရဲ့ ရက်စက်မှုကတော့ ရှင်မြင်တဲ့အတိုင်းပါပဲ'' ဟု အဖြေပေးလေ၏။

ငွေတိုးသည် မိန်းကလေး၏စကားကို နားထောင်၍ သွေးများဆူပွက်လာသလို ခံစားရ၏။ လောကကြီးတွင် ဤကဲ့သို့ မတရားမှုများကို နည်းမျိုးစုံဖြင့် ခံစားနေရသည့် မိန်းကလေးများ ဘယ်လောက်တောင် ရှိနေမည်လဲ မသိ၊ ငွေတိုးသည် အံကြိတ်လိုက်ပြီး

''ကိုယ်လုပ်နေတဲ့အလုပ် မကောင်းမှန်းသိပြီး မနှစ်မြို့ဘဲ လုပ်နေရတာနဲ့စာရင် လူသတ်မှုနဲ့ အပမ်းခံရတာကမှ ကောင်းလိမ့်ဦးမယ်'' ဟု ရေရွတ်လိုက်ကာ မိန်းကလေးကို

''မင်းရဲ့မိဘဆွေမျိုးတွေ မရှိတော့ဘူးလား''

ဟု မေးမြန်းလေ၏။ ထိုအခါ မိန်းကလေးက

''ကျွန်မနေထိုင်တဲ့ရွာမှာ မိဘဆွေမျိုးတွေ ရှိပါတယ်၊





မျိုးမြင့်နဲ့ ကျွန်မကလည်း တစ်ရွာတည်းသားတွေပါ၊ အခုတော့ မျိုးမြင့်က ကန်ဟိုဘက်ခြမ်းမှာရှိတဲ့ လူဆိုးလူမိုက်တွေနဲ့ ပေါင်းနေတယ်၊ ကျွန်မကို အနီးကပ်နှိပ်စက်ရအောင် ဒီမှာနေတာဖြစ်မှာပေါ့''

ဟု အဖြေပေးလေ၏။ ငွေတိုးက မိန်းကလေးကို စေ့စေ့ကြည့်၍

''မင်းပုံစံကြည့်ရတာ ဘာမှလုပ်တတ်ကိုင်တတ်ပုံ မရဘူး၊ မင်းကို ကျုပ်တစ်ခုပြောမယ်၊ မျိုးမြင့်ကိုကြောက်ပြီး မင်းဒီက ထွက်သွားလည်း နောက်တစ်နေ့ရာကိုရောက်ရင် ဓနောက်ထပ် အန္တရာယ်တွေနဲ့ တွေ့ဦးမှာပဲ၊ ပြီးတော့ ဒီလောကထဲ ပြန်ရောက်မှာပဲ၊ မင်း အခု ဒေါ်ညိုကြီးအိမ်ကို ပြန်သွားပါ၊ မကြာခင်ရက်ပိုင်းအတွင်းမှာ ငါအရောက်လာခဲ့မယ်၊ မင်းအတွက် တစ်ခုခုတော့ ငါလုပ်ပေးနိုင်လိမ့်မယ် ထင်တယ်''

ဟုပြောလိုက်လေရာ မိန်းကလေးက

''ရှင် ကျွန်မအပေါ် စေတနာထားတာ ကျေးဇူးတင်ပါတယ်၊ ကျွန်မကိစ္စက ရှုပ်ထွေးနေတာပါ၊ ဘယ်လိုမှ ဖြေရှင်းလို့ရမယ် မထင်ဘူး၊ ဒါပေမဲ့ ရှင့်ဆန္ဒအတိုင်း ဒေါ်ညိုကြီးအိမ်ကို ပြန်ပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ငွေတိုးကိုနှုတ်ဆက်၍ ထွက်ခွာသွားလေ၏။ ငွေတိုးက တရွေ့ရွေ့ ထွက်ခွာသွားသော မိန်းကလေး၏နောက်ကျောကို တွေတွေကြီးစိုက်ကြည့်၍

''ဒီမိန်းကလေးဟာ ဘဝရဲ့အရှုပ်အထွေးကြားထဲမှာ လမ်းပျောက်နေတာပဲ၊ ဒါကြောင့်လဲ သူ့ဘဝရဲ့ဇာတ်သိမ်းဟာ ဘယ်လိုမှ လှပလာမှာ မဟုတ်ဘူး။ ပြီးတော့ အားနည်းသူကိုမှ ရွေးပြီး အနိုင်ကျင့် ဒုက္ခပေးတတ်တဲ့ မျိုးမြင့်လိုလူမျိုးတွေကလည်း ရှိသေးတယ်၊ ဒီလိုအဖြစ်မျိုး ငါ့ရှေ့မှာ မြင်တွေ့နေရတာ ငါဘယ်လို လုပ်ပြီး ရှောင်လွဲသွားနိုင်မလဲ၊ တုတ်တယ် . . မိန်းကလေးကို ငါ အတတ်နိုင်ဆုံး ကူညီရမယ်''

ဟု ဆုံးဖြတ်လိုက်လေ၏။





ငွေတိုးသည် မိန်းကလေးကို လွှတ်လိုက်ပြီးနောက် သူလည်း နတ်ကျော်ကြီး၏တဲသို့ ပြန်ရောက်လာ၏။

နတ်ကျော်ကြီးသည် အရက်ဆိုင်တွင် အလုပ်ရှုပ်နေ၏။ ငွေတိုးက လူအနည်းငယ်ပါးလျှင် နတ်ကျော်ကြီးကို

''ခင်ဗျား ကန်ဟိုဖက်ခြမ်းမှာနေတဲ့ မျိုးမြင့်ဆိုတဲ့ ကုလားဒိန်ကို သိသလား''

ဟု မေးမြန်းလိုက်၏။ နတ်ကျော်ကြီးက ငွေတိုးကို ကြည့်၍ မျက်မှောင်ကြုတ်ကာ

''ကောင်လေး မင်း တစ်ခုခု ဖြစ်လာပြီထင်တယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘာဖြစ်လာသလဲဆိုတာ ငါမမေးတော့ပါဘူး၊ ဒီနေရာမှာ မင်းလုပ်ချင်ရာလုပ်လို့ ငါပြောထားတာပဲ၊ မျိုးမြင့်ကို ငါ ကောင်းကောင်းသိတယ်၊ အဲဒီကောင်တာ ခေါ်ညိုကြီးအိမ်က ကောင်မလေး တစ်ယောက်နဲ့ တော်တော်ရင်းနှီးတယ်။ သူက ကန်တိုဖက်ခြမ်းမှာ ရှိတဲ့ သူဌေးဦးဘကျော်နားမှာ ကပ်ရပ်ပြီး စားနေတဲ့ကောင်ကွ၊ သူဌေး ဦးဘကျော်ဆိုတာကလည်း ငွေတိုးချေးတာ၊ လောင်းကစားဝိုင်းထောင်တာတွေနဲ့ ကြီးပွားနေတာပေါ့၊ ဦးဘကျော်အနားမှာလည်း မျိုးမြင့်လို လူမိုက်လိုလို ဘာလိုလိုကောင်တွေ အများကြီးပေါ့ကွာ၊ မင်း မျိုးမြင့်ကို တွေ့ချင်ရင်တော့ ဦးဘကျော်အိမ်ကို သွားပေတော့”

ဟု လမ်းညွှန်လေ၏။ ငွေတိုးက နက်ကျော်ကြီး၏ စကားဆုံးလျှင်

“ဒီနေရာပတ်ဝန်းကျင်က လူတွေဟာ ဒီအလုပ်တွေပဲ လုပ်ကိုင်စားနေကြတာပါပဲလား”

ဟု ရေရွတ်လိုက်ရာ နက်ကျော်ကြီးက တဟားဟားအော်တစ်ရယ်မော၍

“အဲဒါ မျက်နှာဖြူအစိုးရက သေသေချာချာ မနှိမ်နင်းလို့ပေါ့ကွ၊ သူတို့အုပ်ချုပ်ရေးကို မထိခိုက်ရင် ဘယ်လိုကိစ္စမဆို မျက်





နှာလွှဲထားမှာပဲ၊ အဲဒီအတွက် မျက်နှာဖြူအစိုးရရဲ့ လက်ကိုင်တုတ်တွေ ကောင်းစားနေတာပေါ့၊ ငါတို့အနေနဲ့ အဲဒီလက်ကိုင်တုတ်တွေကို ထောက်ပံ့ကြေး မှန်မှန်ပေးနေရင် ကြိုက်တာလုပ်လို့ရတယ်ကွာ၊ ဒါတွေဟာ နေရာတကာမှာ ရှိတယ်၊ အဲဒီလိုစနစ်ဆိုးကြောင့် မတရားမှုတွေ ဖိနှိပ်ချုပ်ချယ်မှုတွေကို လူတွေ လိုမ့်ပြီး ခံနေကြရတာပေါ့၊ မင်းအနေနဲ့ လောကကြီးထဲ ဒီထက်ပိုပြီး ခြေဆန့်ကြည့်ရင် ဒီထက်ပိုပြီး သိလာမှာပါ”

ဟု ပြောလေ၏။

ထို့နောက် ငွေတိုးသည် နက်ကျော်ကြီး လမ်းညွှန်လိုက်သည့်အတိုင်း ကန်ဘောင်ပေါ်သို့ ရောက်လာပြန်၏။

ကန်ဘောင်အတိုင်း တစ်ကွေ့တစ်ပတ်ကြီး လျှောက်လိုက်လျှင် တစ်ဖက်ခြမ်းတွင် ထီးထီးကြီး ရှိနေသည့် ဦးဘကျော်၏ နှစ်ထပ်အိမ်ကြီးကို တွေ့ရမည်ဟုဆို၏။

ဤသို့ဖြင့် ငွေတိုးသည် ကန်ဘောင်တစ်ဖက်သို့ ရောက်၍ ထိုနေရာမှ လှမ်းမျှော်ကြည့်လေရာ မီးရောင်ထိန်ထိန်ဖြင့် ခြံဝင်းကျယ်ကြီးတစ်ခုအတွင်းမှ ဦးဘကျော်၏ နှစ်ထပ်အိမ်ကြီးကို အထင်းသားတွေ့ရ၏။

အိမ်ကြီး၏အပေါက်ဝသို့ရောက်လျှင် ရုပ်ရည်ကြမ်းတမ်း



www.burmeseclassic.com

www.burmeseclassic.com



ခက်ထန်ဟန်ရှိသော လူနှစ်ယောက်က ငွေတိုးကို တားဆီးလေ၏။ ထိုအခါ ငွေတိုးက လေသံအေးအေးဖြင့်

"တစားဝိုင်းမှာ လောင်းကစားဖို့လာတဲ့ ဧည့်သည်ကို ဒီလိုပဲ ကြိုဆိုရသလားဗျာ"

ဟု ပြောလေရာ အစောင့်တစ်ယောက်က

"မင်းကို ငါတို့တစ်ခါမှ မမြင်ဖူးဘူး။ မင်းပုံစံကြည့်ရတာကလည်း ကြေးကြီးကြီးနဲ့ လောင်းတစားနိုင်ပုံမပေါက်ဘူး၊ အဲဒီတော့ ဒီက မြန်မြန်သာ ထွက်သွားပေတော့"

ဟု နှင်ထုတ်လေ၏။

ငွေတိုး၏ အသွင်သဏ္ဍာန်ကလည်း ချည်ကြမ်းအင်္ကျီနှင့် ရှမ်းဘောင်းဘီပွကြီးကို ဝတ်ဆင်ကာ သက္ကလပ်ဦးထုပ်တောင်းကို ဆောင်း၍ နွမ်းပါးဟန်ပေါက်နေသည် မဟုတ်ပါလား။

ထိုအခိုက်တွင် အိမ်ပေါက်ဝသို့ စုံတွဲတစ်တွဲ ရောက်ရှိလာ၏။ ထိုသူများကို မြင်တွေ့လျှင် အစောင့်နှစ်ယောက်၏ မျက်နှာများ ပြုံးရွှင်သွားပြီး ပျာပျာသလဲ ဖြစ်သွားကြ၏။

ထိုစုံတွဲသည် အသက်(၃၀)ခန့်သာ ရှိပေလိမ့်မည်။ အမျိုးသမီး၏ မျက်ဝန်းများသည် စူးရှလှ၏။ သူမ၏ သွယ်လျကျော့ရှင်းသော ကိုယ်ခန္ဓာကို အဝိုးတန်အဝတ်များဖြင့် ဆင်ယင်ထား၏။





သူမနှင့်အတူရှိနေသည့် ယောကျာ်းမှာမူ နှုတ်ခမ်းမွေးစ စ၊ မျက်ထောင့်နီနီနှင့် လွန်စွာရက်စက်မည့်ဟန် ရှိ၏။ ထိုသူတအိမ်ပေါက်ဝသို့ အမျိုးသမီးနှင့်တွဲ၍ ဟန်ပါပါ လျှောက်လှမ်းလာပြီး အစောင့်များကို

"လူစုံနေပြီလားကွ၊ ငါတို့ကိစ္စကလေး နည်းနည်းရှိလို့ နောက်ကျသွားတယ်၊ တိုင်းရေးပြည်ရေးကလည်း သိပ်မအေးချမ်းဘူး မဟုတ်လားကွ၊ တာဝန်တွေများတဲ့ကြားထဲက ဒီမှာ အပန်းဖြေရအောင် အချိန်မနည်းလုပြီး လာရတာပေါ့"

ဟု ပြောလေ၏။ ထိုအခါ အစောင့်တစ်ယောက်က ထိုသူကို ရိုသေလေးစားဟန်ဖြင့်

"ဟုတ်တာပေါ့ ဆရာရယ်၊ ဆရာတို့လို ပုလိပ်ဌာနကလူတွေကို အားကိုးပြီး ဆရာကြီးဦးဘကျော်က အလုပ်လုပ်စားနေရတာမဟုတ်လား"

ဟု ပြောလေ၏။ ထိုသို့ ပြောဆိုကြရင်းမှ နှုတ်ခမ်းမွေးစစနှင့်လူက ငွေတိုးကို မြင်တွေ့သွားပြီး တစ်ချက်မျှစောင်းငဲ့ကြည့်ကာ အစောင့်ကို

"မင်းတို့ကို သတိပေးရဦးမယ်၊ အရင်က ဒီနယ်တစ်ခွင်မှာ တော်တော်နာမည်ကြီးသွားတဲ့ 'ဘောကျိုးကန်း' ဆိုတဲ့ ဓားပြကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို မင်းတို့ သိကြတယ် မဟုတ်လား၊ သူ့ကို အင်းစိန်စီအိုင်ဒီက စုံထောက်တွေ လွှတ်ပြီး ဖမ်းခိုင်းတာတောင် မမိဘူး။ နောက်ဆုံးမှ သူ့တပည့်တစ်ယောက် သစ္စာဖောက်တာနဲ့ လက်ရဖမ်းမိပြီး ထောင်(၇)နှစ်ကျသွားတယ် မဟုတ်လား။ ဒါတောင် အင်္ဂလိပ်အစိုးရက သူ့ကို သေဒဏ်ပေးချင်တာကွ၊ တောကျီးကန်းက ဓားပြမှုတွေ ကျူးလွန်တိုင်း သဲထွန်းစမရှိအောင် ပိပိရိရိ ကျူးလွန်တဲ့အတွက် သူ့အပေါ်မှာ သက်သေသက္ကာရ သိပ်မရှိတော့ အမှုကြီးအောင် မလုပ်နိုင်ဘူးပေါ့၊ အခုတော့ အဲဒီတောကျီးကန်းဟာ နှစ်စေ့လို့ ထောင်က လွှတ်လာပြီကွ၊ သူ ဒီနယ်ဖက်မှာ ပြန်ပြီးလှုပ်ရှားဦးမလားဆိုတာ စောင့်ကြည့်ရမှာပေါ့၊ ဒါပေမဲ့ ကိစ္စတော့ မရှိပါဘူးကွာ၊ တကယ်လို့ သူ လှုပ်ရှားလာဦးမယ်ဆိုရင် ငါနဲ့တွေ့ပြီး တောကျီးကန်းဟာ တောလဒ ဖြစ်သွားလိမ့်မယ်၊ ဟား . . ဟား"

ဟု ပြောလေ၏။ အစောင့်နှစ်ဦးသည် ထိုသူ၏စကားကြောင့် မျက်စိမျက်နှာ ပျက်သွားကြ၏။

သူတို့သည် တောကျီးကန်း၏အမည်ကို ကြားရုံမျှပင် ထိတ်လန့်သွားဟန် ရှိကြ၏။ အစောင့်တစ်ဦးက

"တောကျီးကန်းဆိုတာ တကယ့်ကို လျင်မြန်ဖျတ်လတ်





ပြီး အမှုတွေကို ပိပိရိရိ ကျူးလွန်တတ်လို့ ရထားတဲ့ အမည်ပဲ၊ တောကျီးကန်းဟာ သူ့ဆွေဦးဘကျော်နဲ့ ပြဿနာရှိခဲ့ဖူးတယ်၊ သူ ထောင်ကလွှတ်လာပြီဆိုရင် သူ့ဆွေရဲ့ အလုပ်တွေကို နှောင့်ယှက်တော့မှာ ကျိန်းသေတယ်"

ဟု ဆိုလေ၏။ နတ်ခမ်းမွေးစစနှင့်လူက

"ဒါကြောင့် မင်းတို့ကို သတိပေးတာပေါ့၊ လူဝင်လူထွက်တွေကို ဂရုစိုက်ပါ၊ လူစိမ်းတွေဆိုရင် အိမ်နားတောင် အကပ်မခံနဲ့၊ တစ်ခုခုဖြစ်ရင် အရင်ဆုံး ငါ့ဆီကိုသာ အကြောင်းကြားပေ့"

ဟုပြောလေရာ အစောင့်၏အကြည့်က ချက်ချင်းပင် အနီး၌ရှိနေသော ငွေတိုးထံ ရောက်လာပြီး

"ဟေ့ကောင်လေး . . မင်းဘာရပ်လုပ်နေတာလဲ၊ ဒီက ရာဇဝတ်အုပ်ကြီး' ကိုမြဆွေပြောတာ ကြားတယ် မဟုတ်လား။ မင်း လိုလူစိမ်းကို ငါတို့လက်ခံလို့ မဖြစ်ဘူး"

ဟု ပြောလိုက်ရာ နှုတ်ခမ်းမွေးစစနှင့် ရာဇဝတ်အုပ် မြဆွေက အစောင့်များကို

"ကောင်းကောင်းပြောမရရင် မှတ်လောက်သားလောက်အောင် ရိုက်နှက်ပြီး၊ လွှတ်လိုက်"

ဟု အမိန့်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ငွေတိုးက တုန်လှုပ်ဟန်မရှိဘဲ ရာဇဝတ်အုပ်ကို မျက်လုံးချင်းဆုံအောင်ကြည့်၍

"ကျုပ်က ခရီးသွားတစ်ယောက်ပါဗျာ၊ ပါလာတဲ့ ငွေစကြေးစကလေးတွေနဲ့ ကံစမ်းရအောင် ဒီကိုရောက်လာတာပါ။ ဘာကြောင့် ကျုပ်ကို မသိမဆိုင် ရန်ပြုချင်ရတာလဲ"

ဟု ပြောလေ၏။ ထိုအခါ ရာဇဝတ်အုပ်က ဒေါသထွက်သွားဟန်ဖြင့် သူ၏ကုတ်အင်္ကျီကို လှန်၍ စလွယ်သိုင်းအိတ်ထဲမှ ခြောက်လုံးပြူးကို ထုတ်ပြကာ

"အောင်မာ . . မင်းတယ်များ၊ ငါ့ကို ခံပြောနေသေးတယ်၊ မြဆွေဆိုတာ မကြားဖူးဘူးထင်တယ်"

ဟု ခြိမ်းခြောက်လေ၏။ ရာဇဝတ်အုပ်သည် အာဏာပြ၍ ငွေတိုးကို ပုလိပ်ဌာနခေါ်ကာ အချုပ်တွင်းသို့ ထည့်မည်ဟန်ပင်ရှိ၏။

အစောင့်နှစ်ယောက်ကလည်း ငွေတိုးကို တစ်စစီဆွဲဆုတ်ပစ်မည့်တကဲကဲ ရှိနေ၏။

ထိုအခါ မည်သည့်စကားမျှ ဝင်ရောက်ပြောဆိုခြင်းမရှိသော အမျိုးသမီးက လေသံတိုးတိုးဖြင့်

"ကိုမြဆွေ"





ဟု ခေါ်လေရာ ရာဇဝတ်အုပ်လည်း ကပျာကယာပင် အမျိုးသမီးကို

"ပြောလေ . . ကို ဘာလုပ်ပေးရမလဲ"

ဟု မေးမြန်းလိုက်၏။ အမျိုးသမီးက ငွေတိုးကို လက်ညှိုးညွှန်ကာ

"သူ့ပုံစံကြည့်ရတာ လောင်းကစားဝိုင်းမှာ ရိုးရိုးသားသား လာပြီး ကံစမ်းတာ ဖြစ်မှာပါ၊ သူ့ကို ခွင့်ပြုလိုက်ပါ၊ တင်း . . တင်း . . ရှင်တို့က တောကျီးကန်းဆိုတဲ့ ဓားပြအန္တရာယ်တကြီးပြီး ကာကွယ်နေကြတယ်ဆိုပေမယ့် သူကတော့ တောကျီးကန်းနဲ့ ပတ်သက်ပုံမရပါဘူး"

ဟု ပြောလေရာ ငွေတိုးက ခေါင်းညိတ်ပြီး

"ဟုတ်ပါတယ် . . ကျုပ် တောကျီးကန်းဆိုတဲ့ အမည်ကို အခုမှ ကြားဖူးတာပါ" ဟု ထောက်ခံလိုက်၏။

ဤသို့ဖြင့် အမျိုးသမီးက ဝင်ရောက်ပြောဆိုသောကြောင့် ငွေတိုးသည် ဦးဘကျော်၏ အိမ်ထဲသို့ ဝင်ရောက်ခွင့်ရလေ၏။

အိမ်အောက်ထပ်တွင် ဖဲဝိုင်းနှင့် လေးကောင် ဂျင်ဝိုင်းများ ပြည့်နှက်ကာ လူတရုံးရုံး ဖြစ်နေ၏။ ကြေးကြီးဝိုင်းများသည် အပေါ်ထပ်တွင်ရှိ၏။



www.burmeseclassic.com

ရာဇဝတ်အုပ်နှင့် အမျိုးသမီးက အပေါ်ထပ်သို့ တက်သွား၏။ ငွေတိုးလည်း အောက်ထပ်တွင် ယောင်လည်လည်ဖြင့် ကျန်ရစ်ခဲ့၏။

ငွေတိုးသည် လောင်းကစားဝိုင်းများကြားသို့ တိုး၍ ဒေါ်ညိုကြီးအိမ်မှ ကောင်မလေးပြောသည့် ကုလားဒိန်မျိုးမြင့်ကို ရှာဖွေလေ၏။

ထိုအခါ လေးကောင်ဂျင်ဝိုင်းတွင် ငွေအလျော်အစားလုပ်နေသော အရပ်ရှည်ရှည် ပိန်ပိန်မဲမဲနှင့် ကုလားဒိန်တစ်ယောက်ကို တွေ့ရ၏။

ထိုသူကို ထိုးသားတစ်ယောက်က ကိုမျိုးမြင့်ဟု ခေါ်သံကို ကြားလိုက်ရလေရာ ငွေတိုးလည်း သူရှာဖွေနေသူကို တွေ့ရှိသွား၏။

မျိုးမြင့်သည် ထိုခေတ်က ပညာတတ်လူကုံထံများ ဝတ်ဆင်လေ့ရှိသည့် ရွှေကိုင်းမျက်မှန်ကို လူ့အထင်ကြီးစေရန် တပ်ထား၏။

မျိုးမြင့်က ဆူညံနေသော ထိုးသားများ၏ အသံကို ဖုံးလွှမ်းသွားအောင် သူ၏အသံများများဖြင့်

"ကဲ . . ကြိုက်ရာကောင်ကို ထိုးပြီးရင် လက်ရှောင်ကြ၊





ပေါက်ကောင်ဖွင့်မယ်"

ဟု အော်ဟစ်လေ၏။ ငွေတိုးကမူ ဂျင်ဝိုင်းတွင် လောင်းကစားခြင်းမလုပ်ဘဲ မျိုးမြင့်ကိုသာ အကဲခတ်လျက်ရှိ၏။

မျိုးမြင့်ကို တွေ့နေရသော်လည်း ဒေါ်ညိုကြီးအိမ်မှ ကောင်မလေးကို မည်ကဲ့သို့ ကူညီရမည်မှန်း စဉ်းစားမရသေးချေ။ သူသည် ထိုးသားများကြားသို့ ရောက်နေရင်း မွှေးပျံ့သောရနံ့နှင့်အတူ

"လောင်းကစားမလုပ်ဘဲနဲ့ လောင်းကစားအိမ်ထဲကို မရောက်ရောက်အောင် ဝင်လာတာ ထူးဆန်းတယ်"

ဟု တိုးတိုးပြောသံကို ကြားရလေ၏။ ထိုအသံမှာ စွဲမက်ဖွယ် ညှို့ငင်နိုင်စွမ်းရှိသော အသံဖြစ်၏။

ငွေတိုးက နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လေရာ လူအုပ်ကြားတွင် သူနှင့် နီးကပ်စွာရှိနေသော မိန်းမတစ်ယောက်ကို တွေ့ရလေ၏။

သူသည် ရုတ်တရက် အသက်ရှူရပ်သွားသလို ခံစားရ၏။ ထိုမိန်းမ၏ နူးညံ့သော အထိအတွေ့က သူ့ရင်ကို လှိုက်ခနဲဖြစ်သွားစေ၏။

ထိုမိန်းမသည် ရာဇဝတ်အုပ်မြဆွေနှင့် ပါလာသူဖြစ်၏။ ငွေတိုးကို လောင်းကစားအိမ်ကြီးထဲ ဝင်ခွင့်ရအောင် ပြောပေးသူ

www.burmeseclassic.com



ဖြစ်၏။ ထိုအခါ ငွေတိုးက အသက်ကို ပြင်းပြင်းရှူ၍ စိတ်ကိုငြိမ်အောင်ထိန်းကာ

"ကျုပ် လောင်းကစားရအောင် လာတာမဟုတ်ပါဘူး။ လူတစ်ယောက်ကို လာရှာတာပါ"

ဟု အဖြစ်မှန်ကို ဝန်ခံလိုက်လေရာ အမျိုးသမီးက ငွေတိုးကို မျက်လုံးရွဲကြီးများဖြင့် ကြည့်၍

"ဤနာမည် မိုးစန္ဒာလို့ ခေါ်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီကိုရောက်မှတော့ မင်းရဲ့ကံကို စမ်းသပ်ကြည့်လိုက်ပါလား"

ဟု ပြောလေ၏။ ပြီးလျှင် မိုးစန္ဒာက ငွေတိုး၏လက်ကို ဆွဲ၍ လူအုပ်ကြားမှ ဖြတ်ကာ လောင်းကစားရာ ခုံကြီးအနီးသို့ တိုးကပ်လေ၏။

လောင်းကစားခုံအနီးသို့ ရောက်လျှင်လည်း ကြိတ်ကြိတ်တိုးနေသော လောင်းကစားသမားများကြောင့် လူကြားတွင် ညပ်နေသောငွေတိုး၏ ရင်ခွင်တွင်း၌ မိုးစန္ဒာ ရောက်နေလေ၏။

ငွေတိုး၏ရင်သည်လည်း တဒိုင်းဒိုင်း ခုန်လျက်သာရှိ၏။ မိုးစန္ဒာက ထိုအဖြစ်ကို အမှုထားဟန်မတူဘဲ ငွေတိုးကို

"ဝက်ကို ထိုးပါ"

ဟု ပြောလေ၏။ ငွေတိုးတွင် တရုတ်ဆိုင်၌ အလုပ်လုပ်၍





တစ်သက်လုံး စုဆောင်းထားသည့် ငွေတစ်ရာကျော်ကျော် ရှိလေ၏။

ထို့ကြောင့် သူသည် တွေဝေမနေတော့ဘဲ ငွေများကို ထုတ်၍ မိုးစန္ဒာကို

"ကျုပ် ချမ်းသာသမျှ ဒါအကုန်ပဲ၊ ထိုးမယ့်ထိုး အကုန်ပဲ ထိုးမယ်" ဟု ဆိုလိုက်တော့၏။

ထိုအခါ ကံကောင်းထောက်မစွာဖြင့် မိုးစန္ဒာပြောသည့်အတိုင်း ပေါက်တောင်မှာ ဝက်ဖြစ်နေလေ၏။

မိုးစန္ဒာက ဝမ်းသာအားရဖြင့် တခစ်ခစ်ရယ်မောလိုက်ပြီး အလျော်ရသည့် ငွေများကို သိမ်းကျုံးယူကာ ငွေတိုး၏လက်ထဲသို့ ထည့်လေ၏။ အလျော်မှာ သုံးဆရသောကြောင့် ငွေသုံးရာကျော်မျှ ဖြစ်သွား၏။

နောက်တစ်ချီတွင်လည်း ဒိုင်က ဂျင်ကိုလှည့်၍ ယွန်းခွက်ကလေးနှင့် အုပ်သည့်အခါ မိုးစန္ဒာက ဂျင်သံကို နားစွင့်ပြီး

"ဒီတစ်ခါလည်း ဝက်ကိုပဲထိုး"

ဟု ပြောပြန်၏။ ငွေတိုးက လက်ထဲတွင် ဆုပ်ကိုင်ထားသော ငွေအားလုံးကို ဝက်ဖယားကွက်ပေါ်သို့ ပစ်တင်လိုက်ပြီး

"ထိုးဆိုလည်း ထိုးတာပေါ့ဗျာ"

www.burmeseclassic.com



ဟု မိုးစန္ဒာကို ပြောလိုက်၏။ မိုးစန္ဒာက

"မင်းသတ္တိကိုတော့ သဘောကျသွားပြီ"

ဟု ပြန်ပြောလေ၏။ ဤတစ်ကြိမ်တွင်လည်း ဝက်ပင် ပေါ်ပြန်လေ၏။

ငွေတိုးလည်း ငွေကိုးရာကျော်မျှ အလျော်ရလိုက်ပြန်၏။ မိုးစန္ဒာသည် လွန်စွာပျော်ရွှင်နေဟန် ရှိ၏။ သူမသည် နောက်တစ်ကြိမ်တွင်လည်း ဂျင်သံကို နားစွင့်၍

"ဒီတစ်ခါလည်း ဝက်ပဲထိုး"

ဟု ငွေတိုးကို ပြောပြန်၏။ ငွေတိုးကလည်း ငွေအားလုံးကို ဝက်တွင်စု၍ ပုံအောလိုက်ပြီး

"ဝက်ချည်းပဲ သုံးခါတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ဒါပေမဲ့ ဒီငွေတွေကို ကျုပ် မမက်ဘူး။ ကုန်ရင်လည်း အေးတာပဲ"

ဟု မိုးစန္ဒာကို ပြောလိုက်လေ၏။ ငွေတိုး ပြောသလိုပင် မည်သူမျှ ဝက်ကို စိတ်မဝင်စားချေ။

သို့သော် ယွန်းခွက်ကလေးကို ဖွင့်လိုက်လေရာ ပေါက်ကောင်သည် ဝက်ပင် ဖြစ်နေလေတော့၏။

ငွေတိုးသည် အလျော်သုံးထောင်နီးပါးမျှ ရရှိလိုက်၏။ ထိုငွေပမာဏကို သူ၏တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မပိုင်





ဆိုင်ရဘူးချေ။ ထို့နောက် မိုးစန္ဒာက ငွေတိုးကို ဆက်လက်လောင်းကစားရန် မတိုက်တွန်းတော့ဘဲ

"တော်လောက်ပြီ ဒီငွေနဲ့ လုပ်ငန်းတစ်ခု ထူထောင်ပြီး ရင်းနှီးစားလို့တောင် ရတယ်" ဟု ပြောလေ၏။ ငွေတိုးက

"ဒီငွေတာ ခင်ဗျားကြောင့် ရတာပါ၊ ခင်ဗျား ယူသွားပါ"

ဟု မိုးစန္ဒာကို ပေးလိုက်၏။ မိုးစန္ဒာက ခေါင်းယမ်း၍

"ဒါဟာ မင်းရဲ့ကံတရားကြောင့် ရတာပါ၊ ငါ့အတွက် မလို ပါဘူး၊ ဒါပေမဲ့ မင်း ငါ့ကို ကျေးဇူးတင်တယ်ဆိုရင် အကူအညီ တစ်ခုတော့ ပြန်ပေးရမယ်၊ ငါ့အိမ်ကို နောက်တစ်နေ့ ညနေမှာ အရောက်လာခဲ့ပါ၊ မြို့ရဲ့တောင်ဖက်ပိုင်းက မိုးစန္ဒာရဲ့အိမ်ဆိုရင် ဘယ်သူမဆို မေးလို့ရတယ်၊ မင်း မလာဘူးလို့တော့ မငြင်းပါနဲ့"

ဟု တောင်းဆိုလေရာ ငွေတိုးလည်း ခေါင်းညိတ်ကာ ကတိပေးလိုက်၏။ ထိုအခါ မိုးစန္ဒာသည် ငွေတိုးကို ပြုံး၍ စူးစူးရဲရဲ ကြည့်ကာ လူအုပ်ကြားမှ တိုးထွက်သွားတော့၏။

မကြာမီတွင် ငွေတိုးလည်း လောင်းကစားအိမ်မှ နတ်ကျော်ကြီး၏တဲသို့ ပြန်ရောက်လာလေ၏။ ထိုညက ငွေတိုးသည် ဇော်ညိုကြီးအိမ်မှ မိန်းကလေးနှင့် မိုးစန္ဒာတို့အကြောင်းကို တွေးတောရင်း အိပ်စက်မပျော်နိုင် ရှိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ ရောက်လျှင် ငွေတိုးသည် နက်ကျော်ကြီးကို မနေ့ညက ဖြစ်ပျက်သမျှအလုံးစုံကို ပြောပြလိုက်လေ၏။ နက် ကျော်ကြီးက စိတ်ဝင်တစား နားထောင်ပြီးနောက်

"မင်းက တကယ့်အချောအလှကလေးနှစ်ယောက်နဲ့ တစ်ညထဲမှာ သွားဆုံတာကိုး၊ မိုးစန္ဒာဆိုတာ ဒီမြို့မှာ မသိသူမရှိတဲ့ အလှပိုင်ရှင်တစ်ယောက်ပဲ၊ ဒါပေမဲ့ သူ့ရဲ့အလှက အဆိပ်ပြင်းတယ်ကွ၊ ဟဲ ... ဟဲ .. သူ့အဆိပ်ဒဏ်ကို ခံလိုက်ရတဲ့ ယောကျ်ားတွေ မနည်းဘူး၊ ငွေကြေးဥစ္စာကလည်း ပြည့်စုံတော့ မာနကလည်း ကြီးတာပေါ့ကွာ၊ သူ့ရဲ့အလှကွန်ယက်ထဲမှာ မိနေတဲ့ ရာဇဝတ်





အုပ်မြဲဆွေလို အူကြောင်ကြောင်ကောင်တွေလည်း အများကြီးပေါ့ကွာ"

ဟု ပြောလေ၏။ ငွေတိုးက မိုးစန္ဒာ၏မျက်နှာကို မြင်ယောင်မိပြီး

"ဟုတ်တယ်ဗျ .. သူ့ပုံစံက တော်တော်ဆွဲဆောင်အားကောင်းတယ်၊ လောင်းကစားဝိုင်းမှာ သူနဲ့အနီးကပ်နေရတုန်းက ကျုပ် ရင်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိဘူး"

ဟု နက်ကျော်ကြီးကို ပြောလိုက်၏။ နက်ကျော်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်၍

"မိုးစန္ဒာရဲ့ အဆိပ်ဒဏ်ကို မမိအောင် ဂရုစိုက်ပေါ့"

ဟု သတိပေးလေ၏။

ဤသို့ဖြင့် ညနေစောင်းလျှင် ငွေတိုးသည် မိုးစန္ဒာ၏ အိမ်ဖက်သို့ ရောက်လာ၏။

မိုးစန္ဒာသည် ရောင်စုံပန်းခင်းကြီးအလယ်တွင် ဥရောပဆန်ဆန် ဆောက်လုပ်ထားသည့် အမိုးချွန်တစ်ထပ်တိုက် အိမ်ကလေးနှင့် နေထိုင်လေ၏။

ငွေတိုးသည် ခြံဝင်းတံခါးရှိ ခေါင်းလောင်းကလေးကို လှုပ်ယမ်းလိုက်ရာ တိုက်အိမ်ထဲမှ မိန်းကလေးတစ်ဦး ပြေးထွက်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ခြံတံခါးကို ဖွင့်ပေးလေ၏။

မိန်းကလေးကပင် ဦးဆောင်၍ ငွေတိုးကို ပန်းရုံ ပန်းချုံကြီးများ အုပ်ဆိုင်းနေရာသို့ ခေါ်ဆောင်လာ၏။

ထိုနေရာတွင် ကျောက်ဖြူတုံးကလေးများစီထားသည့် ရေကန်ငယ်ကလေးလည်းရှိ၏။ ရေကန်၏အလယ်မှ မြတ်၍ သစ်သားတံတားဖြူကလေးကို သွယ်တန်းထား၏။

ထိုတံတားထက်တွင် ဖါးလျသော အဖြူရောင်ဝတ်စုံနှင့် မိုးစန္ဒာ ရှိနေ၏။ မိုးစန္ဒာက ငွေတိုးကိုမြင်လျှင်

"မင်းက ကတိတည်သားပဲ"

ဟု ပြောလေ၏။ ငွေတိုးက တံတားကလေး၏ ထိုင်ခုံသဖွယ် ပြုလုပ်ထားသော လက်ရမ်းပေါ်တွင် ထိုင်လိုက်ပြီး

"ခင်ဗျားက ရောင်စုံပန်းခြံကြီးရဲ့ အလယ်မှာ လှလှပပ အိမ်ကလေးနဲ့ နေတယ်ဆိုတော့ တော်တော်စိတ်ကူးယဉ်မဲ့ပုံပဲ ငှက်များရဲ့ခြံထဲကို ရောက်လာတာ ကျူပ်ရင်ထဲမှာ တော်တော်အေးချမ်းသွားတယ်၊ ဒီမှာ လူအများကြီးရှိပုံ မရဘူး။ ခင်ဗျားမိသားစုတွေ မရှိဘူးလား"

ဟု မေးမြန်းလိုက်ရာ မိုးစန္ဒာက ရေကန်၏ ပြာလဲ့လဲ့ ရေပြင်ကို စိုက်ကြည့်၍





"ငါ့မိဘတွေ ကွယ်လွန်သွားခဲ့လို့ ငါဟာ တစ်ကောင်ကြွက်တစ်ယောက် ဖြစ်နေခဲ့တာ ကြာပါပြီ၊ တစ်ကောင်ကြွက်ဖြစ်နေတဲ့အတွက် ငါ့မှာ အထီးကျန်တဲ့ဝေဒနာကို ခံစားနေရတာလည်း ကြာပါပြီ" ဟု ပြောလေ၏။

ထို့နောက် မိုးစန္ဒာက ငွေတိုးနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး သက်ပြင်းချကာ

"မင်းကတော့ ငါ့ကို အဲဒီလို အထီးကျန်ဆန်နေလိမ့်မယ်လို့ မထင်ဘူးမဟုတ်လား။ ငါ့လို ငွေကြေးစုစုံပြည့်စုံပြီး လိုချင်တဲ့သူ ဝိုင်းဝိုင်းလည်နေတဲ့ မိန်းမတစ်ယောက်ဟာ သဘာဝလောကကြီးကို စိတ်ပျက်နေတယ်လို့ ပြောရင် မင်းယုံကြည်မှာ မဟုတ်ဘူး"

ဟု ပြောလေ၏။

ငွေတိုးသည် မိုးစန္ဒာ၏ စကားကြောင့် ဦးပေတလူ ပြောခဲ့သ[illegible]များကို ဖျတ်ခနဲ သတိရမိ၏။

ဦးပေတလူက "ငွေနဲ့ဇိမ်ခံပစ္စည်းတွေကို ရနိုင်ပေမယ့် စိတ်ချမ်းသာခြင်းကို မရနိုင်ဘူး"ဟု ပြောခဲ့လေ၏။

မိုးစန္ဒာလည်း ထိုကဲ့သို့ ဖြစ်နေပြီလား မသိ၊ ထို့ကြောင့်ပင် ငွေတိုးက

"ခင်ဗျားအနေနဲ့ သဘောကျမယ့် လူတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီး သာယာတဲ့မိသားစုကလေးတစ်ခုကို ထူထောင်လိုက်ရင် အထီးကျန်ဆန်မှုတွေပျောက်ပြီး အဓိပ္ပာယ်ပိုရှိလာနိုင်တယ်''

ဟု ဆိုလေ၏။ မိုးစန္ဒာက နှုတ်ခမ်းကို ကိုက်၍

''မင်း ပြောတာက ဟုတ်သလိုလို ရှိတယ်၊ ငါဟာ ယောကျ်ားတွေတော်တော်များများနဲ့ တွဲခဲ့ဖူးတယ်၊ အဲဒီမှာ ယောကျ်ားတွေ အကြောင်းလည်း တော်တော်များများ သိခဲ့ရတယ်၊ တစ်ချို့ယောကျ်ားတွေက ငါ့ရဲ့စည်းစိမ်ဥစ္စာတွေကို မက်မောကြတယ်၊ တစ်ချို့က ငါ့ရဲ့လှပတဲ့ ရုပ်သွင်ပြင်ကို သူတို့ရဲ့ အပျော်ဖြေခံပစ္စည်းအဖြစ် သတ်မှတ်ပြီး တပ်မက်ကြတယ်၊ အဲဒီအတွက် သူတို့ဟာ အပေါ်ယံဟန်ဆောင်မှုတွေနဲ့ ငါ့အပေါ် ဘယ်လောက်မေတ္တာသက်ဝင် ချစ်ခင်သလဲဆိုတာကို တစ်မျိုးနဲ့တစ်မျိုး မရိုးရအောင် ပြောဆိုပြီး ငါ့ဆီက အချစ်ကို နည်းအမျိုးမျိုးနဲ့ တောင်းခံနေကြတယ်၊ ငါ့ရဲ့ အချစ်ကို ရဖို့အတွက် ငါ့ရဲ့ခြေရင်းမှာ ဝပ်စင်းနေကြတယ်၊ အဲဒါ ဘယ်လောက်ရယ်စရာကောင်းသလဲ၊ ဘယ်သူမှ ငါ့အပေါ် မေတ္တာစစ် မေတ္တာမှန်နဲ့ ရိုးရိုးသားသား ချစ်ခင်တယ်ဆိုတာ မရှိပါဘူး၊ သူတို့ရဲ့ မျက်လုံးထဲမှာ တဏှာရမ္မက်ခိုးဝေနေတာကို အတင်းဖုံးဖိပြီး ငါနဲ့ ပြောဆို ဆက်ဆံနေကြတယ်။





အဲဒီလိုယောကျ်ားတွေအပေါ်မှာ ငါ့ရဲ့ အထင်ကြီးစိတ်၊ လေးစားစိတ်ဆိုတာ ဘယ်လိုလုပ် ပေါ်လာမှာလဲ၊ ငါ သူတို့နဲ့ ဘယ်လိုလုပ် လက်တွဲနိုင်မလဲ''

ဟု ပြောလေရာ ငွေတိုးက

''အဲဒါတွေကို ကျုပ် သိပ်နားမလည်ဘူး၊ ဟုတ်ပါတယ်လေ ခင်ဗျားလက်တွဲရမယ့်သူကို ခင်ဗျားရဲ့စိတ်ကြိုက်သတ်မှတ်ပြီး ရွေးချယ်ရမှာပေါ့၊ ဒါပေမဲ့ ခင်ဗျားပြောသလိုယောကျ်ားတွေအားလုံးဟာ အလိုရမ္မက်ကြီးနေတာချည်းပဲ မဟုတ်ဘူး၊ ခင်ဗျား အထင်ကြီးပြီးလေးစားတဲ့ ရိုးသားတဲ့ယောကျ်ားကို တစ်နေ့တွေ့မှာပါ၊ အခုတော့ ကျုပ်က ခင်ဗျားကို ဘာအကူအညီပေးရမလဲဆိုတာ သိချင်ပါတယ်''

ဟု ဆိုလိုက်၏။

ထိုအခါ မိုးစန္ဒာ၏ မျက်ဝန်းများက တဖျတ်ဖျတ်တောက်ပလာ၏။ သူမသည် ငွေတိုးနှင့် မျက်နှာချင်းဆိုင်ရပ်ကာ

''ဟုတ်တယ် . . မကြာခင်က မင်းပြောတဲ့ ယောကျ်ားကို ငါတွေ့ခဲ့ပြီးပြီ၊ သူ့မျက်လုံးကို ကြည့်လိုက်ကတည်းက ငါသိနေတယ်၊ သူဟာ စိတ်ထားဖြူစင်ပြီး ရိုးသားတဲ့သူဆိုတာ ငါ့ရင်ထဲမှာ အလိုလို သိနေတယ်၊ သူဟာ ငါလက်ထပ်ရမယ့်သူပဲ၊ ငါဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးကို ပုံအပ်ရမယ့်သူပဲ၊ ဒါပေမဲ့ ထူးဆန်းတာက ငါဟာ သူ့အကြောင်းကို ဘာမှမသိဘူး၊ သူရဲ့အမည်ကိုတောင် မသိဘူး၊ အဲဒါက ငါ့အတွက် အရေးမကြီးဘူးလေ၊ သူ့ဖက်က ငါ့ကိုလက်ခံဖို့ပဲ အရေးကြီးတယ်၊ အဲဒီကိစ္စကို မင်း ကူညီရမယ်''

ဟု ပြောလေ၏။ ငွေတိုးသည် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ယခုအတိုင်းဆိုလျှင် သူသည် မိုးစန္ဒာ၏ဘက်မှ အောင်သွယ်ပင် လုပ်ပေးရမည့်ဟန်ရှိ၏။ ထို့ကြောင့် ငွေတိုးက စိတ်ထဲရှိသည့်အတိုင်း

''ခင်များက ဒီလောက်ယောကျ်ားတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားက ဘယ်သူမှန်းမသိတဲ့သူကို စွဲလမ်းနေသလိုပါလား။ ပြီးတော့ ကျုပ်ကို မိန်းကလေးဘက်က အောင်သွယ်လုပ်သလိုမျိုး ကူညီနိုင်းတယ်ဆိုတော့ မဟုတ်သေးပါဘူး''

ဟု ပြောလိုက်ရာ မိုးစန္ဒာက တခစ်ခစ်ရယ်မော၍

''ခစ် . . ခစ် . . အဲဒါဘာဖြစ်သလဲကွာ၊ လူဆိုတာ ယောကျ်ား မိန်းမ မခွဲခြားဘဲ ကိုယ်ကြိုက်တာ ကိုယ်ရွေးချယ်ခွင့်ရှိတယ်မဟုတ်လား၊ မိန်းကလေးတစ်ယောက်အနေနဲ့ ရွေးချယ်ခွင့်မရှိတော့ဘူးလား''ဟု ဆိုလေ၏။

ထိုအခါ ငွေတိုးလည်း၊





''ထားပါတော့ဗျာ . . အဲဒီသူက ဘယ်သူလဲ''

ဟုမေးမြန်းလိုက်ရာ မိုးစန္ဒာက အဖြေမပေးဘဲ

''အချိန်တန်ရင် သိရမှာပေါ့ကွာ၊ မင်း ငါ့ကို အကူအညီပေးရမယ့် အကြွေးတင်သွားပြီဆိုတာသာ မမေ့ပါနဲ့''

ဟု ပြောလေ၏။ ထိုအခါ ငွေတိုးက

''ဒါဆိုရင်လည်း ခင်များ အကူအညီလိုတဲ့အချိန်မှာ ကျုပ်ကိုခေါ်လိုက်ပါ၊ ကျုပ် တနင်္ဂဟ ကိုနတ်ကျော်ကြီးဆိုတဲ့လူရဲ့ တဲကလေးမှာ နေပါတယ်၊ ကျုပ်နာမည် ငွေတိုးပါ''

ဟု ဆို၍ ပြန်ရန်ပြင်လေ၏။ ထိုအခိုက်တွင် မိုးစန္ဒာ၏အိမ်မှ ကောင်မလေး ရောက်လာပြီး မိုးစန္ဒာကို

''မမ အိမ်မှာ ရာဇဝတ်အုပ် ကိုမြဆွေ ရောက်နေပါတယ်''

ဟု အကြောင်းကြားလေ၏။ မိုးစန္ဒာက သက်ပြင်းချ၍

''သနားစရာ ယောကျ်ားတစ်ယောက်တော့ အိမ်မှာ ရောက်နေပြန်ပြီ၊ သူ့ကိုတော့ ဓာတ်လမ်းမြန်မြန်ဖြတ်မှ ဖြစ်မယ်''

ဟု ရေရွတ်လေ၏။ ထို့နောက် မိုးစန္ဒာက ငွေတိုးကို

''မင်းကို အိမ်မှာ တစ်ခုခုနဲ့ ဧည့်ခံပါရစေ၊ အိမ်မှာရောက်နေတဲ့ ကိုမြဆွေနဲ့လည်း မိတ်ဆက်ပေးရတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါ်လေရာ ငွေတိုးက ခေါင်းယမ်းပြီး

"ဒီလိုလူမျိုးတွေက ကျုပ်ကို အပက်လုပ်ပြီး မိတ်ဖွဲ့ချင်မှာ မဟုတ်ပါဘူး။ ခင်ဗျားအလိုရှိရင်သာ ကျုပ်ကို ခေါ်လိုက်ပါ၊ ကျုပ် သွားတော့မယ်"

ဟု ပြောကာ ထွက်လာခဲ့တော့၏။ ထိုအခါ ငွေတိုးသည် တဲတားကလေးမှ အဆင်းတွင် လူတစ်ဦးနှင့် ဆုံတွေ့လေ၏။ ထိုသူတ သူ့ကို စူးစူးစိုက်စိုက် ကြည့်နေလေ၏။

ထိုသူသည် ရာဇဝတ်အုပ်မြဆွေ ဖြစ်၏။ ငွေတိုးက ရာဇဝတ်အုပ်ကို ဘာမျှ မပြောဘဲ ဖြတ်ကျော်လာခဲ့၏။

ရာဇဝတ်အုပ်သည် မိုးစန္ဒာထံသို့ ရောက်သွားပြီး မကျေမနပ်ဖြင့်

"ဒီကောင်က ဘယ်သူလဲ၊ ဒီကို ဘာလာလုပ်တာလဲ"

ဟု မေးမြန်းလေ၏။ ရာဇဝတ်အုပ်သည် ငွေတိုးကို မှတ်မိဟန်မတူချေ။ မိုးစန္ဒာက ပြတ်ပြတ်သားသားပင်

"ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ကျွန်မ တွေ့ချင်တဲ့လူနဲ့ တွေ့ပိုင်ခွင့်ရှိတယ် ကိုမြဆွေ၊ ပြီးတော့ ရှင်နဲ့ ကျွန်မရဲ့ ဇာတ်လမ်းကို ဒီနေ့ကစပြီး တစ်ခန်းရပ်လိုက်ကြရအောင်"

ဟု ပြောလိုက်၏။





ရာဇဝတ်အုပ်သည် မိုးစန္ဒာ၏ စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ မျက်လုံးလည်း ပြူးကျယ်သွား၏။ ပြီးမှ အထစ်ထစ်အငေါ့ငေါ့ဖြင့်

"မင်း . . မင်းတ ဘယ်လိုဖြစ်တာလဲ မိုးစန္ဒာရယ်၊ ကျုပ်ကို မသနားတော့ဘူးလား"

ဟု တောင်းပန်လေ၏။ သို့သော် မိုးစန္ဒာက

"ကျွန်မ ပြောပြီးသားစကားကို မပြင်တတ်ဘူး ကိုမြဆွေ၊ ရှင် ဘယ်တော့မှ ကျွန်မကို တွေ့ဆုံဖို့ မကြိုးစားပါနဲ့"

ဟု ပြောကာ လှည့်ထွက်သွားတော့၏။ ထိုအခါ ရာဇဝတ်အုပ်သည် လွန်စွာအရှက်ရသွားလေ၏။

ပြီးလျှင် မကြာခင်ကမှ ထွက်ခွာသွားသော ငွေတိုး၏ ပုံရိပ်ကို ဖျက်ခနဲ မြင်ယောင်မိ၏။ သူသည် ငွေတိုးကို ယမန်နေ့က လောင်းကစားအိမ်ရှေ့တွင် တွေ့ခဲ့သည်ကိုလည်း မှတ်မိသွား၏။

ထိုလူငယ်ကလေး လောင်းကစားအိမ်ထဲသို့ ဝင်ခွင့်ရရန် မိုးစန္ဒာကပင် ဝင်ရောက်ပြောဆိုခဲ့သည် မဟုတ်ပါလား။ ယခုလည်း ထိုသူကို မိုးစန္ဒာနှင့် နှစ်ယောက်ထဲ စကားလက်ဆုံကျနေသည်ကို တွေ့ရ၏။ ထိုအခါ ရာဇဝတ်အုပ်ကိုမြဆွေသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍



www.burmeseclassic.com

www.burmeseclassic.com



''ဒီလိုအောက်တန်းစားကောင်ကို ဘာကြောင့်များ မိုးစန္ဒာက အရေးတယူနဲ့ လက်ခံပြီးတွေ့ရတာလဲ၊ သူတို့မှာ အကြောင်းရှိရမယ်၊ မိုးစန္ဒာ အခုလို ငါ့အပေါ် သစ်စိမ်းချိုးချိုး လိုက်တာ ဒီကောင့်ကြောင့်များ ဖြစ်နေမလား။ ဘာဖြစ်ဖြစ် ဒီ ကောင့်အကြောင်းကိုတော့ စုံစမ်းရမယ် . . တွေ့ကြသေးတာ ပေါ့ကွာ''

တဲ့ ကြိမ်းဝါးလေတော့၏။





၄

ငွေတိုးသည် မိုးစန္ဒာ၏ အိမ်မှ ပြန်လာလေရာ ကန်စောင်း ရှိ တဲစုကလေးသို့ အရောက်တွင် ညမှောင်ပြီဖြစ်သောကြောင့် လူစည်ကားနေသည်ကို တွေ့ရလေ၏။

သူသည် ဒေါ်ညိုကြီးအိမ်ရှေ့မှ အဖြတ်တွင် မနေ့ညက တွေ့ခဲ့သော မိန်းကလေးကို သတိရမိ၏။ သူ့အနေနှင့် ထိုမိန်းက လေးကို ကူညီမည်ဟု ဆုံးဖြတ်ခဲ့လေ၏။

ယခုတိုင် ကူညီရမည့် နည်းလမ်းကို ရှာဖွေမတွေ့သေး ချေ။ ထို့ကြောင့် မိန်းကလေးကို တကယ်ကူညီနိုင်မှပင် သွား ရောက်တွေ့ဆုံမည်ဟု စဉ်းစားမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နတ်ကျော်ကြီး၏ အရက်ဆိုင်တွင်လည်း လူပြည့်နေပေပြီ၊ ငွေတိုးသည် သူနှင့် အကျင့်စရိုက်ချင်း မတူညီသည့် ထိုကဲ့သို့ ပတ်ဝန်းကျင်တွင် တစ်မိနစ်မျှ မနေချင်ပေ။

သို့သော် ဦးပေတလူကြောင့် သည်းခံ၍ တစ်လတိတိ နေရပေဦးမည်။

ငွေတိုးသည် ရှုပ်ယှက်ခတ်နေသော ကိုနတ်ကျော်ကြီး၏ တဲသို့လည်း မပြန်ချင်သောကြောင့် နားအေးပါးအေးရှိရာ ကန်စောင်းသို့တန်း၍ သွားလေ၏။

မကြာမီတွင် မိန်းကလေးတစ်ဦးလည်း သူ့ထံသို့ ရောက်လာ၏။ ထိုမိန်းကလေးက ငွေတိုးကို

"ကျွန်မ ကိုနတ်ကျော်ကြီးတဲကို ရောက်ခဲ့သေးတယ်၊ ရှင့်ကို မတွေ့တာနဲ့ ဒီမှာရှိမယ်ထင်ပြီး လိုက်လာတာ"

ဟု ဆိုလေ၏။

သူမသည် ဒေါ်ညိုကြီးအိမ်မှ မိန်းကလေး ဖြစ်၏။ မိန်းကလေးက အထက်ပါအတိုင်း ပြောဆိုပြီး ငွေတိုး၏နံဘေးတွင် ဝင်၍ထိုင်တာ

"ကျွန်မ မနေ့ညက ရှင့်အကြောင်းကို တစ်ညလုံး စဉ်းစားနေမိတယ်၊ ရှင်က ကျွန်မကို အကူအညီပေးမယ်လို့ ပြော





ခဲ့ဖူးတယ်၊ ရှင်ဟာ ကျွန်မကို မဖြစ်ဖြစ်အောင် အကူအညီပေးမယ်ဆိုတာ ယုံကြည်ပါတယ်၊ အဲဒီလို ယုံကြည်လို့လည်း ကျွန်မ ရှင့်အတွက် စိုးရိမ်မိတယ်၊ ရှင်ဟာ ကျွန်မရဲ့ ကျေးဇူးရှင် မ ဟုတ်လား။ ရှင်က ကျွန်မကို နှောင့်ယှက်နေတဲ့ မျိုးမြင့်ဆိုတဲ့ ကုလားဒိန်ကို ရင်ဆိုင်မှာပဲ မဟုတ်လား။ အဲဒီလိုဆိုရင်တော့ ရှင့်အတွက် အန္တရာယ်တွေ ဖြစ်လာနိုင်တယ်၊ ကျွန်မကြောင့် ရှင် ဒုက္ခမရောက်စေချင်ဘူး။ ပြီးတော့ ကျွန်မရဲ့ဘဝကလည်း ဘယ်လိုမှ အဖတ်ဆယ်လို့ မရတော့ပါဘူး၊ ဒီဘဝကို စွန့်ခွာပြီး အိမ်ကို ပြန်ရင်တောင် လူသတ်မှုဖြစ်ခဲ့တဲ့ အရိပ်မည်းကြီးက ရှိနေဦးမှာပဲ၊ ကျွန်မအနေနဲ့ ဒီလိုဘဝမျိုးမှာ ကျင်လည်ပြီး ဒီလိုပဲ ဇာတ်သိမ်းသွားမှာပါ၊ အဲဒါကြောင့် ကျွန်မကို ကူညီဖို့ မစဉ်းစားပါနဲ့တော့၊ အဲဒါကို လာပြောတာပါ"

ဟု ဆိုလေ၏။

ငွေတိုးသည် မိန်းကလေး၏စကားကြောင့် ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်ပြီး

"မျိုးမြင့်လို လူမျိုးရဲ့အန္တရာယ်ကို ကြောက်ပြီး မင်းကို ကူညီဖို့ ကိစ္စကို ရှောင်လွှဲသွားမှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် သူတို့နောက်ကျောဘက်မှ လူရိပ်တစ်ရိပ်က လေသံတင်းမာစွာဖြင့်

"နီမ နင်က အားကိုးရှိနေပြီပေါ့"

ဟု ပြောသံကို ကြားလိုက်ရလေ၏။ ထိုအသံကြောင့် မိန်းကလေးသည် ဆတ်ခနဲ တုန်ရင်သွားလေ၏။

ငွေတိုးသည် နောက်သို့ လှည့်ကြည့်လိုက်ရာ ကုလားဒိန် မျိုးမြင့်ကို တွေ့ရ၏။ မျိုးမြင့်သည် သူတို့နောက်တွင် လက်ပိုက်လျက် အခန့်သားရပ်နေလေ၏။

နီမဟူသော မိန်းကလေးက မျိုးမြင့်ကိုတွေ့လျှင် သရဲတစ္ဆေတွေ့လိုက်ရသလို ကြောက်ရွံ့ဟန်ဖြင့်

"ရှင် . . ရှင် ကျွန်မကို ထပ်ပြီး မနှိပ်စက်ပါနဲ့တော့၊ ကျွန်မ တောင်းပန်ပါတယ်၊ ရှင် လိုအပ်တဲ့ ငွေကြေးကိုလည်း ကျွန်မ စုဆောင်းပြီး ပေးပါ့မယ်"

ဟု သနားစဖွယ် တောင်းပန်လေ၏။ သို့သော် မျိုးမြင့်က မျက်နှာမှုန်ကုပ်ကုပ်ဖြင့် ငွေတိုးကို လက်ညှိုးညွှန်၍

"သူက ဘယ်သူလဲ"

ဟုမေးလေရာ ငွေတိုးက ဆတ်ခနဲ ထရပ်လိုက်ပြီး မျိုးမြင့်နှင့် မျက်နှာချင်းဆိုင်လေ၏။





မျိုးမြင့်သည် ရုတ်တရက် ထိတ်လန့်သွားဟန်ဖြင့် နောက်သို့ ခြေတစ်လှမ်းမျှ ဆုတ်သွားသောအခါ ငွေတိုးက တိုးညှင်းစွာ ရယ်မော၍

"ဟား . . ဟား . . ကျုပ်နာမည် ငွေတိုးလို့ ခေါ်တယ်၊ ကျုပ်က ဘာကောင်မှ မဟုတ်ပါဘူး၊ ဒါပေမဲ့ မတရားတာမြင်ရင်တော့ လက်ပိုက်ပြီး ကြည့်မနေတတ်ဘူး၊ ဒီလိုမိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်နှိပ်စက်တာမျိုးဆိုရင် ပိုပြီးကြည့်မနေနိုင်ဘူး၊ မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ခန္ဓာနဲ့ရင်းပြီး ရလာတဲ့ငွေကြေးကို ခေါင်းပုံဖြတ်ပြီး ယူတယ်ဆိုကတည်းက ခင်ဗျား ဘယ်လိုလူလဲဆိုတာ ကျုပ် သိတယ်၊ အဲဒီတော့ ခင်ဗျား နီမကို နောက်ထပ်အနိုင်ကျင့်ဖို့ မစဉ်းစားပါနဲ့တော့"

ဟု ပြောလေရာ မျိုးမြင့်သည် တရှုးရှုးနှင့် ဒေါသထွက်သွား၏။

သို့သော် ရင်းသည် အားနွဲ့သူများအပေါ်တွင်သာ အနိုင်ကျင့်တတ်သူသာဖြစ်၍ သတ္တိအရာ၌ ညံ့ဖျင်းလေ၏။

ထို့ကြောင့် မျိုးမြင့်သည် ငွေတိုးကို ထိပ်တိုက်ရင်မဆိုင်ရဲဘဲ ဒေါသကို မျိုသိပ်ကာ

"ဒါနဲ့နီမကိစ္စမှာ မင်း ဝင်ပါစရာမလိုဘူး၊ ဒါကို့မှာ မင်း



www.burmeseclassic.com

www.burmeseclassic.com



မသိတဲ့အကြောင်းတွေ အများကြီးရှိတယ်၊ ကိုယ်ဘာသာ အေးအေးနေပါ ကိုယ့်လူရယ်၊ ပြဿနာတွေကြားထဲကို မဆီမဆိုင် ဝင်ပါရင် ဘာမှန်းမသိဘဲ ဒုက္ခရောက်သွားတတ်တယ်၊ အသက်တစ်ချောင်းဆိုတာ အဖိုးတန်တယ်ကွ''

ဟု မသိမသာ ခြိမ်းခြောက်လေ၏။ ထိုအခါ နီမက ဝင်၍ မျက်နှာငယ်ကလေးနှင့်

''ဟုတ်ပါတယ်၊ ကျွန်မတို့ကြားမှာ ရှင် ဝင်မပါပါနဲ့တော့၊ ကျွန်မကိစ္စကို ကျွန်မ ရှင်းနိုင်ပါတယ်''

ဟု ဆိုကာ ငွေတိုးကို တောင်းပန်ပြန်၏။ နီမသည် ငွေတိုးအတွက် လွန်စွာစိုးရိမ်နေတန်ရှိ၏။

ထိုအခိုက် ငွေတိုး၏ စိတ်အတွင်း၌ အသိတရားတစ်ခု ဖျတ်ခနဲ ပေါ်ပေါက်လာ၏။ ထို့ကြောင့်ပင် ငွေတိုးက မျိုးမြင့်ကို စေ့စေ့ကြည့်၍

''ဒီလိုမတရားမှုမျိုးတွေ တွေ့တာတောင် ရှောင်လွှဲသွားကြမယ်ဆိုရင် နေရာတကာမှာ မတရားမှုတွေချည်းပဲ ကြီးစိုးနေတော့မှာပေါ့၊ လူတိုင်း လူတိုင်းဟာ တစ်နေ့ သေရမှာချည်းပဲ မဟုတ်လား၊ အဲဒီတော့ မတရားမှုတွေ ချုပ်ငြိမ်းအောင် တတ်နိုင်သလောက် ကြိုးစားပြီး သေသွားတော့လည်း ဘာဖြစ်မှာလဲ၊





မတရားမှုကို တွေ့ရဲ့သားနဲ့ ရှောင်လွှဲသွားတာဟာ လူ့အဖြစ်ကို ရနေရဲ့နဲ့ ဘယ်လောက် ရှက်စရာကောင်းသလဲဆိုတာ ကျုပ်သိပြီ၊ အဲဒီတော့ အရှက်တရားကြီးနဲ့ ကျုပ် လူမဖြစ်ချင်ဘူး။ သေရင်လည်း သေပါစေတော့၊ ဒါကြောင့် ခင်ဗျားကို နောက်ဆုံး သတိပေးလိုက်မယ်၊ နီမကို ဆက်ပြီးနှောင့် ယှက်မယ်ဆိုရင်တော့. .''

ဟုပြောကာ စကားကို ရပ်လိုက်၏။ ပြီးမှ ငွေတိုးက အံကို ကြိတ်လိုက်ပြီး ''ခင်ဗျားကို ကျုပ် သတ်မယ်''

ဟု ပြောလိုက်တော့၏။

မျိုးမြင့်သည် မျက်နှာတွင် သွေးဆုတ်သလို ဖြူရော်သွားပြီး နောက်သို့ ခြေတစ်လှမ်းမျှလှမ်း၍

''မင်း . . မင်းက ငါ့ကို ခြိမ်းခြောက်နေတာလား၊ မျိုးမြင့်ဘာကောင်လဲဆိုတာ မင်း မသိသေးဘူးထင်တယ်၊ တောင်းပြီလေ နီမလို အပေါစားမိန်းမတစ်ယောက်ရှေ့မှာ မင်းက အသက်စွန့်ပြီး ကာကွယ်ပေးနေတယ်ဆိုတော့ ငါ ခဏတော့ လက်ရှောင်နေလိုက်မယ်၊ ဒါပေမဲ့ မင်းနဲ့ငါ တစ်နေ့နေ့မှာ တွေ့ကြသေးတာပေါ့ကွာ၊ မျိုးမြင့်ဆိုတဲ့ကောင်က မပိုင်ရင် ဘာမှမလုပ်ဘူး''

ဟု ပြောကာ ချာခနဲလှည့်ထွက်သွားတော့၏။ ထိုအခါ နီမက ငွေတိုး၏ လက်မောင်းကို ဆုပ်ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တော့ ဒုက္ခပဲ၊ မျိုးမြင့်ရဲ့နောက်မှာ လူဆိုးလူမိုက်တွေ အများကြီးပဲ"တဲ့ ဆိုလေ၏။

ငွေတိုးက ဟက်ခနဲရယ်၍

"ဘာဖြစ်ဖြစ် ကျုပ်က ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးသားပါ၊ လောလောဆယ်တော့ မင်းကို မျိုးမြင့် မနှောင့်ယှက်ရဲတော့ပါဘူး။ ဒါပေမဲ့ ကျုပ်အပေါ် ဒုက္ခပေးရအောင် ဆင်ကြံကြံနေမှာတော့ ကျိန်းသေတယ်"

တဲ့ ပြောလိုက်လေတော့၏။





နောက်တစ်နေ့၌ ငွေတိုးသည် အပြင်သို့မထွက်ဘဲ နတ်ကျော်ကြီး၏စာကလေးထဲ၌သာ အခန်းအောင်းနေလေ၏။ နတ်ကျော်ကြီးက ငွေတိုးထံရောက်လာပြီး

"ငွေတိုး ဒီမှာ မင်းရှိနေတာနဲ့ အတော်ပဲ၊ ငါ ခရီးထွက်စရာ ရှိတယ်ကွ၊ အဲဒါ အရက်ဗိုးနဲ့ အရက်ဆိုင်ကို မင်းလက်ထဲ နှစ်ရက်သုံးရက်တော့ အပ်ထားရလိမ့်မယ်၊ လုပ်စရာကတော့ ဘာမှမရှိပါဘူးကွာ၊ ငါ့အရက်ဗိုမှာရှိတဲ့ မောင်လုံးက အကုန်တာဝန်ယူနိုင်ပါတယ်၊ မင်းကတော့ သူတို့ကို နည်းနည်းလောက် ကြပ်ကြပ်စောင့်ရှောက်ပေးရုံပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ ငွေတိုးက

"ကျုပ်က ကိုနက်ကျော်ကြီးရဲ့ အလုပ်တွေကို ဘာမှ နားလည်တာ မဟုတ်ဘူး၊ ဒါပေမဲ့ ကိုမောင်လုံးရှိတယ်ဆိုရင်တော့ ကိစ္စ မရှိပါဘူး။ ကျုပ် သေသေချာချာ စောင့်ရှောက်ပါ့မယ်"

ဟု ဆိုလိုက်၏။ နက်ကျော်ကြီးသည် ငွေတိုးထံ ဆိုင်ကို အပ်၍ ထွက်ခွာသွားလေ၏။ နက်ကျော်ကြီး၏ အရက်ဗိုတွင် ထူးထူးခြားခြား ပြုလုပ်စရာမရှိချေ။

ညဇက် အရက်ဆိုင်တွင် လူစည်သောအခါမှပင် အနည်းငယ် အလုပ်ရှုပ်လေ၏။

ငွေတိုးသည် ကိုနက်ကျော်ကြီးကဲ့သို့ ငွေအကြွေစများ ထည့်ထားသည့် လွယ်အိတ်ကို စလွယ်သိုင်းကာ အရက်သမားများ ကြားတွင် သွားလာနေရ၏။

အရက်ဗိုး ကျသင့်ငွေကို ငွေတိုးက အရက်ဝိုင်းအရောက် သွား၍ယူလေ၏။ မှာယူထားသည့် အရက်နှင့် စားသောက်စရာများ အမြန်ရရှိစေရန်လည်း ငွေတိုးက စေ့စေ့စပ်စပ် ကြည့်ရှု၍ စားပွဲထိုးများကို ခိုင်းစေလေ၏။

ထိုအခိုက်တွင် မောင်လုံးသည် အရက်ဝိုင်းတစ်ဝိုင်းတွင် တစ်ဦးတည်းထိုင်၍ သောက်သုံးနေသော လူတစ်ဦးကို ဂုတ်မှ





ကိုင်ဆွဲ၍ ငွေတိုးထံ ခေါ်ဆောင်လာ၏။ အရက်သမားသည် ဒယီးဒယိုင်ဖြင့် သန်မာလှသော မောင်လုံး၏ လက်ထဲတွင် ပါလာ၏။ ပြီးလျှင် မောင်လုံးက ငွေတိုးကို

"ကောင်လေး . . ဒီကိစ္စ ရှင်းစမ်းပါဦး၊ ဒီလိုကိစ္စမျိုးကို ကိုနက်ကျော်ကြီးဆိုရင် ဒီလူ့ကို နှစ်ချက်သုံးချက်လောက် မှတ်လောက်သားလောက်အောင် ဆုံးမပြီး ဆိုင်က မောင်းထုတ်လိုက်တော့တာပဲ"

ဟု ပြောလေရာ ငွေတိုးက မျက်မှောင်ကြုတ်၍

"ဒီလူက ဘာဖြစ်လို့လဲဗျာ"

ဟု မေးမြန်းလိုက်၏။ မောင်လုံးက လွန်စွာမူးယစ်နေဟန်တူသော အရက်သမားကို ကြည့်၍

"ဒီလူက ခရီးသွားလူစိမ်းတစ်ယောက်ပဲ ထင်တယ်၊ ဆိုင်ကိုစရောက်ကတည်းက သူ့ကိုယ်သူ တကယ့်သူဌေးကြီးတစ်ယောက်အတိုင်း အားကောင်းတွေ တစ်ခုပြီးတစ်ခု မှာစားပြီး အရက်ကို တစ်ဝကြီးသောက်တော့တာပဲ၊ စားပွဲထိုးကလေးတွေကိုလည်း အော်လိုက်ငေါက်လိုက်တာလွန်ပါရော၊ အရက်ဖိုးရှင်းခိုင်းတော့မှ အူကြောင်ကြောင်လုပ်နေတယ်၊ သူ့ဆီမှာ ရှာဖွေပြီးပြီ၊ ငွေဆိုလို့ ပြားတစ်ပြားတောင် မရှိဘူး။ ကောက် . . အရက်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲနဲ့များ ခပ်တည်တည်နဲ့မှာပြီး စားသောက်နေသေးတယ်''

ဟု ပြောဆိုလေ၏။ ထိုအခါ အရက်သမားက ငွေတိုးကို အာလေးလျှာလေးသံဖြင့်

''ဟုတ်တယ် . . ဒို့မှာ အရက်ဖိုးပေးစရာငွေ မရှိတော့ဘူး၊ မင်း ရိုက်ရင်လည်း ခံရမှာပဲ၊ ဒါပေမဲ့ နောက်တစ်နေ့မှာ ငါ ဆက်ဆက်လာပေးပါ့မယ်''

ဟု ပြောလေရာ မောင်လုံး ဝင်၍

''ငွေတိုး သူတို့က ဒီလိုပဲ ပြောတတ်တယ်၊ ဘယ်တော့မှ ငွေလာပေးမှာ မဟုတ်ဘူး''

ဟု ဆိုလေ၏။ ထိုအခါ ငွေတိုးက အရက်သမားကို

''ခင်များကတိအတိုင်း တည်ပါစေဗျာ၊ နောက်တစ်နေ့မှာသာ ဆက်ဆက်လာပေးပါ''

ဟု ပြော၍ လွှတ်လိုက်လေ၏။ ထိုအခါ အရက်သမားက ငွေတိုးကို ကြည့်၍

''မင်းကျေးဇူးကို ငါမမေ့ပါဘူး''

ဟု ပြောကာ ထွက်သွားတော့၏။ မောင်လုံးသည် လက်သီးတပြင်ပြင် ဖြစ်နေလေ၏။ ထိုအခါ ငွေတိုးက မောင်လုံးကို ချော့မော့ထားရ၏။ နောက်တစ်နေ့မနက်တွင် မနေ့ညက အရက်





သမား ပြန်ရောက်လာ၏။ ထိုအခါမှပင် မောင်လုံးက

''ဒီလူ ကတိတည်သားပဲ''

ဟု ဆိုကာ ထိုသူကို ချီးမွမ်းလေ၏။ ထိုသူက ငွေတိုးထံ အရက်ဖိုးငွေကိုပေးကာ

''မင်းနာမည် ငွေတိုး မဟုတ်လား၊ မင်းကိုငါ ပြောစရာရှိတယ်''

ဟု ပြောလေ၏။ ထိုအခါ ငွေတိုးက ထိုသူကို လူရှင်းရာ သစ်ပင်တစ်ပင်အောက်မှ ခုံတန်းကလေးသို့ ခေါ်ဆောင်လာ၏။ ထိုသူက ခုံတန်းတွင် ထိုင်၍ ပတ်ဝန်းကျင်၌ လူရှိမရှိ အကဲခတ်လိုက်ပြီး အရေးတကြီးတန်ဖြင့်

''ငွေတိုး . . မင်း ဒီအရက်ဆိုင်တဲနေပြီး ဝေးရာကို ထွက်သွားပေတော့၊ မကြာခင်မှာ မင်းဆီကို အန္တရာယ်တွေ ရောက်လာတော့မယ်''

ဟု သတိပေးလေ၏။ ငွေတိုးက နားမလည်ဟန်ဖြင့် ရှိနေလေရာ ထိုသူက ဆက်၍

''ဒီလိုကွ . . ငါ့နာမည် မိုးကြီးလို့ ခေါ်တယ်၊ မနေ့ညက ငါ မင်းနဲ့ပတ်သက်တဲ့ သတင်းတစ်ခုကို ကြားခဲ့ရတယ်၊ မင်း ရာဇဝင် အုပ်မြဲဆွေကို သိတယ်မဟုတ်လား၊ အဲဒီလူက မင်းဆီကို



www.burmeseclassic.com

www.burmeseclassic.com



မြို့ပေါ်မှာရှိတဲ့ လူမိုက်ဘထွားကိုလွှတ်ပြီး အန္တရာယ်ပေးဖို့ ကြံစည်နေတယ်ကွ၊ ဘထွားက ဒီဆိုင်ပိုင်ရှင် နက်ကျော်ကြီးကိုတော့ လန့်ပုံရတယ်၊ အခု နက်ကျော်ကြီး မရှိဘူး မဟုတ်လား၊ ဒါ့ကြောင့် ဘထွားက မင်းကို ဆုံးမဖို့ တာဝန်ယူလိုက်တယ်''

ဟု ပြောလေ၏။

ငွေတိုးသည် မိုးစန္ဒာ၏အိမ်၌ ရာဇဝတ်အုပ်နှင့် ဆုံခဲ့စဉ်ကတည်းက ရာဇဝတ်အုပ်က သူ့အပေါ် မကျေမနပ် ဖြစ်ဟန်ရှိသည်ကို ရိပ်မိခဲ့၏။

ရာဇဝတ်အုပ်က ထိုကဲ့သို့ ပြုလုပ်သည်မှာလည်း မိမိနှင့် မိုးစန္ဒာ ပတ်သက်နေ၍ ဖြစ်ရပေမည်။ ထိုအခါ ငွေတိုးက

''အဲဒါတွေကို ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ''

ဟု ထိုသူကို မေးမြန်းလိုက်ရာ ထိုသူက

''ဒီလိုကွ မနေ့ညက ငါမူးပြီး ပြန်သွားတော့ ငါ တည်းခိုတဲ့အိမ်ကိုတောင် မရောက်ပါဘူးကွာ၊ မြို့ထွန်က ထုံးဖြူစေတီကလေးကို မင်းသိတယ်မဟုတ်လား၊ အဲဒီစေတီကလေးရဲ့ ရင်ပြင်ပေါ်ကို ဘယ်လိုလုပ်ပြီး ရောက်သွားတယ် မသိပါဘူးကွာ၊ ငါလည်း ရင်ပြင်တော်ပေါ်မှာပဲ အိပ်ပျော်သွားတယ်၊ ရင်ပြင်တော်ပေါ်က ပြိုပျက်တိုင်တစ်ခုကြားမှာ ဝင်ပြီး အိပ်မိတာကွ၊ ငါနိုးလာ





တဲ့အချိန်မှာပဲ ငါ့အနားမှာ လူနှစ်ယောက်က မင်းနာမည်ပြောပြီး တစ်ခုခုကို တိုင်ပင်နေသံကြားရတော့တာပဲ၊ သူတို့က ငါ့ကို မမြင်ကြဘူးကွ၊ အဲဒီလူတွေရဲ့ ပြောစကားအရ တစ်ယောက်က ရာဇဝတ်အုပ်မြဆွေဆိုတာ သိရပြီ။ ကျန်တစ်ယောက်ကတော့ လူမိုက်ဘထွားဆိုတာ သိရတယ်''

ဟု ရှင်းပြလေရာ ငွေတိုးက စိတ်ပျက်လက်ပျက်ဖြင့်

''ကျုပ်ကို ကိုနက်ကျော်ကြီးက ဆိုင်ကို စောင့်ရှောက်ဖို့ ခစ်သွားခဲ့တာဗျ၊ ကျုပ် ဒီက ထွက်သွားလို့ မဖြစ်ဘူး''

ဟု ရေရွတ်လိုက်လေ၏။ ထိုအခါ မိုးကြိုးက

''မင်းက ငါ့အပေါ်မှာ ကျေးဇူးရှိတယ်ကွ၊ လူမိုက်ဘထွားရဲ့ရန်က လွတ်အောင် ငါကူညီနိုင်တာတော့ ရှိတယ်''

ဟု ပြောလေရာ ငွေတိုးက

''ဘာလဲ ခင်ဗျားက ကျုပ်အစား လူမိုက်ဘထွားကို ရင်ဆိုင်ပေးမလို့လား''

ဟု မေးမြန်းလိုက်ရာ မိုးကြိုးက ရယ်၍

''တဲ . . တဲ . . ငါ့မှာ အဲဒီလောက်အစွမ်း မရှိဘူးကွ၊ ဒါပေမဲ့ ဒီကောင်ကြီး မင်းကို နောက်ထပ်မနှောင့်ယှက်ရဲအောင်တော့ ငါ တတ်ထားတဲ့ ပညာလေးတစ်ခုနဲ့ ကူညီနိုင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ပြီးလျှင်၊ မိုးကြီးက ငွေတိုးအား သူ၏အစီအစဉ်ကို အသေးစိတ် ပြောပြလေ၏။ ငွေတိုးလည်း မိုးကြီး၏အကြံကို လက်ခံလိုက်လေ၏။

ငွေတိုးသည် ထိုအကြောင်းများကို မောင်လုံးတို့အား အသိပေးမထားချေ။

ညသို့ရောက်လျှင် ငွေတိုးသည် အရက်ဝိုင်းများကြားတွင် လှည့်ပတ်၍ လိုအပ်သည်များကို ပြုလုပ်ပေးနေရင်း ထောင့်စွန်းစားပွဲတစ်လုံးမှ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများဖြင့် လွှမ်းခြုံထွားကျိုင်းလှသော လူထွားကြီးတစ်ယောက်ကို သတိပြုမိ၏။ ထိုသူကလည်း ငွေတိုးကို မသိမသာ အကဲခတ်လျက် ရှိသည်ကို တွေ့ရ၏။

ထိုအခိုက်တွင် မောင်လုံးက ငွေတိုးကို

"ဟိုးဖက်ထောင့်စွန်းက မုတ်ဆိတ်မွေးတွေနဲ့ လူထွားကြီးက မြို့ပေါ်က လူမိုက်ဘထွားလို့ ခေါ်တယ်၊ ဒီကောင်ကြီးက ရောက်ရာနေရာမှာ အမြဲပြဿနာရှာတတ်တယ်၊ ကိုနက်ကျော်ကြီးမှ ဒီကောင်ကြီးကိုနိုင်တာ အခု ကိုနက်ကျော်ကြီး မရှိတော့ ဒီကောင်ကြီး ပြဿနာရှာနိုင်တယ် သတိထားရမယ်"





ဟု ပြောလေ၏။

မကြာမီတွင် မောင်လုံးသည် ငွေတိုးအနီးသို့ တိုးကပ်လာပြန်ကာ လေသံတိုးတိုးဖြင့်

"လူမိုက်ဘထွားရဲ့စားပွဲနဲ့ မလှမ်းမကမ်းမှာ မျက်နှာစုတ်ချွန်းချွန်းနဲ့ လူသုံးယောက်ကို တွေ့တယ်မဟုတ်လား၊ အဲဒီကောင်တွေက ကန်ဟိုဖက်ခြမ်းမှာရှိတဲ့ ဦးဘကျော်ဆိုတဲ့ လူကြီးရဲ့ လောင်းကစားဝိုင်းက လူမိုက်တွေပဲ၊ ဒီကောင်တွေ ဒီဆိုင်မှာ တစ်ခါမှ မသောက်ဖူးဘူး၊ အခု ရောက်လာတယ်ဆိုတော့ နည်းနည်းထူးခြားနေတယ်၊ သူတို့ကိုလည်း သတိထားရမယ်"

ဟု ဆိုပြန်၏။ ထိုအခါ ငွေတိုးလည်း မျိုးမြင့်၏ မိမိကိုကြိမ်းဝါးသွားသည့် စကားကို သတိရကာ ထိုသူများကို မျိုးမြင့်က စေလွှတ်လိုက်ခြင်း ဖြစ်ရမည်ဟု တွေးမိ၏။ ထိုအခိုက်တွင် လူမိုက်ဘထွားသည် ရုတ်တရက် စားပွဲကို ဝုန်းခနဲ ထု၍ ကျယ်လောင်စွာဖြင့်

"ဟေ့ . . အရက်ဆိုင်ကကောင်တွေ၊ ဒီလောက်ညံ့တဲ့ အရက်ကို ဇိုးဆီလာချပေးရသလားကွ၊ ဘထွားက အကောင်းစားဦးရည်ကိုမှ သောက်တတ်တာ မသိဘူးထင်တယ်"

ဟု အော်ဟစ်လေ၏။ မောင်လုံးက



www.burmeseclassic.com

www.burmeseclassic.com



“ဘထွားတော့ ပြဿနာရှာပြီ ထင်တယ်”

ဟု ညည်းညူ၍ ဘထွားစားပွဲသို့ ရောက်သွားပြီး

“ဒီအရက်က ဦးရည်အစစ်ပါဗျာ၊ ကိုဘထွား ရေချိန် ကိုက်နေပြီထင်တယ်”

ဟု တောင်းပန်လေရာ ဘထွားက စားပွဲပေါ်ရှိ ပုလင်းဖန်ခွက်များကို လက်ဖြင့် ဝှေ့ယမ်းကာ ရိုက်ထုတ်လိုက်ပြီး

“မလိုချင်ဘူး ဒီထက်ကောင်းတဲ့အရက်ကို ပေးစမ်း”

ဟု အော်ဟစ်လေ၏။ ထိုအခါ ငွေတိုးလည်း ဘထွားကို

“ဒီအရက်က အကောင်းဆုံးပဲဗျ”

ဟုပြောလေရာ ဘထွားက ငွေတိုးကို စေ့စေ့ကြည့်၍

“မင်းက ဘယ်ကကောင်လဲ ငါ့စကားကို ဘယ်ကောင်မှ လွန်ဆန်တာ မကြိုက်ဘူးကွ၊ အခုချက်ချင်း အရက်လဲမပေးရင် မင်းတို့ဆိုင်ကို ဖြိုပစ်မယ်”

ဟု ဆိုကာ ဝုန်းခနဲ ထရပ်လေ၏။ အရက်သောက်သူများ အားလုံးလည်း ငြိမ်သက်သွားကြ၏။ ထိုအခါ ငွေတိုးက ဘထွားကို

“ဒီလိုလုပ်လို့တော့ ဘယ်ဖြစ်မလဲဗျာ၊ ကျုပ်တို့က စီးပွားရှာစားနေတာပဲ၊ ဒီဆိုင်မှာရှိတဲ့ အကောင်းဆုံးအရက်ကိုမှ ခင်ဗျားက မကြိုက်ဘူးဆိုရင် တစ်ခြားဆိုင်ကို ပြောင်းသောက်





ပေါ့ဗျာ”ဟု ပြောလိုက်၏။

ဘထွားက ကျွဲပေါက်ကြီးတစ်ကောင်ကဲ့သို့ တရှူးရှူးနှင့် ဒေါသထွက်သွားဟန်ဖြင့် ၎င်း၏လက်သီးကြီးကို မိုးပေါ်မြှောက်၍

“အောင်မာ . . မင်းလို မလောက်လေးမလောက်စားက လေးကများ”

ဟု ပြောကာ ငွေတိုးထံသို့ ပြေးဝင်လာ၏။ မောင်လုံးက

“ငွေတိုး သတိထား”

ဟု အော်ဟစ်ပြောလိုက်ချိန်မှာပင် ဒေါသတကြီးနှင့် ပြေးဝင်လာသော ဘထွားသည် ငွေတိုးနှင့် လက်တစ်ကမ်းအကွာသို့ ရောက်လျှင် ထူးဆန်းစွာ ဝုန်းခနဲ လဲပြိုသွား၏။

ဘထွားသည် ငွေတိုးကို မည်သို့မျှ မပြုလုပ်နိုင်မီ လူသေကောင်ကဲ့သို့ ဆန့်ဆန့်ကြီး ဖြစ်သွားလေ၏။ ငွေတိုးက ဘထွား၏ လည်ဂုတ်ကို စမ်းသပ်ကြည့်လိုက်ပြီး ကြောင်အမ်းအမ်းဖြစ်နေသော မောင်လုံးဖက်သို့ လှည့်၍

“ဒီလူ အမူးလွန်သွားတာ ဖြစ်ပယ်ဗျ၊ သူ့ကို မြင်းလှည်းတစ်စီးပေါ်တင်ပြီး အိမ်ပြန်ပို့လိုက်ပါဗျာ”

ဟု ပြောလိုက်လေ၏။ ဘထွားကို မြင်းလှည်းဖြင့် ပြန်ပို့ပြီး၍ မကြာမီတွင် အရက်ဆိုင်သည် ပြန်လည်၍ အသက်ဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



အရက်သမားများသည် အချိန်အတန်ကြာလျှင် ဘထွားကို မေ့သွားကြ၏။ ထိုအခိုက်တွင် ဦးဘကျော်၏ လောင်းကစားအိမ်မှ လူသုံးယောက်က တစ်စခန်းထလာပြန်၏။ ၎င်းတို့သည် စားပွဲထိုးကလေးတစ်ဦးအား အကြောင်းမဲ့ရိုက်ပုတ်ကာ

"မင်းတို့ဆိုင်က စားပွဲထိုးတွေ ညံ့လှချည့်လားကွ၊ အမြည်းမှာတာကို မြန်မြန်လုပ်မပေးဘူး"

ဟု အော်ဟစ်လေ၏။ ထိုအခါ မောင်လုံးလည်း သွားရောက် တောင်းပန်ရပြန်၏။ သို့သော် မျက်နှာစုတ်ချွန်းချွန်းနှင့်လူက

"ငါတို့က အပန်းဖြေချင်လို့ ဒီမှာလာသောက်တာ၊ ဒီစားပွဲထိုးလုပ်တာနဲ့ စိတ်အနှောင့်အယှက် ဖြစ်တယ်၊ အဲဒါကြောင့် ပိုက်ဆံတစ်ပြားမှ မပေးနိုင်ဘူး။ အရက်ဖိုးတောင်းတဲ့လူ ဟောဒီက ဓားနဲ့တွေ့မယ်"

ဟု ပြောကာ စားပွဲပေါ်သို့ ဓားမြှောင်တစ်ချောင်းကို ထိုးစိုက်လိုက်၏။ ငွေတိုးက

"ဒီလိုလုပ်လို့ ဘယ်ရမလဲဗျာ၊ စားသောက်ပြီးရင် ကျသလောက်တော့ ရှင်းရမှာပေါ့"

ဟု ပြောဆိုလိုက်၏။





ထိုအခါ ရန်ရှာချင်နေသည့် လူသုံးယောက်သည် ငွေတိုးကို အမဲဖျက်မည့်တန်ဖြင့် ထရပ်လိုက်ကြ၏။ မျက်နှာစုတ်ချွန်းချွန်းနှင့်လူက ဓားမြှောင်ကို ဆတ်ခနဲ ဆွဲနုတ်၍

"ငွေတော့ မရဘူး။ ဟောဒီဓားပဲ ရမယ်"

ဟု ပြောကာ ငွေတိုးထံသို့ ပြေးဝင်လာတော့၏။ အရက်သမားများလည်း ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြ၏။ ထိုဆိုင်တွင် ဆက်တိုက်ပင် ပြဿနာတက်နေသည်ကိုလည်း အံ့ဩနေကြ၏။

ဒီတစ်ခါတော့ဖြင့် ငွေတိုးဟူသည့်ကောင်လေး ပယ်ပယ်နယ်နယ် ခံရတော့မည်ဟု ထင်မှတ်သွားကြ၏။

သို့သော် စုတ်ချွန်းချွန်းလူသည် ငွေတိုးထံသို့မရောက်မီ လက်တစ်ကမ်းအလိုတွင် ဘထွားကဲ့သို့ ဗိုင်းခနဲ လဲကျသွားပြန်၏။ ၎င်း၏အဖော်နှစ်ယောက်သည် မျက်လုံးပြူးသွားကြ၏။ ငွေတိုးက လဲကျနေသူ၏ လည်ကုတ်ကို စမ်းသပ်ကာ

"ဒီလူလည်း အမူးလွန်နေပြန်ပြီဗျ"

ဟု မောင်လုံးကို ပြောလိုက်လေ၏။ ထိုအခါ မျက်နှာစုတ်ချွန်းချွန်းနှင့်လူ၏ အဖော်နှစ်ဦးသည် ဘာလုပ်ရမည်မှန်း မသိတော့ဘဲ ထိုသူကို ထမ်းပိုး၍ ထွက်သွားကြတော့၏။

ထိုအခါ အရက်သမားအိုကြီးတစ်ယောက်သည် ဒူး



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှလူအား လေသံတိုးတိုးဖြင့်

"ကျုပ်တော့ အံ့ဩတယ်၊ ဒီကောင်လေးဟာ ပညာတစ်ခုခုတော့ တတ်ထားပုံရတယ်၊ ကျုပ်အထင်တော့ အောက်လမ်းနည်းတွေ ဘာတွေများလား မသိဘူး၊ သူ့ကို ရန်မူမဲ့လူတွေ တဖိုင်းဖိုင်းလဲကျကုန်တာ ခင်ဗျားအမြင်ပဲ မဟုတ်လား"

ဟု ပြောလေ၏။ ထိုအခါ ကျန်လူက ခေါင်းတဆတ်ဆတ်ညိတ်၍

"ဖြစ်နိုင်တယ် .. အောက်လမ်းနည်း မဟုတ်တောင် ဒီကောင်လေးမှာ အစွမ်းထက်တဲ့ ပညာတစ်ခုခုတော့ တတ်ထားမှာအမှန်ပဲဗျ" ဟု ထောက်ခံလေတော့၏။





အရက်ဆိုင်တွင် လူရှင်းသွားသောအခါ မောင်လုံးသည် အောင့်မထားနိုင်တော့ဘဲ ငွေတိုးကို

"ငါတော့ အံ့ဩတယ်ကွာ၊ မင်း ဘယ်သွားနဲ့ ဦးဘချော်အိမ်ကကောင်ကို ဘယ်လိုလုပ်လိုက်တာလဲ၊ ငါတို့မျက်စိရှေ့မှာတင် ဒီကောင်တွေ မင်းကို ဘာမှမလုပ်နိုင်ဘဲ ရှုံးနိမ့်သွားရတယ်၊ အရက်သမားတွေကတော့ မင်းက အောက်လမ်းပညာနဲ့ တိုက်ခိုက်လိုက်တယ်လို့တောင် ထင်နေကြတယ်၊ ဟုတ်သလား"

ဟု မေးမြန်းလေ၏။

ငွေတိုးက ရယ်မောပြီး



www.burmeseclassic.com

www.burmeseclassic.com



"တဲ . . ဟဲ . . ဒီလူတွေကို အောက်လမ်းပညာနဲ့ တိုက်ခိုက်လိုက်တာ မဟုတ်ပါဘူးဗျာ၊ အထက်လမ်းပညာနဲ့ တိုက်ခိုက်လိုက်တာပါ။ အထက်လမ်းပညာဆိုတာလည်း တကယ့်ကို အထက်လမ်းပညာစစ်စစ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ကို ကူညီတဲ့သူက သစ်ပင်ပေါ်တက်ပြီး ဒီလူတွေကို အဝေးက တိုက်ခိုက်လိုက်တာပါ။ ဒါကို ဘယ်သူမှ မရိပ်မိလိုက်ဘူး"

ဟုပြောကာ အနီးရှိ သစ်ပင်မြင့်ကြီးပေါ်သို့ မော့၍

"ကိုမိုးကြီး ဆင်းခဲ့ပါတော့ဗျာ"

ဟု ခေါ်လိုက်လေ၏။

ထိုအခါ သစ်ပင်ထက်မှနေ၍ မိုးကြီးသည် လက်ထဲတွင် နှစ်ထောင်ကျော်ခန့်ရှိမည့် ဝါးပြွန်တစ်ချောင်းကိုကိုင်ကာ ဆင်းသက်လာ၏။

မောင်လုံးသည် မိုးကြီးကိုမြင်လျှင် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ငွေတိုးက

"ကျုပ်ကို လူမိုက်ဘထွားက အန္တရာယ်ပေးမယ်ဆိုတာကို ဟောဒီက ကိုမိုးကြီးက မထင်မှတ်ဘဲ သိလာတယ်ဗျ။ အဲဒီအကြောင်းကို သူက ကျုပ်ဆီလာပြီး သတိပေးရင်း သူတတ်ထားတဲ့ ပညာနဲ့ ကျုပ်ကို အကူအညီပေးတာဗျ။ ကိုမိုးကြီးရဲ့ မှုတ်ပြောင်း





မှုတ်တဲ့ လက်ဆကလည်း ကောင်းတယ်၊ မှုတ်ပြောင်းက ထွက်လာတဲ့ မြားတံသေးသေးကလေးဟာ ကျုပ်ကို ရန်ပြုမလို့ ပြေးဝင်လာတဲ့ လူမိုက်ဘထွားရဲ့လည်တိုင်ကို တန်းတန်းမတ်မတ် ထိတာပဲ၊ လောင်းကစားအိမ်က လူလည်း ဒီအတိုင်းပဲ ခံလိုက်ရတယ်၊ အဲဒီလူတွေဟာ မြားမှာပါတဲ့ အဆိပ်ကြောင့် တုန်းခနဲ လဲပြိုသွားကြတာပေါ့။ ကျုပ်က သူတို့လဲကျသွားတုန်း စမ်းသပ်သလိုလိုနဲ့ သူတို့ရဲ့ လည်တိုင်မှာ စိုက်နေတဲ့ မြားကလေးတွေကိုတောင် ပြန်နုတ်ယူထားလိုက်သေးတယ်"

ဟု ရှင်းပြလေရာ မိုးကြီးက ရယ်မော၍

"ဟား . . ဟား . . မြားမှာ အဆိပ်ကို မေ့မြောသွားရုံလောက်ပဲ သုံးထားတော့ အသက်အန္တရာယ် မရှိပါဘူး။ ဒီလူတွေ မှတ်လောက်သားလောက်တော့ ဖြစ်သွားပါပြီ၊ သူတို့ကိုယ်သူတို့ဘာ ဖြစ်သွားမှန်းတောင် သိမှာမဟုတ်ဘူး"

ဟု ပြောလေ၏။ ထို့နောက် ငွေတိုးက မောင်လုံးနှင့် မိုးကြီးတို့အား သူနှင့်ရာဇဝတ်အုပ်သည် မိုးစန္ဒာဟူသော မိန်းမနှင့်ပတ်သက်၍ ရန်ငြိုးရှိခဲ့ပုံ၊ မျိုးမြင့်ဟူသော ကုလားဒိန်နှင့်မှ နီမဟူသော အပျော်မယ်ကလေးနှင့် ပတ်သက်၍ ရန်ငြိုးရှိခဲ့ပုံ အလုံးစုံကို ရှင်းပြလိုက်လေ၏။

www.burmeseclassic.com



ထိုအခါ မိုးကြီးက

"မင်းနဲ့ ရန်ငြိုးရှိတဲ့သူတွေက မင်းကို သွေးတိုးစမ်းလိုက်တယ်။ ဒီအတိုင်းဆို မင်းအတွက် အန္တရာယ်တွေက ထပ်လာဦးမှာပဲ"

ဟု ပြောလေရာ မောင်လုံးက

"ဘယ်လိုပဲဖြစ်ဖြစ် ဒီကောင်တွေကို အနိုင်ရလိုက်တာ၊ ကျုပ် သိပ်ဝမ်းသာတာပဲ"

ဟု ဆိုကာ စားပွဲထိုးများကို စားကောင်းသောက်ဖွယ်များ ပြင်ဆင်ခိုင်းကာ မိုးကြီးနှင့်အတူ စားသောက်ကြ၏။

ထိုညက မိုးကြီးသည် ရေချိန်လွန်သွားသောကြောင့် အရက်ဆိုင်တွင်ပင် မောင်လုံးနှင့်အတူ အိပ်စက်လေ၏။ ထို့နောက် နံနက်မိုးလင်းလျှင် မိုးကြီးက ငွေတိုးကို နှုတ်ဆက်၍ ခရီးထွက်ခွာ ဟန်ပြင်လေ၏။ ထိုအခါ ငွေတိုးက

"ကျုပ်ကို ခင်များအကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ခင်များမှာ တစ်ခြားအကြောင်းကိစ္စမရှိရင် ဒီမှာ အေးအေးဆေးဆေးနေလို့ရပါတယ်၊ ကျုပ်လည်း ဒီကိုရောက်နေတဲ့ ဧည့်သည်ပါ။ ဒါပေမဲ့ ဒီဆိုင်ပိုင်ရှင် ကိုနက်ကျော်ကြီးကလည်း ခင်များလိုလူကို ခင်မင်မှာပါ"





ဟု ဇိတ်ခေါ်လေရာ မိုးကြီးက သက်ပြင်းချ၍

"မင်းတို့နဲ့နေရတာ ပျော်စရာကောင်းပါတယ်၊ ဒါပေမဲ့ ငါ့အနေနဲ့ ကောက်ရိုးပုံထဲက အပ်ကို ရှာဖွေနေရသလို ဘယ်လိုမှ သတင်းအစအနမရတဲ့ လူတစ်ယောက်ကို လိုက်လံရှာဖွေရဦးမယ်၊ အဲဒီကိစ္စကလည်း ငါ့အတွက် သေရေးရှင်ရေးလောက်ကို အရေးကြီးတယ်"

ဟု ပြောလေ၏။ ငွေတိုးက မိုးကြီး၏စကားကို စိတ်ဝင်တစားနားစွင့်နေလေ၏။

မိုးကြီးက ဆက်၍

"အဲဒီအကြောင်းတွေ မင်းကိုတော့ ပြောပြပါ့မယ်၊ တကယ်တော့ ငါဟာ ထောင်ကလွတ်လာတာ မကြာသေးတဲ့ ထောင်ထွက်တစ်ယောက်ပါ။ အမှုကတော့ မသိနားမလည်တဲ့ လယ်သမားတစ်ယောက်ရဲ့ လယ်ယာတွေကို အတိုးတွေ အံထပ်ထပ်နဲ့ နောက်ဆုံးမှာ သိမ်းယူဖို့ကြိုးစားတဲ့ အမြတ်ကြီးစား ချစ်တီးသူဌေးတစ်ယောက်ကို ငါက လယ်သမားရဲ့ကိုယ်စားဝင်ပြီး ဆုံးမရိုက်နှက်ခဲ့တဲ့အတွက် ချစ်တီးလည်း မသေမရှင် ခံလိုက်ရပြီး ငါလည်း ထောင်ထဲရောက်ခဲ့ရတယ်၊ ထောင်ထဲရောက်ပြန်တော့လည်း အားနည်းသူဖက်က ဝင်ကူညီရင်း လူပေလူတေတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ အပြုံးအတေးကို ခံခဲ့ရတယ်၊ အဲဒီသူက အလစ်မှာ ငါ့ရဲ့အသက်ကို ရန်ရှာတဲ့အခါ ကိုကျောက်တစ်လုံးဆိုတဲ့ နှစ်ကြိုး သမားတစ်ယောက်ကြောင့် ငါဟာ အသက်ဘေးက လွတ်ခဲ့တယ်၊ ကိုကျောက်တစ်လုံးဟာ ငါ့ရဲ့အသက်သခင် ကျေးဇူးရှင်ပေါ့ကွာ၊ သူလည်း အသက်ဆိုးမရှည်ပါဘူး။ ထောင်ထဲရောက်ကတည်းက ရလာတဲ့အဆုတ်ရောဂါကြောင့် ငါနဲ့သိကျွမ်းပြီး မကြာခင်မှာပဲ သေဆုံးသွားတယ်၊ ကိုကျောက်တစ်လုံး မျက်စိတစ်ဖက်လပ်နေ တဲ့အတွက် ကျောက်မျက်လုံးအစားထိုး တပ်ဆင်ထားလို့ အဲ့ဒီလို ကျောက်တစ်လုံး အမည်တွင်နေတာ ထင်တယ်၊ သူဟာ မသေခင် ကတည်းက ဒီရောဂါဆိုးကြီးကြောင့် မကြာခင် လူ့လောကက ထွက်သွားရတော့မယ်ဆိုတာ ကြိုပြီးသိနေခဲ့တယ်၊ အဲဒီမှာ ငါ့ကို အကူအညီတစ်ခု တောင်းတယ်ကွ၊ ငါထောင်ကလွတ်ပြီး အပြင် လောကကို ပြန်ရောက်ရင် လူတစ်ယောက်ကို ရှာဖွေပြီး သူ အမှာပါးခဲ့တဲ့ စကားတစ်ခွန်းကို ပြန်ပြီး ဖောက်သည်ချရမယ်တဲ့၊ အဲဒီစကားကလေးဟာ လူတစ်ယောက်ရဲ့ အနာဂတ်အတွက် အသက်လောက်ကို အရေးကြီးတယ်လို့ ဆိုတယ်ကွ၊ ပြီးတော့ လည်း သူ့ရဲ့ကျောက်မျက်လုံးတစ်လုံးကို ပေးခဲ့တယ်၊ အဲဒီ ကျောက်မျက်လုံးကို သူရှာဖွေခိုင်းတဲ့လူရဲ့လက်ထဲ အရောက်





ထည့်ပြီး အမှာပါးလိုက်တဲ့စကားကိုလည်း ပြောဖြစ်အောင် ပြောပါလို့မှာခဲ့တယ်ကွ၊ အဲဒါနဲ့ ငါလည်း သူရှာခိုင်းတဲ့လူကို လိုက် ပြီး ရှာဖွေနေရတာပေါ့ကွာ”

တဲ့ ရှင်းပြလေ၏။

ထိုအခါ ဖွေတိုးက

“ကိုကျောက်တစ်လုံးက ခင်ဗျားကို ရှာဖွေရမယ့်လူ ရဲ့လိပ်စာ မပေးလိုက်ဘူးလား”

ဟုမေးမြန်းလေရာ မိုးကြိုးက ခေါင်းရမ်းပြီး

“ဘယ်လိုလုပ် လိပ်စာပေးလိုက်မလဲ၊ အဲဒီသူက တော ပုန်းဓားပြကြီးတစ်ယောက် ဖြစ်နေတာကိုးကွ၊ ငါ ထောင်က လွတ်လွတ်ခြင်း သူ့ကို စုံစမ်းတော့ သူလည်း ထောင်ကျပြီး ပြန် လွတ်လာတယ်လို့ သိရတယ်၊ ဒီနယ်မှာတော့ မကောင်းမှုတွေနဲ့ ချမ်းသာနေကြတဲ့ သူဌေးတွေ လူကုံထံတွေ အကြောက်ကြီး ကြောက်နေရတဲ့ ဓားပြကြီး တောကျီးတန်းဆိုတဲ့လူပေါ့၊ အဲဒီလို တောပုန်းဓားပြတစ်ယောက်ကို လိုက်ပြီးရှာရတာ၊ ကောက်ရိုးပုံ ထဲက အပ်ကို ရှာရသလိုပဲလို့ ငါ ပြောခဲ့တာပေါ့၊ ဒါပေမဲ့ ငါ့ရဲ့ ကျေးဇူးရှင် အကူအညီတောင်းသွားတဲ့ ကိစ္စဆိုတော့ ငါက မတွေ့တွေ့အောင် ရှာရမှာပေါ့ကွာ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

''တောကျီးကန်းဆိုတဲ့ ဓားပြကြီးအကြောင်း ချုပ်လည်း ဒီကလောင်းကစားဝိုင်းတစ်ခုမှာ ကြားခဲ့ဖူးတယ်၊ ဟုတ်တယ်ဗျ သူ့ကိုရှာဖွေဖို့ဆိုတာ သိပ်မလွယ်လှဘူး''

ဟု ထောက်ခံလိုက်၏။ ထို့နောက် မိုးကြီးသည် ငွေတိုးတို့ကို နှုတ်ဆက်ကာ ဓားပြကြီးတောကျီးကန်းကို ရှာဖွေရန် ထွက်ခွာသွားတော့၏။





ထိုနေ့တွင်ပင် နက်ကျော်ကြီးသည် ခရီးထွက်သွားရာမှ ပြန်ရောက်လာ၏။ ၎င်းသည် ပြန်ရောက်လျှင် ရောက်ခြင်းပင် သူ၏ခရီးဆောင်အိတ်ကို ဗုန်းခနဲ ပစ်ချ၍ ငွေတိုးကို

''မင်းရဲ့ ဟိုကောင်မလေးကိစ္စတော့ သိလာခဲ့ရပြီ''

ဟု သတင်းပေးလေ၏။ ငွေတိုးက နားမလည်ဟန်ဖြင့် ရှိနေလေရာ နက်ကျော်ကြီးက ဆက်၍

''ဒေါ်ညိုကြီးအိမ်က နီမလေကွာ၊ နီမကို မင်း ဘယ်လိုကူညီရမလဲမသိလို့ အကြံရခက်နေတယ် မဟုတ်လား၊ အဲကြောင့် ငါက မင်းအစား နီမရဲ့ရွာကိုသွားပြီး စုံစမ်းကြည့်တာကွ၊ အဲဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



နီမအတွက် ဝမ်းသာစရာ သတင်းကောင်းတစ်ခု ကြားခဲ့ရတယ်၊ နီမက သူ့ကိုယ်သူ လူသတ်မှုဖြစ်ပြီလို့ ထင်နေရှာတယ်၊ တကယ် တော့ သူ ဓားနဲ့ထိုးလိုက်တဲ့သူဟာ မသေဘူး။ အဲဒီလူက နီမကို မတရားကြံထားတဲ့သူဆိုတော့ သူ့အပြစ်နဲ့သူ တစ်နယ်တစ်ကြေး ကို ပြောင်းရွှေ့သွားတယ်၊ နီမရဲ့ မိဘတွေလည်း သမီးစိတ်နဲ့ တော်တော်စိတ်ဆင်းရဲနေကြတယ်၊ ပြီးတော့ ဆင်းဆင်းရဲရဲ ချို့ချို့ တဲ့တဲ့နဲ့ တော်တော်စိတ်ဆင်းရဲနေကြတယ်"

ဟု ပြောလေ၏။ ငွေတိုးလည်း နက်ကျော်ကြီး ခရီးထွက် သွားရခြင်းအကြောင်းအရင်းကို ယခုမှ သိလိုက်ရ၏။

နက်ကျော်ကြီးသည် ငွေတိုး၏ကိစ္စကို သူနှင့်မဆိုင်သလို လုပ်နေသော်လည်း အကြောင်းပေါ်လာသောအခါ မျက်နှာလွှဲ၍ မနေချေ။

ငွေတိုးသည်လည်း နီမအတွက် စိတ်အေးသွား၏။ ထို့ ကြောင့် သူမအတွက် လုပ်စရာတစ်ခုသာ ရှိတော့သည်။ မကြာမီ တွင် နက်ကျော်ကြီးက အခေါ်လွှတ်လိုက်သောကြောင့် နီမသည် ငွေတိုးထံ ရောက်လာ၏။ ထိုအခါ ငွေတိုးက နီမကို

"မင်း ဒီဘဝကို တကယ်စိတ်ကုန်နေတယ်ဆိုတာ ဟုတ် ရဲ့လား" ဟု မေးမြန်းလေရာ နီမက သက်ပြင်းချ၍





"အခုလိုနေရတာဟာ ကျွန်မအတွက် မိနစ်တိုင်းမှာ ငရဲ ကျနေရသလိုပါပဲ၊ ဒီလိုရှင်လျက်နဲ့ သေနေသလိုဖြစ်တဲ့ ဘဝမျိုး က မလွတ်မြောက်တဲ့အတူတူ မကြာခင်မှာပဲ လူလောကကြီးက ထွက်ခွာသွားဖို့ ကျွန်မ ဆုံးဖြတ်ထားတယ်"

ဟု အဖြေပေးလေ၏။ ထိုအခါ နက်ကျော်ကြီးက ဝင်၍

"ကံကြမ္မာဆိုတာ အဆိုးအကောင်း ဒွန်တွဲနေတာပါ။ အခု တော့ မင်းရဲ့ကံကြမ္မာဟာ အကောင်းဖက်ကို ရောက်သွားပါပြီ"

ဟု ပြောလေ၏။ ထို့နောက် ငွေတိုးက ကိုနက်ကျော်ကြီး သွားရောက်စုံစမ်းခဲ့သည့် သတင်းကို နီမအား ပြန်လည်ဖောက် သည်ချလိုက်၏။

နီမသည် ထိုသတင်းကို ကြားကြားခြင်းပင် အချုပ်အ နှောင်မှ လွတ်မြောက်သွားသူကဲ့သို့ လွန်စွာဝမ်းသာသွား၏။ ပြီးလျှင် နီမ၏ပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလာကာ

"ကျွန်မ ဒီအိပ်မက်ဆိုးကြီးက လွတ်ပြီပေါ့၊ ဘာဖြစ်ဖြစ် အဲဒီအမှုကိစ္စ မရှိတော့ရင် ရွာကိုပြန်လို့ရပြီ၊ ကျွန်မရဲ့ မိဘတွေကို ပြန်ပြီးစောင့်ရှောက်ရမယ်၊ အခုလိုဆိုရင် မျိုးမြင့်ကိုလည်း ထိတ်လန့် စရာ မလိုတော့ဘူး"

ဟု အားတက်သရော ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ငွေတိုးက လက်ကိုင်ပဝါဖြင့် အသင့်ထုပ်ပိုးထားသော အထုပ်ကလေးကို နီမ၏ လက်ထဲသို့ ထည့်၍

"ရော့ . . ဒါဟာ ငါ့ လောင်းကစားဝိုင်းမှာ နိုင်လာတဲ့ငွေတွေပဲ၊ ဒီငွေတွေနဲ့ မင်းဘဝကို ပြန်ပြီးထူထောင်လို့ ရတယ်"

ဟု ဆိုလိုက်လေတော့၏။ ငွေတိုး၏ ရင်ထဲ၌လည်း တစ်စုံတစ်ယောက်၏ဘဝကို ဖာယ်တင်ပေးလိုက်သောကြောင့် ရလာသည့် စိတ်အေးချမ်းမှုကို လိုက်ခနဲ ခံစားလိုက်ရလေ၏။

ဤသို့ဖြင့် ငွေတိုးသည် နက်ကျော်ကြီး၏ဆိုင်တွင် နေထိုင်လာရာ ရက်အတန်ကြာခဲ့ပြီ ဖြစ်၏။

ထိုရက်များတွင် ရာဇဝတ်အုပ် မြဆွေနှင့် ကုလားဒိန်မျိုးမြင့်တို့၏ အနှောင့်အယှက်ကို မတွေ့ကြုံရသောကြောင့် ငွေတိုးမှာ အံ့သြနေမိ၏။ ထိုသူများ ငြိမ်ချက်သားကောင်းနေလေ၏။ နက်ကျော်ကြီးကမူ

"ဒီကောင်တွေ ငါရှိနေရင် မင်းကို မစော်ကားရဲပါဘူး။ ရာဇဝတ်အုပ်မြဆွေက သူ့လက်ထဲမှာ အာဏာရှိတော့ ငါတို့လို ဒီလိုအလုပ်လုပ်စားနေရတဲ့ လူတွေအပေါ်မှာ ဩဇာညောင်းပြီး သူလုပ်ချင်ရာ လုပ်လို့ရတာ မှန်ပေမယ့် ငါက ဟိုးအထက်က နယ်ပိုင်ဝန်ထောက်မင်းအထိ ပေးကမ်းပြီး ပေါင်းသင်းထားတာကွ၊





အဲ့ကြောင့် မြဆွေက အကြောင်းမခိုင်လုံဘဲနဲ့ ငါ့တို့ကို မထိရဲပါဘူး"

ဟု ပြောလေ၏။ ဦးပေတလူက ငွေတိုးကို ထိုနေရာတွင် နေထိုင်ရန် သတ်မှတ်ပေးထားသည့် တစ်လဟူသော အချိန်ပြည့်ရန် နီးကပ်လာ၏။

တစ်လတိတိပြည့်သောနေ့တွင်မူ ငွေတိုးသည် ဦးပေတလူကို မျှော်နေမိ၏။ ဦးပေတလူနှင့်တွေ့လျှင် သူ့ဘဝအတွက် မည်ကဲ့သို့ စိတ်လှုပ်ရှားစရာမျိုးကို ထပ်မံ၍ ကြုံတွေ့ရမည် မသိချေ။

ထိုညအထိ ဦးပေတလူ ရောက်မလာသော်လည်း မထင်မှတ်သောသူက ငွေတိုးထံ ရောက်လာ၏။ ထိုညက ငွေတိုးသည် ထုံးစံအတိုင်း ကန်ဘောင်တွင် လမ်းလျှောက်နေလေ၏။

ထိုအခိုက်တွင် ကန်ဘောင်အစပ်ရှိ မြေလမ်းအတိုင်း မောင်းနှင်လာသော အလုံပိတ် မြင်းရထားတစ်စင်းသည် ငွေတိုးနှင့် မလှမ်းမကမ်းတွင် ရပ်တန့်သွား၏။

ထိုမြင်းရထားသည် ငွေတိုးကို လာရောက်ခေါ်ဆောင်သည့် မြင်းရထားဖြစ်၏။ ငွေတိုးသည် မြင်းရထားနှင့်ပါလာသူကို တွေ့လျှင်

"ဩော် . . ခင်များကိုး၊ ကျုပ် အကူအညီပေးရဖို့ အချိန်ရောက်ပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်လေရာ မိုးစန္ဒာက အဖြေမပေးဘဲ

"ငွေတိုး မြင်းရထားပေါ်ကို တက်ပါ"

ဟု ခေါ်လေ၏။

ငွေတိုးလည်း မြင်းရထားပေါ်ရောက်လျှင် မြင်းရထားမောင်းသူက ကြာပွတ်သံ ရှမ်းခနဲပေးကာ မြင်းကို အော်ငေါက်၍ မောင်းနှင်လေတော့၏။ ငွေတိုးသည် အလုံပိတ်မြင်းရထားထဲတွင် မိုးစန္ဒာနှင့်အတူ လိုက်ပါလာစဉ်မှ

"ခင်ဗျားမှာ အရေးတကြီးကိစ္စတစ်ခုခု ရှိနေပြီထင်တယ်"

ဟုမေးမြန်းလိုက်ရာ မိုးစန္ဒာက ခေါင်းညိတ်၍

"ဟုတ်တယ် .. ဒါပေမဲ့ ဇီ့ကိစ္စတော့ မဟုတ်ဘူး။ မင်းကိစ္စပဲ၊ မင်းကို ရာဇဝတ်အုပ်ကိုမြဆွေက အမှုနဲ့ချောပစ်ချင်နေတယ်ဆိုတာ မင်းသိရဲ့လား။ အခုတော့ သူ့အတွက် အကွက်ပေါ်သွားပြီ၊ သူဟာ ကိုနက်ကျော်ကြီးရဲ့ဆိုင်မှာ ဓားပြကြီး တောကျီးကန်းနဲ့ အပေါင်းအပါတွေ ခိုအောင်းနေတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အထက်လူကြီးတွေကို အစီရင်ခံပြီး ဒီညသန်းခေါင်လောက်မှာ ကိုနက်ကျော်ကြီးဆိုင်ကို ပုလိပ်အင်အားသုံးပြီး ဝင်စီးလိမ့်မယ်၊ အဲဒီမှာ မင်းကို တွေ့ရင် ညှာမှာမဟုတ်ဘူး။ ပုလိပ်ဌာနမှာရှိတဲ့





ဇီရဲ့မိတ်ဆွေဆီက အဲဒီသတင်းကို ကြားကြားခြင်း မင်းဆီကို ရောက်လာတာပဲ"

ဟု ပြောလေ၏။

ငွေတိုးက လက်သီးဆုပ်၍

"တောက် .. ဒီလူက တော်တော်ယုတ်မာတာပဲ၊ ကိုနက်ကျော်ကြီးကို အချိန်မီ အကြောင်းကြားရမယ်"

ဟု ပြောလိုက်ရာ မိုးစန္ဒာက ခေါင်းရမ်းပြီး

"ဒီကိစ္စကို ကိုနက်ကျော်ကြီး ရှင်းနိုင်ပါတယ်၊ အဲဒီမှာ မင်းကို တွေ့မသွားဖို့ အရေးကြီးတယ်၊ ဇီနဲ့သာ လိုက်ခဲ့ပါ။ ဒီမြို့မှာ မင်းအတွက် ပုန်းခိုဖို့ အလုံခြုံဆုံးနေရာဟာ ဇီ့အိမ်ပဲ ရှိတယ်"

ဟု ပြောလေတော့၏။ ဤသို့ဖြင့် ငွေတိုးသည် မိုးစန္ဒာ၏ အိမ်သို့ ရောက်လာခဲ့၏။

အရင်တစ်ခေါက် ရောက်ခဲ့စဉ်က မိုးစန္ဒာနှင့် ရေတန်ကလေးမှ တံတားပေါ်တွင် တွေ့ဆုံခဲ့၏။ သူမ၏အိမ်သို့ ရောက်ခဲ့ဖူးခြင်း မရှိချေ။

ငွေတိုးသည် ညေ့ခန်းတွင်းသို့ ဝင်ရောက်လိုက်လျှင်ပင် နောက်မှီ တုလားထိုင်မြင့်ကြီးဖြင့် အခန့်သား ထိုင်နေသော လူကြီး တစ်ဦးကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးက ဆေးပေါ့လိပ်ကို မီးခိုးတထောင်းထောင်းထအောင်ဖွာလျက် ငွေတိုးကို စိုက်ကြည့်နေလေ၏။ ငွေတိုးကလည်း ထိုသူကိုမြင်လျှင် အံ့ဩတကြီးဖြင့်

"ဟိုက် . . ဦးပေတလူကြီးပါလား"

ဟု အော်ဟစ်လိုက်မိ၏။ ဦးပေတလူက တဟဲဟဲ ရယ်မော၍

"ဟဲ . . ဟဲ . . ငါ့ကို ဒီနေရာမှာ တွေ့လိမ့်မယ်လို့ မထင်ဘူးမဟုတ်လား" ဟု မေးမြန်းလေရာ ငွေတိုးက ခုံတွင်ဝင်ထိုင်ပြီး

"ဟုတ်ပါတယ်ဗျာ . . ဦးပေတလူနဲ့ မမိုးစန္ဒာဟာ ဘယ်လိုမှ ဆက်စပ်နေလိမ့်မယ်လို့ မထင်ဘူး"

ဟု အဖြေပေးလိုက်၏။ ထိုအခါ ဦးပေတလူက မိုးစန္ဒာယူဆောင်လာသည့် လိမ္မော်ရည်ခွက်ကို လှမ်းယူ၍ တစ်ငုံမျှသောက်ကာ

"လောကကြီးမှာ ဒီလိုပဲ မထင်မှတ်တာတွေ ဖြစ်ပျက်နေကြတာပါပဲကွာ၊ ပြီးတော့ မင်းရင်ထဲမှာ ငါ့ကို မေးစရာမေးခွန်းတွေရှိနေတယ် မဟုတ်လား။ အဲဒါတွေကို လောလောဆယ် မမေးနဲ့ဦးကွ၊ မင်းကို စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းကလေးတစ်ခု ပြောပြ





မယ်၊ အဲဒီအကြောင်းကို နားထောင်ပြီးရင် မင်းအတွက် ဘဝသစ်တစ်ခု ရတော့မယ်"

ဟု ပြောလေ၏။ ထိုအခါ မိုးစန္ဒာကဝင်၍

"အဲဒီအကြောင်းကို ပြောမယ်ဆိုရင် လူရှပ်ကြီး(၃)ယောက်အကြောင်းက စပြီးပြောရလိမ့်မယ်"

ဟု ဆိုလေရာ ဦးပေတလူက ခေါင်းတဆတ်ဆတ်ညိတ်၍

"ဟုတ်တယ် . . လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုန်းက မြန်မာပြည်တစ်နံတစ်လျားကို လှည့်လည်ပြီး စိတ်တူသဘောတူနဲ့ တုန်ကူးသန်းရောင်းဝယ်နေတဲ့ လူ(၃)ယောက်ရှိခဲ့တယ်ကွ၊ သူတို့ဟာ ခရီးသွားလာရခြင်းကို ပျော်မွေ့သလို စွန့်စားချင်တဲ့စိတ်ဓာတ်တွေကလည်း တူညီနေကြတော့ အဲဒီလို လှည့်လည်သွားလာနေတာလည်း ဖြစ်တယ်ကွ၊ အဲဒီမှာ သူတို့ကို သိတဲ့လူတွေက သူတို့(၃)ယောက်ကို လူရှပ်ကြီးတွေလို့ ဘွဲ့အမည်ပေးခဲ့ကြတယ်၊ ဘာကြောင့်လည်းဆိုတော့ သူတို့ဟာ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေမှာလည်း စပ်စုတတ်ကြတယ်ကွ၊ ဒါကြောင့် မကြာခဏပြဿနာတွေနဲ့ တွေ့ကြုံကြတယ်၊ သူတို့မှာ ပျော်ပျော်နေတတ်တဲ့စိတ်လည်းရှိတော့ တစ်ခါတစ်ရံမှာ အကျိုးစားသန် ရန်ဖြစ်ဆိုသလိုကိစ္စတွေလည်း ရှိတတ်တယ်၊ သူတို့နဲ့ တွေ့ကြုံရသူတိုင်းဟာ



www.burmeseclassic.com

www.burmeseclassic.com



ချော်လည်းချော်ကြရတယ်၊ ရှာရှာဖွေဖွေ နောက်ပြောင်တတ်မှုကြောင့် စိတ်လည်းတိုကြရတယ်၊ မဆိုင်တဲ့ကိစ္စမှာ ဝင်ရှုပ်ကြလွန်းလို့ မဟုတ်တာ ကြံစည်နေတဲ့လူတွေဟာ သူတို့ကို လန့်ကြတယ်ကွ၊ ဒါကြောင့် လူရှုပ်ကြီးတွေလို့ အမည်တွင်နေတာပဲ”

ဟု စကားစလိုက်လေတော့၏။





ငွေတိုးသည် ဦးပေတလု ပြောမည့် လူရှုပ်ကြီး(၃)ယောက်အကြောင်းကို စိတ်ဝင်တစား နားစွင့်နေလေ၏။

ထိုအခိုက်တွင် မိုးစန္ဒာ၏အိမ်မှ မိန်းကလေးတစ်ယောက်က ကြက်ဥနိုင်နိုင်၊ ထောပတ်နိုင်နိုင်နဲ့ ပြုလုပ်ထားသော ပူတင်းမုန့်များကို ယူဆောင်ကာ စားပွဲထက်၌ ချပေးလေ၏။

ဦးပေတလုက ပူတင်းမုန့်ကို ပလုတ်ပလောင်းစားကာ ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်၍ ဗိမ်ခံလေ၏။ တစ်နည်းအားဖြင့် ဦးပေတလုသည် မျက်လုံးကို မှေးစင်း၍ အတိတ်မှ လူရှုပ်ကြီး(၃)ယောက်၏ ပုံရိပ်ကို ဖော်နေခြင်းသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဦးပေတာလူက

"လူရုပ်ကြီး(၃)ယောက်မှာ အမည်ရင်းတွေ ရှိပေမယ့် လူတွေက သူတို့ကို ခါ၊ မျောက်၊ ဆင်တွေလို့ နာမည်ပြောင်း ပေးထားတယ်ကွ၊ မြန်မာ့ရိုးရာပုံပြင်ထဲက အသက်အကြီးဆုံး ဖြိုင်ပြီး တစ်သက်တာလုံး အဆွေခင်ပွန်းဖွဲ့ပြီး နေကြတာကိုး။ အဲဒီမှာ အသက်အကြီးဆုံးဖြစ်တဲ့ မောင်ခါဟာ စဉ်းစားဆင်ခြင် ဉာဏ်နဲ့ ပြည့်စုံတယ်ကွ၊ မောင်မျောက်ကတော့ ဘယ်တော့မှ ငြိမ်ငြိမ်သက်သက် မနေတတ်ဘဲ ဟိုစပ်စပ် ဒီစပ်စပ်အလုပ်ဆုံးပဲ၊ ဆင်ကြီးကတော့ အတိုက်အခိုက်ကို ဝါသနာထုံပြီး ထိစ်ခနဲဆို လက်ကပါတတ်တော့ မောင်ခါက အမြဲထိန်းနေရတယ်၊ တစ်နေ့မှာ တော့ သူတို့ဟာ မန္တလေးဖက်ကနေပြီး ရောဝတီမြစ်ကြောင်း အတိုင်း အထက်ပိုင်းကို ကုန်ကူးသန်းဖို့ အညာဆန်လှေကြီး တစ်စင်းနဲ့ လိုက်ပါလာကြတယ်ကွ၊ အညာဆန်လှေကြီးဆိပ် ကမ်းက ခွာလို့ မကြာခင်မှာပဲ မောင်မျောက်ဟာ လှေကြီးတစ်စင်း လုံး လှည့်ပတ်သွားလာပြီး စိတ်ပျက်လက်ပျက်ဟန်နဲ့ ပြန်ရောက် လာတယ်၊ ပြီးတော့ မောင်ခါနဲ့ မောင်ဆင်ကို

"ကျုပ်တော့ ဒီလိုချည်းပဲ လှေပေါ်မှာ တစ်လကိုးသီ တင်းကြာအောင် လိုက်ပါရရင်တော့ ပျင်းပြီး သေလိမ့်မယ် ထင်





တယ်" လို့ ညည်းညူပြသတဲ့၊ အဲဒီတော့ မောင်ခါက

"မျောက်လောင်းရယ် မင်း ဒီလှေကြီးပေါ်မှာ တစ်ခုခု ရှုပ်ဖို့အကွက်တွေ့ထားပြီ ထင်တယ်၊ ကဲ . . ငါ့ကို ပြောစမ်း"

လို့ မေးလိုက်တဲ့အခါ မျောက်လောင်းလို့ခေါ်တဲ့ မောင် မျောက်က မျက်နှာမချိုမချဉ်နဲ့

"ဒီလိုဗျ မန္တလေးက ပိုးထည်တွေနဲ့ အထက်ကို တက် မယ့် ဒေါ်ရှုကြည်ဆိုတဲ့ တရုတ်မကြီးကို တွေ့တယ် မဟုတ်လား၊ အဲဒီပိန်းမကြီးရဲ့သမီးက လုံကြီးပေါက်လှနဲ့ ဘာတဲ့နာမည်က ရှုငေ ့ိုလား၊ အဲဒီကောင်မလေးမျက်နှာနဲ့ လှေပေါ်မှာ ကုန်စာ ရေးလုပ်တဲ့ တရုတ်ကပြား ပော်ဝင်းက ဒေါ်ရှုကြည်ကြီးရဲ့ အ ထည်ထုပ်တွေ ကုန်လှောင်ခန်းထဲထည့်ရင် မကောင်းတဲ့အနံ့ အသက်တွေ စွဲမှာစိုးလို့ဆိုပြီး သူ့ရဲ့ ကုန်စာရေးခန်းထဲမှာ မျက်နှာ လိုမျက်နှာရနဲ့ အပြည့်အသိပ် တင်ပေးလာတယ် မဟုတ်လား၊ သူကတော့ ဆလင်ကြီးအခန်းထဲမှာ သွားပြီး ကပ်အိပ်နေတယ် လေ"

လို့ ပြောတဲ့အခါ မောင်ဆင်က မျက်လုံးပြူးသွားပြီး

"ဟော့ . . မျောက်လောင်း၊ မင်းက အဲဒီတရုတ်မကလေး တို့ ဇတုတ်တရုတ်တွေ သွားကြဲမလို့လား၊ အိမ့်ချိုးဆိုရင်တော့ အားမ



www.burmeseclassic.com

www.burmeseclassic.com



ပေးဘူး” လို့ တားသတဲ့၊ အဲဒီတော့ မျောက်လောင်းက

“မဟုတ်ပါဘူး . . ဒီလိုကွ၊ ဒေါ်ရှုကြည်က ငွေမက်တဲ့ မိန်းမကြီးကွ၊ မောင်ဝင်းက သူ့သမီးကို ပိုးပန်းနေတာ ရိပ်မိမှာပေါ့၊ ပြီးတော့ မောင်ဝင်းလို ကုန်စာရေးတစ်ယောက်နဲ့ သူ့သမီးကို ဘယ်သဘောတူလိမ့်မလဲ၊ မောင်ဝင်းကို အသုံးချလို့ ရနေတော့ အောင့်အီးပြီး ဆက်ဆံနေတာ မဟုတ်လား။ တရုတ်မကလေး ကတော့ မောင်ဝင်းကို စိတ်ဝင်စားပုံရပေမယ့် သူ့အမေကြီးရှေ့မှာ ထိန်းထိန်းသိမ်းသိမ်းနေပုံရတယ်၊ အဲဒီတော့ ငွေမက်တဲ့မိန်းမကြီး ကို ပညာပေးရအောင် အဲဒီစုံတွဲကို နီးစပ်သွားအောင် လုပ်ပေးရင် ကောင်းမလားလို့ စဉ်းစားမိတယ်”

လို့ ပြောတယ်၊ မောင်ခါနဲ့မောင်ဆင်လည်း အဲဒီအကြံကို သဘောတူကြတော့ သူတို့သုံးယောက်ဟာ ခေါင်းချင်းဆိုင်ပြီး အဲဒီ ကိစ္စကို အကောင်အထည်ဖော်ဖို့ တိုင်ပင်ကြတော့တယ်။

အဲဒီနောက်တော့ မောင်ခါဟာ ဒေါ်ရှုကြည်ဆိုတဲ့ တရုတ်မ ကြီးဆီကို ရောက်သွားတယ်၊ တရုတ်မကြီးက မောင်ဝင်းရဲ့ ကောင်းမှုနဲ့ ကော်ဇောကြီးတစ်ချပ်ကိုခင်းပြီး စားသောက်စရာ တွေမျိုးစုံနဲ့ ဖိမ်ကျနေလေရဲ့၊ မရှုမေကတော့ ပတ်ဝန်းကျင်ရှုခင်း တွေကို ငေးမောရင်း ကွိကွိကွကွတွေ ပြောပြီး နှုတ်ဆက်တော့





တာပဲ၊ မောင်ခါတာ တရုတ်မကြီးနဲ့ အခုမှစပြီး စကားပြောဖူးတာ ဖြစ်တယ်၊ ဒါပေမဲ့ သူဟာ တကယ့်ကို ပြည်ကြီးပေါက်တစ်ယောက် လို တရုတ်စကားကို ပွတ်နေအောင် ပြောတတ်တော့ တရုတ်မကြီး လည်း သူ့ရဲ့ဆွေဟောင်းမျိုးဟောင်းကို ပြန်တွေ့သလို တော်တော် လေပေးဖြောင့်နေကြတယ်။

မကြာခင်မှာပဲ မောင်ခါနဲ့တရုတ်မကြီးဟာ တော်တော်ရင်း နှီးသွားကြတယ်၊ မောင်ခါလည်း တရုတ်မကြီး ကျွေးသမျှကို တဝတပြ စားသောက်ပြီး ကိုယ့်နေရာကိုယ်ပြန်ရောက်လာတယ်၊ အဲဒီနောက်မှာ မောင်မျောက်ဟာ ကုန်စာရင်းတွေ၊ လယ်ဂျာတွေနဲ့ အလုပ်ရှုပ်နေတဲ့ မောင်ဝင်းဆီကို ရောက်သွားတယ်၊ မောင်ဝင်းက မောင်မျောက်ကို မြင်တယ်ဆိုရင်ပဲ

“ကိုမျောက် ဘာတွေမဟုတ်တရုတ် လုပ်ဦးမလို့လဲ”

လို့ လှမ်းပြီး နောက်ပြောင်တယ်၊ မောင်ဝင်းက လူရှုပ်သုံး ယောက်အကြောင်းကို ကောင်းကောင်းသိနေတယ် မဟုတ်လား။ ဒါပေမယ့် မောင်မျောက်က မျက်နှာထားတည်တည်နဲ့ အရေးကြီးတဲ့ ဟန်မျိုးလုပ်ပြီး

“မောင်ဝင်းရယ် . . မင်းက ငါတို့ဆိုရင် မဟုတ်တရုတ် လုပ်မယ်ချည်း ထင်နေတော့တာပဲ၊ အခု ငါလာတာက မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တရုတ် မဟုတ်ဘူးကွ၊ ဟုတ်တဲ့ တရုတ်လေ၊ မင်းကို တကယ်ဟုတ်တဲ့ တရုတ် ဖြစ်ရအောင် လုပ်ပေးမလို့ လာတာကွ၊ ပြီးတော့မှ မင်း ငါတို့ကို ရှဲရှဲနီ၊ ရှဲရှဲနီနဲ့ တရုတ်လို ကျေးဇူးတင်နေမှာ မြင်ယောင်သေးတယ်၊ တဲ . . ဟဲ''

လို့ ပြောလိုက်တဲ့အခါ မောင်ဝင်းလည်း စိတ်ဝင်တစားဖြစ်သွားတယ်၊ အဲဒီတော့ မောင်မျောက်က ဆက်ပြီး

''မင်း တရုတ်မကလေး ရှုမေကို ကြိုက်ပြီး ပိုးနေတာ ငါသိတယ်ကွ၊ မင်းသာ ငါတို့စကားကို နားထောင်မယ်ဆိုရင် အဲဒီကောင်မလေးနဲ့မင်း နီးစပ်ဖို့ ငါတို့ တာဝန်ယူတယ်''

လို့ တဲ့တိုးကြီး ပြောလိုက်တော့ မောင်ဝင်းက ထိတ်လန့်တကြားဖြစ်ပြီး လက်ကလေးတခါခါနဲ့

''ကိုမျောက်ရယ် အဲဒီအကြောင်း ဒေါ်ရှုကြည်ကြီး သိပြီး ကျုပ်ဒုက္ခရောက်နေပါဦးမယ်ဗျာ၊ ဒီမိန်းမကြီးအကြောင်း ခင်ဗျားလည်း သိသားပဲ၊ ဒီမိန်းမကြီးဆီမှာ မျက်နှာကောင်းလေးရအောင် ကျုပ် တော်တော်ကြိုးစားထားရတာဗျ၊ ပြီးတော့ သူ့သမီးကို မျက်စိအောက်က အပျောက်ခံတာ မဟုတ်ဘူး''

လို့ပြန်ပြောတော့ မောင်မျောက်က

''ဒါက ကိစ္စမရှိပါဘူးကွာ၊ မင်းဖက်က ဒေါ်ရှုကြည်နဲ့





တွေ့ရင် ပြောဖို့စကားကလေးတွေ ငါ သင်ပေးထားမယ်၊ အဲဒါတွေကိုသာ သေသေချာချာ မှတ်ထားပေတော့''

လို့ပြောပြီး မောင်ဝင်းကို ပြောရမယ့်စကားတွေ သင်ပေးတော့တာပဲ၊ မောင်ဝင်းလည်း ခေါင်းကလေး တညိတ်ညိတ်နဲ့ မှတ်ထားရတယ်။

အဲဒီလိုနဲ့ နောက်တစ်နေ့ကို ကူးလာတဲ့အခါ မောင်ခါလည်း ဒေါ်ရှုကြည်ဆီကို ရောက်လာပြန်တယ်၊ အဲဒီမှာ မောင်ခါက တုန်ပစ္စည်းအကြောင်းတွေ အရင်ကလို ရောင်းဝယ်ဖောက်ကားရတာ မကောင်းတော့တဲ့အကြောင်းတွေ တစ်ခါတစ်ရံမှာလည်း ကုန်သည်လေ့တွေကို ဓားပြတိုက်တတ်တဲ့ အကြောင်းတွေကို အာလာပ သလာပပြောရင်း ဟိုး . . ရန်ကုန်မြို့ကြီးက တရုတ်သူဌေးကြီးတွေအကြောင်းကို စကားရောက်သွားတယ်၊ အဲဒီမှာ မောင်ခါက အဲဒီသူဌေးကြီးတွေထဲမှာ အချမ်းသာဆုံးလို့ ဆိုရလောက်တဲ့ ချင်းချောင်းဆိုတဲ့ သူဌေးကြီးရဲ့ကြွယ်ဝမှုတွေကို ပစားရဝခမန်း ပြောပြတယ်၊ တရုတ်မကြီးလည်း အဲဒီသူဌေးကြီး အကြောင်းကို သိတော့ သိတာပေါ့၊ ဒါပေမဲ့ မောင်ခါလောက် မသိတော့ သူဌေးကြီးရဲ့ ကြွယ်ဝချမ်းသာမှုတွေကို အခုမှ သေချာချာသိရပြီး သွားရည်တွေတောင် ကျမလောက် အားကျ

www.burmeseclassic.com



နေတော့တာပဲ၊ အဲဒီတော့မှ မောင်ခါက ဆက်ပြီး

"အဒေါ်ရယ် အဲဒီသူဌေးကြီးရဲ့ အမျိုးအဆွေတော်တဲ့ လူတစ်ယောက် ဒီလှေကြီးပေါ်မှာ ပါလာတယ်လို့ ကျုပ်ထင်တာပဲ"

လို့ ပြောလိုက်တဲ့အခါမှာ တရုတ်မကြီးလည်း စိတ်ဝင်စားသွားဖြစ်သွားပြီး

"မောင်ရင်ရယ် အဒေါ်တော့ ဒီလောက်ကြွယ်ဝချမ်းသာတဲ့ပုံ ပေါက်နေတဲ့သူကို ဒီလှေကြီးပေါ်မှာ မမြင်ခဲ့မိပါဘူး။ ဘယ်သူများ ဖြစ်လိမ့်မလဲ"

လို့ မေးမြန်းတယ်ဆိုရင်ပဲ မောင်ခါက ဘေးဘီကို လှည့်ကြည့်ပြီး လေသံတိုးတိုးနဲ့

"ကျုပ်အထင်တော့ ဒီလှေကြီးပေါ်မှာ ကုန်စာရေးလုပ်နေတဲ့မောင်ဝင်း ဖြစ်ဖို့များတယ်ဗျ၊ သူ ဘာကြောင့် ဒီအလုပ်လုပ်နေတယ်ဆိုတာလည်း ကျုပ် ခန့်မှန်းလို့ရတယ်၊ ဒီခေတ်မှာ စီးပွားရေးတွေက အပြိုင်အဆိုင် လုပ်နေကြတာ မဟုတ်လား၊ သူဌေးကြီးချင်းချောင်းကလည်း သူ့ရဲ့အဆွေအမျိုးတော်တဲ့သူကို ဒီအလုပ်တွေလေ့လာခိုင်းပြီး ဒီလိုကုန်ကူးသန်းရောင်းဝယ်နေတဲ့ ရေကြီးတွေတည်ထောင်ပြီး စီးပွားရေးချဲ့ထွင်မလို့ ဖြစ်ရမယ်ဗျ၊ ပြီးတော့ ကျုပ်က မောင်ဝင်းကို တစ်ခါက ရန်ကုန်မြို့လယ်မှာရှိတဲ့ ဘုံ





ကျောင်းတစ်ခုမှာ သူဌေးကြီးချင်းချောင်းနဲ့အတူ တွေ့ခဲ့ဖူးတာဗျ၊ အဲဒီလူဟာ မောင်ဝင်းမှ မောင်ဝင်းအစစ်ပါဗျာ၊ ကျုပ်ကောင်းကောင်းမှတ်မိတယ်၊ အဲဒီတုန်းကတော့ မောင်ဝင်းဟာ တကယ့်သူဌေးတစ်ယောက်အတိုင်း ဝတ်စားထားတာဗျ၊ လက်မှာဝတ်ထားတဲ့ ကျောက်စိမ်းလက်စွပ်ကြီးဆိုတာ ပြူးနေတာပဲ"

လို့ ပြောလိုက်တယ်၊ အဘွားကြီးလည်း အဲဒီစကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်၊ သူ့သမီးကို မောင်ဝင်းက ချိတ်ထိတ်တိတ် လုပ်နေတာလည်း ရိပ်မိနေတာကိုး၊ အရင်ကတော့ မောင်ဝင်းတို့ ဇုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မထင်တဲ့ တရုတ်မကြီးတာ မောင်ခါရဲ့စကားကြောင့် မောင်ဝင်းကို သူဌေးကြီးချင်းချောင်နဲ့ တစ်တန်းထဲမြင်ပြီး သူဌေးကြီးရဲ့ ငည်းစိမ်ဥစ္စာတွေဟာလည်း မောင်ဝင်းသာ သူ့ရဲ့သမက်ဖြစ်ရင် အကုန်လုံး သူ့လက်ထဲရောက်လာလိမ့်မယ်လို့ အတွက်အချက်ကောင်းကောင်းနဲ့ စိတ်တွက်တွက်နေသတဲ့၊ အဲဒီတော့မှ မောင်ခါက

"အဒေါ်ရယ် မောင်ဝင်းက ဒီလှေကြီးပေါ်မှာ ရိုးရိုးကုပ်လုပ်နေတာ အဒေါ်အမြင်ပဲ၊ ဒါဟာ သူ့ဘာဝအမှန်ကို ဖုံးကွယ်ပြီး လုပ်ငန်းတွေ လေ့လာနေတာ ဖြစ်မှာပေါ့၊ ကျုပ်တော့ မောင်ဝင်းကို သူဌေးကြီးနဲ့ အမျိုးအဆွေ တော်သလားလို့ မေးချင်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဝါးစပ်ကို ယားနေတာပဲ၊ ဒါပေမဲ့ မကောင်းဘူး မဟုတ်လား၊ အဲဒီလိုမေးရင်လည်း သူက အဖြစ်မှန်ကို ဖွင့်ပြောချင်မှ ပြောမှာလေ၊ ဒါပေမဲ့ ဒါတွေဟာ ကျုပ်တို့နဲ့ မဆိုင်ပါဘူး၊ လူဆိုတာကလည်း အခက်သား မဟုတ်လား၊ ဒီလိုထူးထူးဆန်းဆန်းကိစ္စဆိုရင် စိတ်ဝင်စားတတ်ကြတာပဲ'' လို့ စကားကို လက်စသတ်လိုက်တယ်၊ ဒါပေမဲ့ တရုတ်မကြီးကတော့ ဘယ်လက်စသတ်လိမ့်မလဲ၊ သူက မောင်ခါကို

''ဒီကိစ္စကို အဒေါ် မောင်ဝင်းနဲ့တွေ့ရင် အစ်အောက်ပြီး မေးကြည့်ပါဦးမယ်'' လို့ပြောတော့ မောင်ခါက

''ကြည့်လည်းမေးပါ အဒေါ်ရယ်၊ သူ့အကြောင်းကို ကျုပ်တို့ သိနေတယ်ဆိုတာ ရိပ်မိသွားပါဦးမယ်၊ သူတို့က အလုပ်ကြီးအကိုင်ကြီးသမားတွေ မဟုတ်လား၊ မပြီးခင် ဘယ်သူ့မှ မြင်စေချင်မှာ မဟုတ်ဘူး''

လို့ ပြောလိုက်တော့တယ်၊ ဒါနဲ့ပဲ တရုတ်မကြီးလည်း အဲဒီ နေ့တစ်နေ့လုံး မောင်ဝင်းအလာကိုပဲ မျှော်နေသတဲ့၊ သူ့စိတ်ထဲမှာ မောင်ဝင်းဟာ နဂိုကလို စုတ်စုတ်နုတ်နုတ် မောင်ဝင်း မဟုတ်တော့ဘူး၊ တကယ့်ကို အဖိုးတန်တဲ့ ရွှေမင်းသားလေးလို ထင်မြင်နေမှာပေါ့၊ အဲဒီလိုနဲ့ ရွှေမင်းသားကလေးမောင်ဝင်း





ရောက်လာရင်ပဲ တရုတ်မကြီးက သူ့သမီးရှုမေကို

''ဟဲ့ .. နင့်အစ်ကိုကို မုန့်တွေချကျွေးစမ်း၊ ပုဝွန်ခြောက်နိုင်နိုင်နဲ့ လက်ဖက်သုတ်စမ်း၊ ကော်ဖီလည်းဖျော်''

လို့ ခိုင်းစေသတဲ့၊ အဲဒါကြောင့် မောင်ဝင်းတောင် ဝါးစပ်အပောင်းသား ဖြစ်နေသတဲ့ သူ့ကိုယ်သူတောင် အိပ်မက်မက်နေတယ်လို့ ထင်နေသတဲ့၊ တရုတ်မကြီးကတော့ မောင်ဝင်းကို ရှိတဲ့သွားတွေ အကုန်ဖြဲပြီး ပြုံးပြတယ်၊ ပြီးတော့မှ

''တူကလေးရယ်၊ အဒေါ်တို့က မိန်းမသားချည်းပဲ ဒီလိုသွားလာနေရတာ မဟုတ်လား၊ ဒီလိုမျိုး ကိုယ့်အမျိုးအနွယ်တွေနဲ့တွေ့ပြီး တူကလေးလို ယောကျ်ားသားတွေကို အဖော်ပြုသွားရတော့ စိတ်ချလက်ချရှိတာပေါ့၊ အားကိုးပါတယ် တူကလေးရယ်''

လို့ပြောတဲ့အခါ မောင်ဝင်းကလည်း ရှုမေကို မသိမသာစောင်းကြည့်ပြီး

''အားကိုးနိုင်ပါတယ် အဒေါ်ရယ်''

လို့ ပြန်ပြောသတဲ့၊ တရုတ်မကြီးက ဆက်ပြီး

''ဒါနဲ့ တူကလေးရဲ့ ဇာတိက ဘယ်ကလဲ''

လို့မေးသတဲ့၊ မောင်ဝင်းလည်း မောင်မျောက်သင်ပေးထားတဲ့အတိုင်း မပြေချင်ပြေချင်ဟန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



''ရန်ကုန်က ဆိုပါတော့''

လို့ အဖြေပေးသတဲ့ တရုတ်မကြီးလည်း သူထင်တာ နီးစပ်ပြီဆိုပြီး ဝမ်းသာအားရနဲ့

''ဒါဆိုရင် ရန်ကုန်မှာ မိဘတွေ၊ အမျိုးအဆွေတွေတော့ ရှိမှာပေါ့၊ အဲဒီမှာ အဒေါ်ရဲ့ အသိအကျွမ်းတွေတောင် ပါရင်ပါလိမ့်မယ်''

လို့ မေးတဲ့အခါ မောင်ဝင်းက ကပျာကယာလက်ခါပြီး

''အဲဒါတော့ မပြောပါရစေနဲ့ အဒေါ်ရယ်၊ သူတို့အကြောင်းတွေ ပြောပြရင် အဒေါ် ကျွန်တော့်အပေါ်မြင်နေတဲ့ အမြင်တွေ ပြောင်းသွားလိမ့်မယ် စိတ်မရှိပါနဲ့''

လို့ ပြောသတဲ့၊ တရုတ်မကြီးက မောင်ဝင်း အဲဒီလို ပြောတယ်ဆိုရင်ပဲ သူ့အထင်ဟာ ပိုပြီးနီးစပ်လာပြီလို့ တွေးပြီး ဝမ်းသာလုံးဆို့နေသတဲ့၊ ဒါနဲ့ဆက်ပြီး

''ဒါနဲ့ စကားမစပ် တူကလေး အခုလုပ်နေတဲ့ ကုန်စာရေး အလုပ်က ဘယ်လောက်ရလို့လဲ၊ တစ်ခြားလူငယ်လူရွယ်တွေဆိုရင် စွန့်စွန့်စားစား ကုန်ကူးရင်းဘာရင်း ကြီးပွားနေကြတယ်လေ၊ အဲဒီမျိုးကို စိတ်မဝင်စားဘူးလား''

လို့ မေးပြန်တယ်၊ အဲဒီအခါမှာ မောင်ဝင်းက ခေါင်းခါပြီး





''ကုန်စာရေးအလုပ်က ရတဲ့လခက မဖြစ်စလောက်ပဲ ရှိပါတယ် အဒေါ်ရယ်၊ ဒါပေမဲ့ ဒီအလုပ်ကို အကြောင်းရှိလို့လုပ်နေတာပါ''

လို့ အဖြေပေးတဲ့အခါ တရုတ်မကြီးလည်း ထခုန်မတတ်ဖြစ်သွားတယ်၊ မောင်ဝင်းပြောတဲ့ အကြောင်းရှိတယ်ဆိုတဲ့ စကားဟာ သိပ်ပြီးအဓိပ္ပာယ်ရှိတယ်ဆိုတာ သူက သိနေတာကိုး။ တရုတ်မကြီးလည်း ထပ်ပြီး အမေးအမြန်း မထုတော့ဘူး၊ မောင်ဝင်းဟာ သူဌေးကြီးရဲ့ အမျိုးအဆွေပဲဆိုတာ၊ လုံးလုံးယုံကြည်သွားပြီဆိုတော့ အနားမှာ ကျုံ့ကျုံ့ကလေးထိုင်ပြီး သူတို့ပြောတာတွေကို ငေးမောနေတဲ့ ရှုမေကို

''ဟဲ့ . . သမီး။ ညည်းမှာ အစ်ကိုတစ်ယောက် ကောက်ရပြီလို့ မှတ်လိုက်ပေတော့၊ အဒေါ်တော့ တူကလေးကို မြင်မြင်ခြင်း တူလိုသားလို ခင်မိတယ်ကွယ်၊ တောဒီက ရှုမေကိုလည်း နှမကလေးတစ်ယောက်လို စောင့်ရှောက်ပါ''

လို့အပ်သတဲ့၊ အဲဒီမှာ မောင်ဝင်းဟာ ပျော်လွန်းလို့ သဘောကြွမ်းပြင်နဲ့လူ ထိတယ်လို့တောင် မထင်ရအောင် ဖြစ်နေသတဲ့၊ ရှုမေကတော့ ရှက်စနိုးကလေးနဲ့ ခေါင်းငုံ့ပြီး မောင်ဝင်းကိုပဲ ခိုးခိုးကြည့်နေတော့တာပဲ၊ အဲဒီလို တပြည်းပြည်းနဲ့ ရက်တွေ

www.burmeseclassic.com



ကြာလာတဲ့အခါမှာ မောင်ဝင်းနဲ့ တရုတ်မကလေးလည်း ချစ်ကြိုးတွေ သွယ်မိသွားကြတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ တရုတ်မကြီးက သူတို့နှစ်ယောက်ကို မသိချင်ယောင်ဆောင်နေတာကိုး။ အဲဒီအချိန်မှာ လူရုပ်သုံးယောက်က မောင်ဝင်းကို

''မင်း ဒီအတိုင်းတော့နေလို့ မရဘူး၊ တရုတ်မကလေးကို ခိုးပြေးမှ ဖြစ်မယ်၊ ဒေါ်ရှုကြည်ကြီးကလည်း ဒီအတိုင်းနေမှာ မဟုတ်ဘူး၊ မင်းအကြောင်းကို ဟိုစုံစမ်း ဒီစုံစမ်းလုပ်ရင် လိမ်ထားတာတွေ ဘူးပေါ်သလို ပေါ်ကုန်လိမ့်မယ်၊ အဲဒီတော့ ခရီးဆုံးတာနဲ့ ကောင်မလေးကို ခိုးပြေးပေတော့''

လို့ သတိပေးထားတယ်၊ အဲဒါနဲ့ ဆိပ်ကမ်းမြို့တစ်မြို့ကို ရောက်လာခဲ့တယ်၊ အဲဒီဆိပ်ကမ်းမှာ ကုန်တင်ကုန်ချတာနဲ့ ရေလှည့်စောင့်တာနဲ့ဆိုရင် သုံးရက်လောက်ကြာမှာ ဖြစ်တယ်။

အဲဒီမြို့ကလေးမှာ မောင်ဝင်းဟာ တရုတ်မကြီးနဲ့ ရှုမေကိုခေါ်ပြီး ဘုရားတွေဘာတွေ ဖူးကြတယ်၊ တစ်ခါတစ်ရံမှာ ရှုမေနဲ့နှစ်ယောက်ထဲတောင် မြို့ပေါ်တက် ပြီး လည်ပတ်ကြတယ်၊ မောင်ဝင်းအတွက်တော့ တကယ့်ကို ပျော်ပွဲကြီး ကျင်းပနေတာပေါ့''

ဦးပေတလူသည် အထက်ပါအတိုင်း ပြောဆိုပြီးနောက်





စကားကိုရပ်ကာ အာခြောက်သွားဟန်ဖြင့် လိမ္မော်ရည်ခွက်ကို မော့လေ၏။ ပြီးလျှင် ဆေးလိပ်ကို ဖွာ၏။ ထိုအခါ ငွေတိုးက

''ဒါဆိုရင် ကုန်စာရေးနဲ့ တရုတ်မကလေးဟာ ခရီးဆုံးရောက်တော့ ခိုးပြေးပြီး ပေါင်းဖက်သွားကြတာပေါ့''

ဟု ပြောလိုက်လေရာ ဦးပေတလူက ခေါင်းရမ်းပြီး

''ဇာတ်လမ်းက ပျော်ရွှင်ရမလိုနဲ့ ကြေကွဲစရာ ဖြစ်သွားတယ်၊ မောင်ဝင်းနဲ့ရှုမေတို့ ပေါင်းမသွားကြရပါဘူး။ ပြီးတော့ အဲဒီအဖြစ်အပျက်ရဲ့ နောက်ဆက်တွဲအဖြစ် လူရုပ်ကြီးသုံးယောက်ရဲ့ ဘဝဟာလည်း ပြောင်းလဲသွားတယ်ကွ''

ဟု ဆိုလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးပေတလုက မောင်ဝင်းတို့စုံတွဲ မပေါင်းရသည့်အပြင် လူရှုပ်ကြီးသုံးယောက်ပါ ဘဝပြောင်းသွားသည်ဟု ပြောသောကြောင့် ငွေတိုးသည် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ထိုအခါ မိုးစန္ဒာက

“လောကကြီးမှာ မထင်မှတ်တာတွေ ဖြစ်ပျက်တတ်ကြတာပဲလို့ ဦးပေတလု ပြောတာ သိပ်မှန်တာပဲ”

ဟု ဆိုလေ၏။ ထို့နောက် ဦးပေတလုက ဆက်၍

“အဲဒီလိုနဲ့ ဆိဂ်ကမ်းမြို့ကလေးက လှေကြီးထွက်လာတယ်ဆိုရင်ပဲ လူရှုပ်သုံးယောက်ဟာ ခေါင်းချင်းဆိုင်ကြဖြန်တယ်၊





ဒီတစ်ခါတော့ သူတို့ရဲ့ ပုံစံက တကယ့်ကို အရေးတကြီးကိစ္စတစ်ခုကို တိုင်ပင်နေပုံရတယ်၊ အဲဒီမှာ မောင်မျောက်က ကျန်နှစ်ယောက်ကို

“မောင်ဝင်းရဲ့ကိစ္စကတော့ ပြီးသလောက်ဖြစ်နေပါပြီ၊ တရုတ်မကြီးလည်း နောက်ဆုံးမှာ သူဌေးယောက္ခမ မဖြစ်ဘဲ ကုန်တရေး ငမွဲကိုပဲ အောင့်သက်သက်နဲ့ သမက်တော်ရမှာ မြင်ယောင်မိသေးတယ်၊ မောင်ဝင်းရဲ့ကိစ္စက အရေးမကြီးတော့ဘူး။ အခု အရေးကြီးတဲ့ ကိစ္စတစ်ခုပေါ်လာပြီ၊ ဆိပ်ကမ်းမြို့ကလေးက တက်လာတဲ့ ခရီးသွားတွေကို သတိထားပြီး ကြည့်မိရဲ့လား။ ကျုပ်တော့ သဘောမျာလိပ်ကြီးဖိုက်ပြီး တက်လာတဲ့ ဟိုဆန်ကုန်သည်မိန်းမအုပ်စုနဲ့ မလှမ်းမကမ်းက ဗလတောင့်တောင့်နဲ့ လူကိုမသင်္ကာဘူး၊ အဲဒီလူဟာ စရောက်ကတည်းက လှေတစ်စီးလုံးကို ကျီးကန်းတောင်းမှောက်ကြည့်ပြီး မျက်လုံးက ဂဏှာမငြိမ်ဘူး”

လို့ ပြောတဲ့အခါ မောင်ခါက ခေါင်းညိတ်ပြီး

“ဟုတ်တယ် . . ငါလည်း ငှက်ပျားတက်လို့ လူနှစ်ယောက်က စောင်ပုခက်ကြီးနဲ့ ထမ်းလာရတဲ့ အဲဒီလူမမာနဲ့ အထမ်းသမားနှစ်ယောက်ကို မသင်္ကာဘူး၊ လူမမာကလည်း တစ်



www.burmeseclassic.com

www.burmeseclassic.com



ခြားမြို့က ဆေးဆရာတစ်ယောက်ယောက်ဆီမှာ ဆေးကုမလို့ ထင်ရပေမယ့် ကျန်တဲ့သူနှစ်ယောက်က လူမမာကို စောင်ကြီးသာ ခြုံပေးထားတယ်၊ သေသေချာချာ ပြုစုတာတွေ စိုးရိမ်တဲ့ ဟန်တွေ မရှိဘူး။ သိပ်တော့ မရိုးဘူးထင်တယ်''

လို့ ပြောတဲ့အခါ မောင်ဆင်ကလည်း

''ဟုတ်တယ် . . ကျုပ်လည်း ဆိပ်ကမ်းမြို့ကလေးက တတ်လာတဲ့ နှုတ်ခမ်းမွေးကားကားနဲ့ ဗေဒင်ဆရာကြီးကို မသင်္ကာဘူး၊ သူ့လွယ်အိတ်ကြီးထဲမှာ တစ်တောင်လောက်အမြင့်ရှိတဲ့ ရုပ်စုံကွမ်းအစ်ကြီးလည်း ပါသေးတယ်၊ အဲဒီလောက်ကြီးတဲ့ ကွမ်းအစ်ကြီး ဆောင်လာပေမယ့် ကွမ်းတစ်ခါမှ စားတာမတွေ့ရဘူး၊ ဒီလို ကွမ်းအစ်ဆောင်တဲ့လူတွေက ကွမ်းကို မပြတ်စားနေကြတာ မဟုတ်လား''

လို့ ပြောပြန်တယ်၊ အဲဒီလိုနဲ့ သူတို့ဟာ အဲဒီလူတွေကို မျက်ခြည်မပြတ် စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်ကြတယ်၊ လှေကြီး တတော့ မြစ်ကြောင်းအတိုင်း ခရီးဆက်နေတယ်၊ မောင်ခါ၊ မောင်မျောက်နဲ့ မောင်ဆင်တို့ကတော့ သူတို့မသင်္ကာတဲ့လူတွေ အနီးမှာ လူခွဲပြီး စောင့်ကြည့်နေကြတယ်၊ သူတို့ဟာ ဒီလိုကိစ္စမျိုးတွေမှာလည်း စိတ်ဝင်စားကြတာကိုး၊ အဲဒီလိုနဲ့ နောက်တစ်





နေ့ ညနေစောင်းအချိန်မှာ မြစ်ကြောင်းရဲ့ ကျဉ်းမြောင်းတဲ့ မြစ်ကျဉ်းနေရာကို ရောက်လာတယ်၊ အဲဒီနေရာဟာ ခရီးသွားလှေသင်္ဘောတွေကို ဓားပြတွေက မကြာခဏ တိုက်ခိုက်တတ်တဲ့ နေရာဖြစ်တယ်၊ အဲဒီအချိန်မှာပဲ မောင်မျောက် စောင့်ကြည့်နေတဲ့ သဘောဖျာကြီးနဲ့လူဟာ ဖျာလိပ်ကို ဖြည်ချလိုက်ပြီး အတွင်းက ရှည်မျောမျောနဲ့အရာကို ထုတ်ယူလိုက်တယ်၊ အဲဒီအရာဟာ မြောင်းရှည် သေနတ်တစ်လက် ဖြစ်နေတယ်၊ မောင်မျောက်တလည်း လက်မနှေးပါဘူး၊ အဲဒီလူက သေနတ်ကို ထုတ်ယူလိုက်တယ် ကိုရင်ပဲ မောင်မျောက်တာ အဲဒီလူနဲ့ လုံးထွေးသွားပြီး သေနတ်ဟာ သူ့ရဲလက်ထဲကို ရောက်လာတယ်၊ အဲဒီ သေနတ်နဲ့ပဲ သဘောဖျာလိပ်နဲ့လူကို ထိန်းချုပ်လိုက်နိုင်တယ်၊ တစ်ပြိုင်နက်ထဲမှာပဲ မောင်ဆင် စောင့်ကြည့်နေတဲ့ လူမမာဟာ စောင်ခြုံကြီးကို ဖွင့်ပြီး စောင်ခြုံထဲမှာ ဖွက်ယူလာတဲ့ ဓားလွတ်တွေကို ကျန်လူနှစ်ယောက်ကို ဝေဖို့ လုပ်နေတယ်၊ မောင်ဆင်ကလည်း ဘယ်လက်နှေးရှိပိမ့်မလဲ၊ အဲဒီလူမမာတန်ဆောင်ရနေတဲ့ လူကို ခုန်အုပ်ပြီး သူ့ရဲ့ဓားတစ်ချောင်းနဲ့ လည်မျိုကို ပြန်ထောက်ပြီး ထိန်းချုပ်ထားနိုင်တယ်၊ လူမမာစောင့်တန်ဆောင်လာတဲ့ လူနှစ်ယောက်လည်း သူတို့လူကို ထိန်းချုပ်ထားတယ်ဆိုတော့ ဘာလုပ်ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး ဖြစ်နေတယ်၊ အဲဒီလိုပဲ တစ်ပြိုင်နက်ထဲမှာ မောင်ခါ စောင့်ကြည့်နေတဲ့ ဗေဒင်ဆရာကြီးဟာ ကွမ်းအစ်ကြီးကို ဖွင့်ပြီး တစ်စုံတစ်ရာကို ထုတ်ယူဖို့ ပြင်နေတယ်၊ မောင်ခါကလည်း ဘယ်လက်နှေးလိမ့်မလဲ၊ ဗေဒင်ဆရာကြီးရဲ့မေးစေ့ကို လက်သီးနဲ့အားကုန်ထိုးပြီး ကွမ်းအစ်ကို ယူလိုက်တယ်၊ သူဟာ ကွမ်းအစ်ကိုဖွင့်ကြည့်လိုက်ပြီး မျက်လုံးပြူးသွားတယ်၊ ကွမ်းအစ်ထဲမှာ ခြောက်လုံးပြူးတစ်လက်ကို ကျည်ထိုးပြီးသား အသင့်နဲ့တွေ့ရတာကိုး၊ အဲဒီတော့ မောင်ခါက ဗေဒင်ဆရာကြီးကို ထိန်းချုပ်လိုက်ပြီး

"ဒီလူကြီးဟာ လှေကြီးကို အပိုင်စီးပြီး ဓားပြတိုက်မဲ့လူကြီးပဲလို့"

အော်တစ်လိုက်တယ်၊ လူတွေလည်း အဲဒီတော့မှ ထိတ်လန့်တကြားနဲ့ အုတ်အုတ်ကျက်ကျက် ဖြစ်သွားတယ်၊ အဲဒီအခါမှာ မောင်ဆင်က

"ကံကောင်းလို့ဗျို့ ကျုပ်တို့က လက်ဦးသွားပေလို့"

လို့ အော်တစ်လိုက်ပြန်တယ်၊ အဲဒီအချိန်မှာပဲ လှေကြီးရဲ့ တစ်နေရာက မထင်မှတ်ဘဲ သေနတ်သံတစ်ချက်က နိုင်းခနဲမြည်ဟိန်းသွားတယ်၊ အဲဒီတော့ ဓားပြတွေကို လက်ရဖမ်းမိပြီ





ဆိုပြီး ဆူညံနေကြတဲ့လူတွေဟာ မီးကို ရေနဲ့ငြိမ်းသတ်သလိုငြိမ်သက်သွားကြတယ်၊ အဲဒီတော့မှ အသံဝါဝါကြီးနဲ့ အော်ဟစ်လိုက်တဲ့လူကြီးတစ်ယောက်ရဲ့ အသံက ပေါ်လာတယ်၊ မောင်ဝင်းဟာ သေနတ်သံကြားတဲ့အခါ တက်မကိုင်စခန်းထဲက ပြေးထွက်လာပြီး မြင်ရတဲ့ မြင်ကွင်းကြောင့် အသက်ရှူရပ်မတတ် ဖြစ်သွားတယ်၊ သူတွေ့လိုက်ရတာက အညာသားပုံပေါက်နေတဲ့ လူကြီးတစ်ယောက်က သူ့ရဲ့ရည်းစား တရုတ်မကလေး ရှုမေကို ဖမ်းပြီးအသံဝါဝါကြီးနဲ့

"အားလုံး ငြိမ်ကြစမ်း။ ကိုယ့်အသက်ကို ကိုယ်နှမြောရင်ကိုယ့်နေရာမှာကိုယ် ငြိမ်ငြိမ်နေကြ၊ အခုအချိန်ကစပြီး ဒီလှေကြီးကို ကျုပ်တို့ဓားပြအဖွဲ့က အပိုင်စီးလိုက်ပြီ"

လို့ အော်တစ်သံကို ကြားလိုက်ရတာကိုး၊ ပြီးတော့ ဓားပြဗိုလ်က ရှုမေကို ဓားစာခံလုပ်ပြီး သူ့လူတွေကို ထိန်းချုပ်ထားတဲ့လူရှစ်သုံးယောက်ကို

"ဟော့ကောင်တွေ ငါ့တပည့်တွေကို ချက်ချင်းလွှတ်ပေးလိုက်စမ်း။ အဲဒီလို မလုပ်ရင်တော့ ဟောဒီကောင်မလေးကို တစ်ချက်ပွမ်းပစ်မယ်"

လို့ ခြိမ်းခြောက်တယ်၊ လူရှစ်သုံးယောက်လည်း ဓားပြ

www.burmeseclassic.com



တွေကို လွှတ်ပေးလိုက်ရတယ်၊ အဲဒီတော့မှ ဓားပြတွေလည်း လက်နက်ကိုယ်စီနဲ့ လှေကြီးကို အပိုင်စီးလိုက်ကြတယ်၊ သူတို့တာ လှေကြီးကို မြစ်ရိုးအတိုင်းသွားနေရာကနေ ချောင်းကျဉ်းတလေးတစ်ခုထဲကို ဝင်ခိုင်းတယ်၊ အဲဒီမှာလည်း လှေကလေးသုံးစီးနဲ့ ဓားပြအချို့ အသင့်စောင့်နေကြတယ်၊ ဓားပြတွေဟာ လူရှုပ်သုံးယောက်ကိုတော့ မျက်ခြည်မပြတ် စောင့်ကြည့်နေကြတယ်၊ အဲဒီမှာ ဗေဒင်ဆရာယောင်ဆောင်ထားတဲ့ ဓားပြကြီးက မောင်ခါရဲ့ မျက်နှာကို ဘာမပြော ညာမပြောနဲ့ သုံးလေးခါလောက်ဆက်ပြီး ထိုးကြိတ်တယ်၊ မောင်ခါဟာ မခုခံနိုင်ဘဲ လှိမ့်နေအောင် ခံရတာပေါ့၊ ဓားပြတွေဟာ ရွှေတွေငွေတွေကို စိတ်ရှိ လက်ရှိ သိမ်းပိုက်ပြီး ဓားပြဗိုလ်က လှေသူကြီးကို

''ခင်ဗျား ဒီချောင်းရိုးအတိုင်းထွက်ပြီး မူလခရီးစဉ်အတိုင်း သွားပေတော့၊ ကျုပ်တို့အတွက် စိတ်ချရအောင် ဟောဒီကသူရဲကောင်းကြီးသုံးယောက်ရယ်၊ ဒီမိန်းကလေးရယ်ကို ဓားစာခံခေါ်သွားရလိမ့်မယ်၊ ကျုပ်တို့အတွက် စိတ်ချရတဲ့နေရာရောက်မှ ဒီလူတွေကို ပြန်လွှတ်ပေးမယ်၊ ကဲ မြန်မြန်သွားပေတော့''

လို့ အမိန့်ပေးတယ်၊ အဲဒီအခါမှာ တရုတ်မကြီးက ငိုကြီးချက်မနဲ့





''ဓားပြကြီးရယ် ကျွန်မသမီးကလေးတိုတော့ ဖမ်းမခေါ်သွားပါနဲ့၊ ရှင်တို့လိုချင်သမျှလည်း ကျွန်မတို့ဆီက ယူပြီးသွားပြီမဟုတ်လား''

လို့ တောင်းပန်တယ်၊ အဲဒီအခါ ဓားလွတ်ကိုင်ဓားပြတစ်ယောက်က တရုတ်မကြီးကို

''ဒီမိန်းမကြီးကလည်း ရှုပ်လိုက်တာ''

လို့ဆိုပြီး ဓားနောင့်နဲ့ ထုလိုက်တာ တရုတ်မကြီးလည်း တစ်ချက်တည်းနဲ့ သတိလစ်သွားတယ်၊ အဲဒီတော့ ဓားစာခံတွေအတွက် ဘယ်သူမှ မဟန့်တားရဲတော့ဘူး၊ အဲဒီအချိန်မှာ မောင်ဝင်းတတော့ လူရှုပ်သုံးယောက်ကို အားကိုးတကြီးနဲ့

''ရှုမေကို စောင့်ရှောက်ကြပါဗျာ''

လို့ အပ်နှံသတဲ့၊ ဒီလိုနဲ့ လှေကြီးလည်း ထွက်သွားတယ်၊ ဓားပြတွေလည်း တိုက်ရာပါပစ္စည်းတွေကို လှေတွေနဲ့တင်ပြီး ချောင်းရိုးအတိုင်း လှော်ခတ်လာကြတယ်၊ လူရှုပ်(၃)ယောက်နဲ့ ရှုမေကိုတော့ ထွက်မပြေးနိုင်အောင် ကြိုးတွေနဲ့ တုပ်နှောင်ထားကြတယ်၊ အဲဒီလိုနဲ့ ချောင်းရိုးအတိုင်း တစ်နာရီလောက်သွားလာအပြီးမှာ လှေတွေကို ရပ်တန့်လိုက်တယ်၊ ပြီးတော့ ကုန်းလမ်းအတိုင်း ခရီးဆက်ရတယ်၊ ဓားပြတွေဟာ သူတို့ရဲ့ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်လာလို့ ပျော်ရွှင်နေသလောက် လူရှပ်(၃)ယောက်က စိတ်ညစ်နေကြတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ဓားပြတွေဟာ သူတို့ကို ဖမ်းဆီးလာတာတင် မဟုတ်ဘဲ တရုတ်မကလေးကိုပါ ဖမ်းဆီးလာလို့ဖြစ်တယ်၊ ဒါကြောင့် တောလမ်းခရီးမှာ သွားလာနေရင်း မောင်မျောက်က မောင်ခါနဲ့ မောင်ဆင်ကို ကပ်ပြီး

''ဒီကောင်တွေ ကျုပ်တို့(၃)ယောက်ကို ဓားစာခံလုပ်တာ ကိစ္စမရှိပါဘူးဗျာ၊ ဟိုမိန်းကလေးကိုပါ ခေါ်လာတာ သိပ်မကောင်းဘူး၊ ဒီဓားပြခေါင်းဆောင်က ရှုမေကို စားတော့ဝါးတော့မလို စိုက်စိုက်ကြည့်နေတာ သတိထားမိတယ် မဟုတ်လား၊ ရှုမေအတွက် ရင်လေးတယ်ဗျာ၊ ကျုပ်တို့ကိုယ်တိုင်ကလည်း ဒီကောင်တွေရဲ့ အကျဉ်းသားဖြစ်နေရတယ် မဟုတ်လား''

ဟု ညည်းညူသတဲ့၊ အဲဒီလိုနဲ့ သူတို့ဟာ တောလမ်းခရီးတိုင်း သွားလာကြပြီး သစ်ပင်တွေ အုပ်အုပ်ဆိုင်းဆိုင်း ဖြစ်နေတဲ့ တောင်ကုန်းကလေးတစ်ကုန်းပေါ်ကို ရောက်လာတယ်၊ အဲဒီမှာလည်း ဓားပြတွေနေထိုင်ဖို့ ယာယီဆောက်လုပ်ထားဟန်ရှိတဲ့ မြေစိုက်တဲတွေကိုလည်း တွေ့ရတယ်၊ သူတို့ကို တဲတစ်တဲအတွင်းမှာ ကြိုးတုပ်ရက်နဲ့ပဲ ထည့်သွင်းပြီး လက်နက်ကိုင် အစောင့်နှစ်ယောက်က စောင့်ကြပ်နေတယ်၊ အဲဒီအချိန်မှာ နေက





လည်း ဝင်တော့မယ်၊ ဓားပြတွေဟာ မီးပုံတွေဖိုပြီး အောင်ပွဲခံပျော်ပါးကြဖို့ ပြင်နေကြတယ်၊ ဓားပြဗိုလ်က ဓားစာခံတွေဆီကိုရောက်လာပြီး လူရှပ်သုံးယောက်ကို

''မင်းတို့က ရဲစွမ်းသတ္တိတော့ ရှိပုံရတယ်၊ လှေကြီးပေါ်မှာ ငါ့လူတွေကို မသက်မသာဖြစ်ပြီး စောင့်ကြည့်ကြတယ်၊ ပြီးတော့ အချိန်မီထဲ ထိန်းချုပ်နိုင်ကြတယ်၊ ဟား ... ဟား . . တော်တယ်ဟေ့၊ ဒါကြောင့် မင်းတို့ကို ဆုပေးရမယ်၊ အဲဒီဆုတာတော့ တစ်ယောက်ကို ကျည်တစ်တောင့်စီပဲ''

ဟု ပြောလေ၏။

ဓားပြဗိုလ်ဟာ သူ့ရဲ့အလုပ်ကို ဟန့်တားနှောင့်ယှက်တဲ့ လူရှပ်(၃)ယောက်ကို သတ်ဖြတ်ပစ်ဖို့ ခေါ်ဆောင်လာတာဖြစ်တယ်၊ ဓားပြဗိုလ်က ရှုမေကိုတော့

''ဟဲ . . ဟဲ . . သူကလေးကတော့ ငါ့အတွက် အပိုလက်ဆောင်ပဲ၊ ဒီညပဲ သူကလေးကို သိမ်းပိုက်ပြီး အောင်ပွဲခံရမယ်''

လို့ပြောတယ်၊ လူရှပ်(၃)ယောက်လည်း သူတို့ကို သတ်မယ်လို့ ပြောတာကို စိတ်မထိခိုက်ကြဘူး၊ ဓားပြဗိုလ်က ရှုမေအပေါ်ထားတဲ့သဘောထားကို သိရတော့ ဒေါသတွေထွက်နေကြတယ်၊ အဲဒီလိုနဲ့ ညကို ရောက်လာတယ်၊ ရှုမေလဲ စိုးတ်ထိတ်



www.burmeseclassic.com

www.burmeseclassic.com



လန့်လန့်နဲ့ ရှိနေတယ်၊ အဲဒီနောက် ရှုမေကို ဓားပြတွေက အချုပ်အနှောင်ကလွှတ်ပြီး ခေါ်ထုတ်သွားကြတယ်၊ အဲဒီအခါမှာ ရှုမေဟာ အော်ဟစ်ရုန်းကန်ရင်း လိုက်ပါသွားရသလို လုရှပ်(ခ)ယောက်လည်း ဓားပြတွေကို အော်ဟစ်ဆဲဆိုရင်း ကျန်ရစ်ခဲ့တယ်၊ ရှုမေဟာ ဓားပြဗိုလ်ရဲ့ လက်ထဲမှာ ရေတိမ်နစ်တော့မယ် မဟုတ်လား၊ အပြင်မှာတော့ ဓားပြတွေဟာ သောက်စားမူးယစ်ပြီး ပျော်ပါးနေကြပြီ ဖြစ်တယ်။

အဲဒီအခိုက်မှာပဲ **သူတို့ကို** ချုပ်နှောင်ထားတဲ့ တဲရဲ့အနောက်ဖက်က အပြစ်လောက်သာ အကာအရံလုပ်ထားတဲ့ ကိုင်းပင်တွေကို တိတ်တဆိတ် ချိုးဖြတ်ပြီး လူတစ်ယောက်ဝင်လာတာကို တွေ့လိုက်ကြရတယ်၊ တဲအတွင်းမှာ မီးထွန်းမထားပေမယ့် မီးပုံတွေရဲ့ အလင်းရောင်နဲ့ သူတို့ဟာ ဝင်ရောက်လာတဲ့သူကို ထင်ထင်ရှားရှား မြင်လိုက်ရတယ်ဆိုရင်ပဲ ပါးစပ်တွေ အဟောင်းသား ဖြစ်သွားကြတယ်။

ဝင်လာတဲ့သူက အနက်ရောင် ရှမ်းဘောင်းဘီပွကြီးနဲ့ ချည်ကြမ်းအင်္ကျီကိုဝတ်ပြီး ခြောက်လုံးပြူးကို ခါးကြားမှာ ဟန်ပါပါထိုးထားတဲ့ ရှုမေတို့အရွယ် မိန်းမချောကလေးတစ်ယောက် ဖြစ်နေတာကိုး၊ မိန်းမချောကလေးက သူတို့ကို အသံမထွက်ဖို့





အချက်ပြပြီး သူတို့ရဲ့ အချုပ်အနှောင်တွေက လွတ်အောင်လုပ်ပေးတယ်၊ သူတို့ဟာ အချုပ်အနှောင်က လွတ်တယ်ဆိုရင်ပဲ မိန်းကလေး ဝင်ရောက်တဲ့ တဲနောက်တ အပေါက်တပဲ အပြင်ကို ထွက်ကြတယ်၊ တဲအပြင်မှာ စန့်စန့်ကြီးလဲကျ သတိလစ်နေတဲ့ လက်နက်ကိုင်တစ်ယောက်ကို တွေ့ရတယ်၊ စိတ်မြန်လက်မြန်ရှိတဲ့ မောင်ဆင်က အစောင့်ရဲ့ လက်နက်ကိုယူပြီး မိန်းမချောကလေးကို

"မိန်းကလေးက ဘယ်သူလဲဆိုတာ ကျုပ်တို့ မသိသေးဘူး၊ ဒါပေမဲ့ လောလောဆယ် အရေးကြီးတာက ဓားပြဗိုလ်ရဲ့ လက်ထဲမှာ အပြစ်မဲ့မိန်းမပျိုကလေးတစ်ယောက် ရှိနေတယ်၊ သူဟာ မကြာခင် ဓားပြဗိုလ်ရဲ့လက်ချက်နဲ့ ရေတိမ်နစ်ရရှာတော့မယ်၊ သူ့ကို ကယ်တင်ရမယ်"

လို့ ပြောတဲ့အခါ မိန်းကလေးက ခေါင်းညိတ်ပြီး

"သိပ်တော့ လွယ်မယ်မထင်ဘူး၊ ဒါပေမဲ့ ကြိုးစားကြည့်ကြတာပေါ့၊ သူတို့က လူအင်အား သိပ်များတယ်၊ ဒီလူတွေဟာ အောင်ပွဲခံပြီး မူးယစ်နေကြတယ်ဆိုပေမယ့် သတိလက်လွတ် မနေကြဘူးနော်၊ ကျွန်မတို့ ရင်ဆိုင်တိုက်ခိုက်ဖို့ လုံးဝမဖြစ်နိုင်ဘူး'

လို့ သတိပေးပြီး သူတို့ကို တောတွင်းတစ်နေရာကပဲ ပုန်းလျှိုးကွယ်လျှိုး ခေါ်ဆောင်ပြီး ဓားပြဗိုလ်ရဲ့တဲလို့ထင်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဲကြီးအနီးကို ရောက်အောင် ချဉ်းကပ်လာကြတယ်၊ အဲဒီ အခိုက်မှာပဲ သူတို့ဟာ စိတ်ထိခိုက်စရာ အဖြစ်အပျက်တစ်ခုကို တွေ့လိုက်ကြရတယ်၊ သူတို့ ဓားပြဗိုလ်ရဲ့တဲကြီးကို ချောင်း မြောင်းကြည့်ရှုနေစဉ်အတွင်းမှာပဲ ရှုမေဟာ အဲဒီတဲအတွင်းက ဘသောကမျော ပြေးထွက်လာတာ မြင်လိုက်ကြရတယ်၊ ရှုမေ ဟာ မြေခွေးတစ်အုပ်ရဲ့အလယ်ကို ရောက်နေတဲ့ ယုန်သူငယ် ဘလေးလိုပါပဲ ဓားပြတွေက ရှုမေရဲ့အဖြစ်ကို ကြည့်ပြီး ရယ် မောကြတယ်။

အဲဒီနောက် တဲအတွင်းက ဓားပြဗိုလ်ကြီး ထွက်လာ ဘယ်၊ သူဟာ အလိုဆန္ဒပြည့်ဝပြီး ကျေနပ်နှစ်သိမ့်သွားတဲ့ အမူအ ရာနဲ့ တဟားဟား အော်ဟစ်ရယ်မောတယ်၊ အရှက်ကို အသက် နဲ့လဲပြီး ကာကွယ်သွားခဲ့တယ်၊ ရှုမေဟာ ဒေါသတကြီးနဲ့ ဓားပြ ဗိုလ်ဆီကို ပြေးဝင်ပြီး ရန်ပြုမလို့ ပြင်တယ်၊ ဒါပေမဲ့ ဓားပြဗိုလ်ရဲ့ သေနတ်က ရှုမေကို လမ်းမှာတင် အရုပ်ကြိုးပြတ်လဲကျပြီး အသက်ပျောက်သွားစေခဲ့တယ်၊ အဖြစ်အပျက်ဟာ မျက်စိတစ် မှိတ်အတွင်းမှာ ဖြစ်ပျက်ခဲ့တာပါ၊ လူရှုပ်ကြီးသုံးယောက်ဟာ ရှုမေ အဖြစ်ကြောင့် အသက်စွန့်ပြီး ဓားပြတွေကို တိုက်ခိုက်မလို့ ဆုံး ဖြတ်ကြတယ်၊ မောင်ဆင်က အဆိုးဆုံးပေါ့၊ ဒါပေမဲ့ သူတို့ရဲ့ ကယ်





တင်ရှင်မိန်းမချောကလေးက

"ရှင်တို့ ဒီလိုမိုက်ရူးရဲလုပ်လို့ မရဘူး၊ အားလုံး ဒုက္ခ ရောက်တုန်လိမ့်မယ်၊ တစ်ချိန်ချိန်မှာ ဒီလူတွေကို ရှင်တို့ လက် စားချေရဖို့ တာဝန်ယူပါတယ်"

လို့ နှစ်သိမ့်ပြီး အဲဒီနေရာကနေပြီး ဝေးရာကို ခေါ် ဆောင်လာတယ်၊ တောရဲ့တစ်နေရာမှာ မိန်းကလေးဟာ ဖွက် ထားတဲ့မြင်းကိုယူပြီး သူတို့သုံးယောက်နဲ့အတူ မြေလျှင်ခရီး နှင်ခဲ့တယ်၊ ညဥ့်သန်းခေါင်လောက်အထိ မနားမနေ သွားလာပြီး တဲ့နောက် သူတို့ဟာ ရွာတစ်ရွာအနီးကို ချဉ်းကပ်မိကြတယ်၊ ရွာကလေးကို ခိုင်ခံ့တဲ့ ခြံစည်းရိုးတွေ ကာရံထားပြီး လုံလုံခြုံခြုံ ပြုလုပ်ထားတာတွေ့ရတယ်။

အဲဒီအချိန်မှာ ရွာဝင်တံခါးကြီးက အစောင့်ဖြစ်ဟန်တူ တဲ့သူက အော်ဟစ်ပြီး မေးမြန်းတာကို မိန်းမချောကလေးက ဖြန် ဖြီးဖြေလိုက်တယ်ဆိုရင်ပဲ တံခါးကြီးပွင့်လာတယ်၊ သူတို့ဟာ ရွာထဲကို ရောက်လာပြီး မိန်းကလေးက သူတို့ကို ခြေကံရှည် သစ်သားအိမ်ကြီးတစ်အိမ်ကို ခေါ်ဆောင်လာတယ်၊ အဲဒီနောက် မိန်းကလေးက

"အဲ . . ကျွန်မအိမ်ပါပဲ၊ အိမ်မှာ ကျွန်မရဲ့ယောကျာ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နှစ်ယောက်ထဲနေတာပါ။ ကျွန်မတို့က အိမ်ထောင်ကျတာ လပိုင်းပဲ ရှိပါသေးတယ်၊ အခုတော့ ကျွန်မ ယောကျ်ားလည်း ခရီးထွက်သွားတယ်၊ ရှင်တို့ ဒီအိမ်မှာ လွတ်လွတ်လပ်လပ်နေပါ၊ ကျွန်မ စားသောက်စရာတွေလည်း စီစဉ်ပေးပါမယ်''

လို့ပြောတယ်၊ ဒီလိုနဲ့ သူတို့ဟာ မိန်းကလေးရဲ့ အိမ်မှာပဲ အဲဒီည အိပ်စက်ကြတယ်၊ မိန်းကလေးကတော့ အခြားအိမ်တစ်အိမ်မှာ သွားရောက်အိပ်စက်တယ်၊ အဲဒီညက လူရှုပ်ကြီးသုံးယောက်ဟာ ကောင်းကောင်းမအိပ်စက်နိုင်ဘဲ ပိုဓားပြတွေကို ဘယ်လို ကလဲ့စားချေရမလဲ ဆိုတာကို တိုင်ပင်နေခဲ့ကြတယ်။

ဦးပေတလူသည် အထက်ပါအတိုင်း ပြောဆိုပြီးနောက် စကားကို ရပ်လေ၏။ ပြီးလျှင် လိမ္မော်ရည်ကို သောက်ကာ ဆေးလိပ်ကိုဖွာ၏။

ထိုအခါ ငွေတိုးက

''ဓားပြဗိုလ်ဟာ သူပေးတဲ့ကတိကို မတည်ဘဲ ဓားစာခံတွေအပေါ်မှာ ရက်ရက်စက်စက် လုပ်ခဲ့တာပဲ၊ ရှုမေဆိုတဲ့ တရုတ်မလေးက တော်တော်သနားဖို့ ကောင်းတယ်၊ လူရှုပ်ကြီးသုံးယောက်ကို ကယ်တင်သွားတဲ့ မိန်းကလေးဆိုတာကလည်း ဓားပြစခန်းထဲကို တစ်ယောက်ထဲ ဝင်လာပုံထောက်ရင် သတ္တိတော့ကောင်း





ပုံရတယ်''

ဟု ရေရွတ်လေရာ ဦးပေတလူက

''သတ္တိကောင်းဆို မိန်းကလေးဟာ အင်္ဂလိပ်အစိုးရကို ရှာလက်နက်စွဲကိုင်ပြီး တော်လှန်နေကြတဲ့ ဆရာစံသူပုန် တပ်ဖွဲ့ကြီးက လူငယ်သလောက် ရဲစွမ်းသတ္တိရှိလှတဲ့ ဗိုလ်သုရိန်ရဲ့ မိန်းမပဲလေ''

ဟု ပြောလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေတိုးသည် ဦးပေတလူ၏ စကားကို စိတ်ဝင်တစား နားထွင့်နေလေ၏။ ဦးပေတလူက ပုတင်းမုန့်ကို စားလိုက်ပြီး စကား ဆက်လေ၏။

''အဲဒီလိုနဲ့ လူရှုပ်ကြီး(၃)ယောက်ဟာ နောက်တစ်နေ့ကို အရောက်မှာ မိန်းမချောတလေးနဲ့တွေ့ပြီး

''ကျုပ်တို့တော့ ဟိုဓားပြတွေကို လက်စားချေချင်လှပြီ''

လို့ ပြောလိုက်တယ်၊ အဲဒီတော့ မိန်းကလေးက

''ကျွန်မအထင်တော့ အဲဒီဓားပြတွေဟာ ရှင်တို့ကို ဖမ်းဆီးထားတဲ့ စခန်းမှာ တစ်ရက်နှစ်ရက်ပဲနေပြီး သူတို့အတွက်





ဝေစုတွေ ဘာတွေခွဲပြီးတာနဲ့ ခြေရာပျောက်သွားကြလိမ့်မယ် ထင်တယ်''

လို့ဆိုတယ်၊ ပြီးတော့ သူမဟာ ဆရာစံရဲ့ သူပုန်အဖွဲ့ထဲက ဗိုလ်သူရိန်ရဲ့ ဇနီးဖြစ်ပြီး ဗိုလ်သူရိန်ဟာ မကြာခင်ရက်ပိုင်းကပဲ နောက်လိုက်ငယ်သားအချို့နဲ့ သူတို့နယ်ပယ်ကို ကျူးထွက်လာတဲ့ အင်္ဂလိပ်စစ်တပ်က တပ်ခွဲတစ်ခွဲကို ပျောက်ကြားတိုက်ပွဲ ဆင်နွှဲဖို့ ခရီးထွက်သွားတယ်လို့ ရှင်းပြတယ်။

မိန်းကလေးဟာ ဗိုလ်သူရိန်တို့ ခရီးထွက်သွားတဲ့အခါ ရွာရဲ့လုံခြုံရေးအတွက် အနီးပတ်ဝန်းကျင်ကို မြင်းနဲ့လှည့်လည်သွားလာရင်း လူရှုပ်ကြီး(၃)ယောက်နဲ့ မိန်းကလေးတစ်ယောက်ကို ဓားပြတွေ ဖမ်းဆီးလာတာ မထင်မှတ်ဘဲ တွေ့ခဲ့လို့ ညအမှောင်ကိုစောင့်ပြီး ကယ်တင်ရအောင် ရောက်လာတာလို့ ပြောတယ်။

ပြီးတော့ ဗိုလ်သူရိန်တို့ဟာ ဒီနေ့ပဲ အောင်ပွဲနဲ့အတူ ရွာကို ပြန်ရောက်လာလိမ့်မယ်လို့ အထောက်တော်တွေဆီက သတင်းရထားတယ်တဲ့၊ ဒါကြောင့် တော်လှန်ရေးတပ်သားတွေ ပြန်ရောက်တာနဲ့ ဓားပြတွေကို သွားရောက်နှိမ်နင်းကြမယ်လို့ ပြောသတဲ့။

လူရှုပ်ကြီး(၃)ယောက်လည်း တော်လှန်ရေးတပ်သားတွေ ပြန်အလာကို မျှော်နေကြတယ်၊ မိန်းမချောကလေး ပြောတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ပိုင်းမှာပဲ ဗိုလ်သူရိန်ရဲ့တော်လှန်ရေးတပ်သားတွေဟာ အောင်ပွဲနဲ့အတူ ပြန်လာကြတယ်၊ သူတို့ဟာ အင်္ဂလိပ်စစ်တပ်က တပ်ခွဲတစ်ခွဲလုံးကို စိစိညက်ညက်ကြေအောင် တိုက်ခိုက်နိုင်ခဲ့ကြတယ်။

သူတို့သုံးယောက်ဟာ ဥပမိရှပ်တည်ကြည်ပြီး သူရဲကောင်းတစ်ယောက်ရဲ့ ဟန်အပြည့်ရှိတဲ့ ဗိုလ်သူရိန်ကို သိပ်သဘောကျနေကြတယ်၊ ဗိုလ်သူရိန်ကလည်း သူတို့အဖြစ်ကိုသိပြီး ခရီးရောက်မဆိုက်ဘဲ ထားပြတွေကို သွားရောက်တိုက်ခိုက်ဖို့ ဆုံးဖြတ်တယ်။

အဲဒီလိုနဲ့ ဗိုလ်သူရိန်ရဲ့တပ်ဖွဲ့နဲ့အတူ လူရှုပ်ကြီး သုံးယောက်ဟာ ထားပြတွေကို သွားရောက်နှိမ်နင်းကြတယ်၊ တော်လှန်ရေးတပ်သားတွေဟာ တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်တဲ့အတွက် ထားပြတွေကို အလွယ်တကူ နှိမ်နင်းလိုက်နိုင်ကြတယ်၊ အဲဒီနောက်တော့ လူရှုပ်သုံးယောက်ထဲက မောင်ခါဟာ ကျန်တဲ့နှစ်ယောက်ကို

''မင်းတို့ စဉ်းစားကြည့်ကြစမ်းပါ၊ ဗိုလ်သူရိန်တို့နဲ့ တော်လှန်ရေးတပ်သားတွေကို ကြည့်ရတာ ဘယ်လောက်အဓိပ္ပာယ်ရှိသလဲ၊ ဘယ်လောက်လေးစားဖို့ ကောင်းသလဲ၊ တို့သုံးယောက်





ဟာ တစ်နေရာတနေ တစ်နေရာကို စွန့်စားသွားလာရင်း ကုန်တုံ သန်းနေရတာကိုပဲ အဟုတ်ကြီးမှတ်နေတယ်၊ ဗိုလ်သူရိန်တို့ဘဝနဲ့စာရင် နှိုင်းလို့တောင်မရအောင် တို့အဖြစ်တာ အဓိပ္ပာယ်မဲ့နေတယ်၊ စွန့်စားတယ်ဆိုတာ ဒီလိုစွန့်စားမှပေါ့၊ ငါတော့ ဒီလိုအဓိပ္ပာယ်ရှိရှိပဲ စွန့်စားချင်တယ်၊ အဲဒီတော့ ဗိုလ်သူရိန်တို့နဲ့ ပူပေါင်းဖို့ ဆုံးဖြတ်လိုက်ပြီ''

လို့ပြောတဲ့အခါ ကျန်တဲ့နှစ်ယောက်ဟာလည်း

''ကျုပ်တို့လည်း စိတ်ထဲမှာ ဒီအတိုင်းဖြစ်နေတာပါ''

လို့ တညီတညွတ်တည်း ပြောသတဲ့၊ အဲဒီနောက် ဗိုလ်သူရိန်က သူတို့ကို ဝမ်းသာအားရနဲ့ လက်ခံသတဲ့၊ ဒီလိုနဲ့ မောင်ခါဟာ ခရီးထွက်လာခဲ့တယ်၊ သူက ထားပြအတိုက်ခံရတဲ့ လှေကြီးဆီကိုသွားပြီး ရှမေရဲ့ ဝမ်းနည်းစရာကောင်းတဲ့ သတင်းကို ပေးရဦးမယ် မဟုတ်လား၊ ပြီးတော့ သူတို့ရဲ့ကုန်တွေကိုလည်း ရောင်းချရဦးမယ်လေ။

ရက်အတန်ကြာမှာတော့ မောင်ခါဟာ ဗိုလ်သူရိန်ရဲ့ရွာကို ပြန်ရောက်လာခဲ့တယ်၊ ပြီးတော့ သူတို့ဟာ တော်လှန်ရေးတပ်သားကြီးတွေလုံးလုံး ဖြစ်သွားကြတယ်၊ ဗိုလ်သူရိန်နဲ့အတူ တိုက်ပွဲတွေဝင်ကြတယ်၊ ပြီးတော့ ဗိုလ်သူရိန်ရဲ့နှမချောကလေး



www.burmeseclassic.com

www.burmeseclassic.com



တာ သူတို့အတွက် နမကလေး ကောက်ရထားသလို သံယောဇဉ် ဖြစ်နေသတဲ့၊ မိန်းကလေးက သူတို့ကို စားပြတွေလက်ထဲက ကယ်တင်ခဲ့တဲ့ အသက်သခင်ကျေးဇူးရှင်လည်း ဖြစ်နေတယ် မဟုတ်လား။

အဲဒီလိုနဲ့ တစ်နေ့မှာတော့ သူတို့ရဲ့ရွာကလေးဆီကို ဦးတည်ပြီး အင်္ဂလိပ်စစ်တပ်တစ်တပ် ချီတက်လာတယ်လို့ သတင်း ရတယ်၊ ဒီတော့ တော်လှန်ရေးတပ်သားတွေလည်း လှုပ်လှုပ်ရှား ရှား ဖြစ်သွားတယ်၊ အင်္ဂလိပ်စစ်တပ်ဟာ ဒီရွာကလေးမှာ တော် လှန်ရေးတပ်သားတွေ ခိုအောင်းနေတယ်ဆိုတာ တစ်နည်းနည်း နဲ့ သိသွားပုံရတယ်၊ သူတို့ဟာ အင်္ဂလိပ်စစ်တပ်ကို ရင်ဆိုင်တိုက် ခိုက်နိုင်လောက်အောင် အင်အားမပြည့်ဝဘူး၊ ဒါကြောင့် ဗိုလ် သူရိန်က အင်္ဂလိပ်စစ်တပ်ကို ရွာဆီကို မရောက်အောင် လမ်းက ဆီးပြီး အစွမ်းကုန်တိုက်ခိုက်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ပြီး တော့ လူရှုပ်ကြီးသုံးယောက်ကို

"ကိုခါ၊ ကိုမျောက်နဲ့ ကိုဆင်တို့ကို ကျွန်တော်ရဲ့ အစ်ကို ကြီးတွေလို့ ခင်မင်မိပါတယ်၊ ဒါကြောင့် ဟောဒီက ကျွန်တော်ရဲ့ မိန်းမကို အစ်ကိုကြီးတို့ လက်ထဲကို အပ်ခဲ့ပါတယ်၊ အစ်ကိုကြီးတို့ ရွာမှာနေပြီး သူ့ကို စောင့်ရှောက်ကြပါ၊ ပြီးတော့ သူ့မှာလည်း





မပေါ့မပါးကြီးနဲ့ မဟုတ်လား"

လို့ပြောတယ်၊ လူရှုပ်ကြီးသုံးယောက် ဗိုလ်သူရိန်နဲ့တိုက်ပွဲ ဝင်ဖို့ သွားကြနေကြပေမယ့် မိန်းကလေးကို စောင့်ရှောက်ရအောင် ရွာမှာပဲ ကျန်ရစ်ခဲ့ကြတယ်၊ မကြာခင်မှာပဲ အထောက်တော်တွေက တစ်ဆင့် ဗိုလ်သူရိန်တို့ရဲ့ သတင်းဆိုးတွေ တစ်ခုပြီးတစ်ခု ရွာကို ရောက်လာတယ်၊ ဘယ်လိုမှ အင်အားခြင်းမမျှတဲ့ အင်္ဂလိပ်စစ် တပ်ကို ဗိုလ်သူရိန်တို့ဟာ ဘယ်လိုမှ မဟန့်တားနိုင်ဘဲ အကျအ ဆုံးများစွာနဲ့ ရှိနေတယ်၊ နောက်ဆုံးမှာတော့ အင်္ဂလိပ်စစ်တပ်ဟာ ရွာနဲ့ ၃နီးကပ်လာတယ်၊ အဲဒီတော့မှ ဗိုလ်သူရိန်ရဲ့တပ်ဖွဲ့ဟာ ရွာကိုအရောက်ပြန်ပြီး ဆုတ်ခွာလာကြတယ်၊ ရွာထဲကပဲ သူတို့ဟာ နောက်ဆုံးထွက်သက်အထိ ခံစစ်နဲ့ တိုက်ခိုက်ဖို့ ပြင်တယ်၊ အဲဒီ တော့ ဗိုလ်သူရိန်က လူရှုပ်ကြီးသုံးယောက်ကို သူ့မိန်းမကို စောင့်ရှောက်ပြီး ဒီရွာက တိမ်းရှောင်သွားကြဖို့ အကူအညီ တောင်းတယ်၊ မိန်းကလေးကတော့ ဗိုလ်သူရိန်နဲ့အတူ တိုက်ပွဲ ဝင်ချင်နေတယ်၊ ဒါပေမဲ့ ယူ့ရဲ့ဝမ်းနဲ့လွယ်ထားရတဲ့ သန္ဓေသားက လည်း ရှိသေးတာကို၊ အဲဒီမှာ လူရှုပ်ကြီး(၃)ယောက်က ဗိုလ် သူရိန်ကို

"မိန်းကလေးကို စောင့်ရှောက်ဖို့ ကျုပ်တို့သုံးယောက်

www.burmeseclassic.com



စလုံး လိုက်စရာမလိုပါဘူး၊ ဗိုလ်သူရိန်နဲ့အတူနေဖို့ ကျုပ်တို့သုံးယောက်ထဲက တစ်ယောက်ယောက်ကို ရွေးချယ်ပါ''

လို့ တောင်းဆိုတယ်၊ အဲဒီတော့ ဗိုလ်သူရိန်က မဲစနစ်နဲ့ အဆုံးအဖြတ်ပေးတဲ့အတွက် ရွာမှာကျန်နေရစ်ဖို့ မောင်မျောက်က မဲပေါက်သွားတယ်၊ ဒီလိုနဲ့ မောင်ခါနဲ့မောင်ဆင်တာ မိန်းကလေးကိုခေါ်ပြီး ရွာနဲ့ဝေးရာကို ထွက်လာကြတယ်၊ သူတို့ဟာ ရောက်ရာနေရာကနေ ဗိုလ်သူရိန်တို့ရဲ့ သတင်းကို စုံစမ်းတဲ့အခါ အင်္ဂလိပ်စစ်တပ်ရဲ့ ချေမှုန်းခြင်းကို ခံလိုက်ရတယ်ဆိုတာ သိရတယ်၊ အဲဒီတိုက်ပွဲမှာ တော်လှန်ရေးတပ်သားများနှင့်နဲ့ ကိုမျောက်၊ ဗိုလ်သူရိန်တို့ဟာ သူရဲကောင်း ပီသစွာ ကျဆုံးသွားခဲ့ကြတယ်၊ အဲဒီနောက် ဆရာစံဟာလည်း၊ ဖားရွှေကျော်တိုက်ပွဲမှာ အဖမ်းခံရပြီး ဆရာစံရဲ့ တော်လှန်ရေးတပ်သားတွေကို အင်္ဂလိပ်စစ်တပ်က မြေလှန်ပြီး နှိမ်နင်းခဲ့တဲ့အတွက် ကိုခါ၊ ကိုဆင်နဲ့ မိန်းကလေးတို့ဟာ တစ်နေရာထဲမှာ အတည်တကျ မနေထိုင်ကြဘဲ ပြောင်းရွှေ့နေခဲ့ကြတယ်၊ တစ်နေ့မှာတော့ မိန်းကလေးဟာ ကိုခါနဲ့ ကိုဆင်ကို

''အခုဆိုရင် ကျွန်မရဲ့ ကိုယ်ဝန်က နေ့စေ့လစေ့ကြီးဖြစ်နေပြီ၊ အစ်ကိုကြီးတို့လည်း ကျွန်မအတွက် တာဝန်ကြီးလှပါ





တယ်၊ ဒါကြောင့် ကျွန်မတစ်ယောက်တည်း တစ်နေရာရာမှာ ဇာတ်မြုပ်ပြီး နေထိုင်ပါရစေ၊ ဒီလိုသုံးယောက်တတွဲတွဲဖြစ်နေရင် အင်္ဂလိပ်အစိုးရက မကြာခင် ရိပ်မိသွားလိမ့်မယ်၊ ဒီထက်ပိုပြီး ကျွန်မရဲ့စိတ်ကိုက ဘယ်သူ့ကိုမှ မမှီခိုချင်လို့ပါ၊ တစ်စုံတစ်ဦးကို မှီခိုပြီး အသက်ရှင်နေရတာဟာ အဲဒီသူရဲ့ ပင်ကိုအစွမ်းအစကို ယုတ်လျော့စေတယ်လို့ ခံယူထားပါတယ်၊ ပြီးတော့ ကျွန်မရဲ့ ရင်သွေးလေးဟာလည်း သဘာဝလောကကြီးမှာ အမှီအခိုကင်းကင်းနဲ့ ရှင်သန်ရပ်တည်နေစေချင်တယ်၊ သူ့အတွက် လိုအပ်တာတွေ သဘာဝလောကကြီးက သင်ကြားပေးပါလိမ့်မယ်၊ ကလေးဟာ ကျွန်မနဲ့ ကိုသူရိန်ရဲ့ မျိုးဆက်သွေးဖြစ်တဲ့အတွက် စိတ်ဓာတ်အရာမှာလည်း ညံ့ဖျင်းမှာ မဟုတ်ပါဘူး၊ ဒီကလေးဟာလည်း လူ့လောကကြီးထဲမှာ တစ်ကိုယ်တည်း ရုန်းကန်ရပ်တည်နေရမှာ ကိန်းသေပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မဟာ ဒီကလေး အရွယ်မရောက်ခင်မှာ လူ့လောကကြီးထဲက ထွက်ခွာသွားရလိမ့်မယ်လို့ စိတ်ထဲက သိနေတယ်၊ အဲဒါကတော့ ထူးဆန်းပါတယ်၊ ကိုသူရိန်ဟာ အိပ်မက်ထဲမှာ မကြာခဏ ရောက်ရောက်လာပြီး ကျွန်မကို သူနဲ့လိုက်ဖို့ခေါ်တယ်၊ ကျွန်မ သူ့နောက်ကို လိုက်သွားရလိမ့်မယ်လို့ တကယ့်ကို ယုံကြည်နေပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တယ်၊ အဲဒီတော့ မောင်ခါနဲ့မောင်ဆင်တာလည်း မိန်းကလေးစိတ်ဆတ်ကို သိနေတဲ့အတွက် တားမြစ်ဖို့မကြိုးစားတော့ဘဲ မိန်းကလေးရဲ့အလိုကိုလိုက်ပြီး မြို့ကလေးတစ်မြို့မှာ ဇာတ်မြုပ်နေထိုင်ဖို့ မိန်းကလေးကို လွှတ်လိုက်ကြတယ်၊ အဲဒီမိန်းကလေးက မင်းရဲ့အမေ မမြကလေးဆိုတာပေါ့'''

ဟု ဦးပေတလုက ပြောလိုက်လေ၏။ တစ်ဆက်တည်းပင် ဦးပေတလု၏ စကားကြောင့် ငွေတိုး၏ နှုတ်မှ 'ဗျာ'ခနဲ အာမေဋိတ်သံ ထွက်သွားလေတော့၏။





ငွေတိုးသည် ဦးပေတလု ပြောပြခဲ့သည်များမှာ နောက်ဆုံးရောက်မှ သူ့မိဘနှစ်ပါး၏အကြောင်းများ ဖြစ်နေသည်ကို သိရလေ၏။

ဗိုလ်သူရိန်ဆိုသည်မှာ သူ၏အဖေဖြစ်၏။ သို့ဆိုလျှင် လူရှုပ်ကြီး သုံးယောက်က မည်သူနည်း၊ ဦးပေတလုက ထိုအကြောင်းများကို မည်ကဲ့သို့ သိရှိနေသနည်း။ ထိုအခါ မိုးစန္ဒာက

''မင်းက လူရှုပ်ကြီးသုံးယောက် ဘယ်သူလဲဆိုတာ သိချင်နေတယ် မဟုတ်လား၊ တကယ်တော့ ဟောဒီက မင်းရှေ့မှာ ထိုင်နေတဲ့ ဦးပေတလုဟာ လူရှုပ်ကြီး(၃)ယောက်ထဲက မောင်ခါ

www.burmeseclassic.com



ပါပဲ'' ဟု ပြောလေ၏။

ငွေတိုးသည် ဦးပေတလူက မိမိ၏မိဘများအကြောင်းကို ပြောပြသည်ဆိုကတည်းက မိဘများနှင့် တစ်နည်း မဟုတ်တစ်နည်း ပတ်သက်နေလိမ့်မည်ဟု စဉ်းစားမိ၏။

ယခုမူ ဦးပေတလူသည် မောင်ခါ ဖြစ်နေလေ၏။ ထိုအခါ ဦးပေတလူက ခေါင်းညိတ်ပြီး

''ဟုတ်တယ် . . ကျုပ်တာ မောင်ခါပါပဲ''

ဟု ပြောလေရာ ငွေတိုးက မျက်မှောင်ကြုတ်၍

''ဒါဆို ဦးပေတလူက ကျုပ်ရဲ့အမေနဲ့ အရင်တတည်းက သိတာကိုး'' ဟု ရေရွတ်လေရာ ဦးပေတလူက

''ဟုတ်ပါတယ်၊ ငါ မင်းတို့မြို့ကလေးကို လာရတာတလည်း မင်းကို အဲဒီလိုကျဉ်းမြောင်းတဲ့ ကမ္ဘာလေးထဲကနေ ဆွဲထုတ်ဖို့ ရောက်လာတာပါ၊ မင်းအမေဟာ စိတ်ဓာတ်ခိုင်မာတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်တယ်၊ သူဟာ မင်းအတွက်လည်း ပူပင်မှုမရှိခဲ့ဘူးလို့ မင်းက ထင်နေလိမ့်မယ်၊ ဒါပေမဲ့ မမြကလေးဟာ မင်းအတွက် အများကြီးစီစဉ်ခဲ့တာပါ၊ မင်းကို မမြကလေးက ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်နိုင်အောင် သဘာဝလောကကြီးရဲ့ သင်တန်းကျောင်းမှာ လွှကျင့်ပေးခဲ့တယ်၊ မမြကလေးက သူ့ရဲ့





အယူအဆအတိုင်းပဲ မင်းကို အမိုအခိုကင်းကင်းနဲ့ ရပ်တည်စေခဲ့တယ် မဟုတ်လား၊ အဲဒီလို ဖြစ်ခဲ့ရတာလည်း မိဘတွေရဲ့ ကောင်းမွန်တဲ့ ဗီဇကြောင့်လည်း ဖြစ်မှာပါ၊ လူမှာ အမျိုး ကြက်မှာအရိုးလို့ဆိုတယ် မဟုတ်လား''

ဟု ပြောလေ၏။ ငွေတိုးက

''ကျုပ်ကို မြို့ကလေးက ခေါ်ထုတ်လာရတဲ့အကြောင်း နိုင်နိုင်လုံလုံတော့ ရှိရမယ်''

ဟု ဆိုလိုက်လေရာ ဦးပေတလူက ခေါင်းတဆတ်ဆတ် ညိတ်၍

''သိပ်ရှိတာပေါ့ကွာ၊ အဲဒီအကြောင်းက မင်းအမေဆီမှာ ရှိနေတဲ့ အရုပ်ကလေးတစ်ရုပ်နဲ့ သက်ဆိုင်နေတယ်၊ အဲဒီအရုပ်ကလေးဟာ မင်းအဖေ ဗိုလ်သူရိန်ရဲ့ မျိုးရိုးစဉ်ဆက် ပိုင်ဆိုင်တဲ့အရုပ်ကလေး ဖြစ်တယ်၊ ဗိုလ်သူရိန်ရဲ့ အဘိုးဖြစ်တဲ့သူဟာ မင်းတုန်းမင်းတရားကြီးရဲ့ နန်းတွင်းမှာ အလုပ်အကျွေးပြုရတဲ့ သူငယ်တော်တစ်ယောက် ဖြစ်ခဲ့တယ်၊ တကယ်တော့ သူငယ်တော်ဆိုတာ ဘုရင်မင်းမြတ်ရဲ့ ချစ်ခင်မြတ်နိုးမှုနဲ့ မျက်နှာသာပေးမှုကိုရတဲ့ ဘုရင်ရဲ့ လက်တိုလက်တောင်း ခိုင်းစေခြင်းကို ခံရတဲ့ အသက်အရွယ်ငယ်ရွယ်တဲ့ လုလင်ကလေးတွေပဲပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ စစ်ကိုင်းတောင်ရိုးမှာ မထင်မရှား သတင်းသုံးနေတဲ့ ဆရာတော်ကြီးတစ်ပါးဟာ နန်းတော်ကို ကြွလာရင်း ဗိုလ်သုရိန်ရဲ့အဘိုး၊ သူငယ်တော်ကလေးကို တွေ့တော့ ဘုရင်ထံက အလှူခံပြီး သူ့ရဲ့ကျောင်းသားအဖြစ် ခေါ်ဆောင်သွားခဲ့တယ်၊ သူငယ်တော်မောင်ကျောင်းသားဟာလည်း ဆရာတော်ကြီးနဲ့ စစ်ကိုင်းတော င်ရိုးက လူသူနဲ့ အလှမ်းဝေးလှတဲ့ ချောင်တစ်ချောင်ကို လိုက်ပါလာခဲ့တယ်။

ဆရာတော်ကြီးဟာ ကျောင်းသင်ခန်းရယ်လို့ တိတိကျကျ မရှိဘဲ လှိုဏ်ကြီးတစ်ခုထဲက ကျောက်ဂူကြီးမှာ သီတင်းသုံးနေထိုင်တာ ဖြစ်တယ်၊ ဆရာတော်ကြီးဟာ အဂ္ဂိရတ်ပညာနဲ့ လောကီလမ်းကို လိုက်နေတဲ့အတွက် ကျောက်ဂူထဲမှာ ဖားဖိုကြီးတစ်ဖိုရှိနေတယ်၊ တစ်နေ့တစ်နေ့ သူငယ်တော်ကလေးဟာ ဖားဖိုကြီးကို တရှီးရှီးဆွဲရင်း ဆရာတော်ကြီးရဲ့ ဝေယျာဝစ္စကို ကူညီရတယ်၊ အဲဒီလိုနဲ့ လအတန်ကြာတော့ ဆရာတော်ကြီးဟာ ရွှံ့စေးလို ပုံစံခွက်တစ်ခု ပြုလုပ်ပြီး အဲဒီအထဲကို ပြဒါးလိုအရာတွေ အခြားအမျိုးအမည်မသိတဲ့ အရာတွေကို ထည့်သွင်းအလုံပိတ်ပြီး ဖိုကြီးထဲမှာ မီးပေးတော့တယ်၊ မီးကလည်း သုံးရက်နဲ့ သုံးညတိုင်တိုင် ပေးရတာ ဖြစ်တယ်။





ပြီးတော့မှ ဆရာတော်ကြီးက အဲဒီအရာကို အအေးခံပြီး ခွဲလိုက်တဲ့အခါ အတွင်းမှာ လှပတဲ့ အရုပ်ကလေးတစ်ရုပ် ဖြစ်ပေါ်နေတာတွေ့ရတယ်၊ အဲဒီအရုပ်ကလေးဟာ ရွှံ့စေးမြေနဲ့ ပုံလောင်းထားပေမယ့် အလွန်ပဲ လက်ရာမြောက်လှတယ်၊ ပုံကတော့ နန်းတွင်းက သူငယ်တော်ကလေးတစ်ယောက် ပျော်ရွှင်စွာ ဆော့ကစားနေတဲ့ပုံမျိုး သွင်းလုပ်ထားတာပဲ၊ အရောင်အဆင်းကလည်း ပြဒါးအရောင်လိုပဲ ဖြစ်နေတယ်၊ ဆရာတော်ကြီးက သူငယ်တော်အရုပ်ကလေးကို သူ့ရဲ့မောင်ကျောင်းသားကို လက်ဆောင်အဖြစ်ပေးဖို့ ပြုလုပ်တာ ဖြစ်တယ်။

နောက်တော့ မောင်ကျောင်းသားဟာ ဆရာတော်ကြီးနဲ့ နေထိုင်ရတာ မပျော်မွေ့တော့ဘူး၊ အစားအသောက်ကလည်း သစ်ဥသစ်ဖုတွေပဲ စားသောက်နေရတာကိုး၊ ဒီလိုနဲ့ တစ်နေ့မှာ မောင်ကျောင်းသားဟာ ဆရာတော်ကြီးရဲ့အလစ်မှာ ထွက်ပြေးလာခဲ့တယ်၊ သူဟာ ဘယ်လိုပဲ ထွက်ပြေးထွက်ပြေး နောက်ဆုံးတော့ ဆရာတော်ကြီး သီတင်းသုံးတဲ့ ကျောက်ဂူဆီပဲ ပြန်ရောက်တာပဲတဲ့၊ အဲဒီနောက်တော့ ဆရာတော်ကြီးက မောင်ကျောင်းသားကို ပြန်လိုကပြန်ဖို့ ခွင့်ပြုလိုက်မှ ကောင်းကောင်းမွန်မွန်နဲ့ ပြန်လို့ရတယ်၊ သူနဲ့အတူ သူငယ်တော်အရုပ်ကလေးလည်း ပါသ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဆရာတော်ကြီးက မောင်ကျောင်းသားကို

“အဲဒီ သူငယ်တော်ရုပ်ကို သေသေချာချာ သိမ်းထားပါ၊ ဒါကိုကြည့်ပြီး အင်္ဂရတ်ပညာလိုက်စားနေတဲ့ သူတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လျှို့ဝှက်ချက်တွေ ဖော်ထုတ်လို့ရတယ်၊ မင်းအတွက်လည်း အသုံးချတတ်ရင် အကျိုးရှိလိမ့်မယ်၊ မပျောက်ပျက်အောင် ထိန်းသိမ်းပါ”

လို့ မှာကြားလိုက်တယ်၊ အဲဒီနောက် မောင်ကျောင်းသားဟာ နန်းတွင်းကို ပြန်ရောက်လာတယ်၊ နောက် အရွယ်ရောက်လာတော့ အိမ်ယာထူထောင်ပြီး ဘုရင်မင်းမြတ်ပေးသနားတဲ့ ရွှေတောင်နယ်ပက်က ရွာကြီးတစ်ရွာကို အပိုင်စားပြီး အေးအေးချမ်းချမ်း နေထိုင်ခဲ့တယ်၊ သူငယ်တော်ရုပ်ကလေးကိုတော့ သိမ်းဆည်းထားပြီး မေ့မေ့ပျောက်ပျောက်ပဲ ရှိနေခဲ့တယ်။

ဒီလိုနဲ့ သူငယ်တော်ရုပ်ကလေးဟာ သားစဉ်မြေးဆက်လက်ဆင့်ကမ်းပြီး ဗိုလ်သူရိန်ရဲ့လက်ထဲကို ရောက်လာခဲ့တယ်၊ ဗိုလ်သူရိန်ရဲ့ လက်ထက်ရောက်မှပဲ သူငယ်တော်ရုပ်ကလေးရဲ့ လျှို့ဝှက်ချက်အနည်းငယ်ကို သိခဲ့ရတယ်၊ တကယ်တော့ ဗိုလ်သူရိန်ရဲ့အဘိုး အလုပ်အကျွေးပြုခဲ့ရတဲ့ မထင်မရှားဆရာတော်ကြီးဟာ အင်္ဂရတ်လမ်းနဲ့ ထွက်ရပ်လမ်းကို လိုက်သွားတဲ့ ဆရာ





တော်ကြီးတစ်ပါးပဲ၊ သူငယ်တော်ရုပ်ကလေးဟာ ပြဒါးဆိုတာ အစိုင်အခဲမှ ပြုလုပ်လို့ မရတာ၊ အင်္ဂရတ်ပညာကို သေသေချာချာ တတ်ကျွမ်း နားလည်တဲ့သူတွေအတွက် သူငယ်တော်ရုပ်ကလေးဟာ တန်ဖိုးမဖြတ်နိုင်တဲ့ လျှို့ဝှက်ချက်တွေ ရှိနေတာပေါ့။

ပြီးတော့ ပြဒါးဆိုတာက ရွှေကို ဖမ်းနိုင်တယ် မဟုတ်လား၊ ဗိုလ်သူရိန်ဟာ သူငယ်တော်ရုပ်ကလေးကြောင့် မထင်မှတ်ဘဲ ရွှေအမြောက်အမြားကို ရရှိခဲ့ဖူးတယ်၊ ဒီလိုကွ အရင်ကဆိုရင် ဗိုလ်သူရိန်ဟာ သူငယ်တော်ရုပ်ကလေးကို ကိုယ်နဲ့မကွာ အမြဲဆောင်ထားတတ်တယ်၊ တစ်နေ့မှာ ဗိုလ်သူရိန် တပ်သားသစ်တွေ စုဆောင်းဖို့အတွက် ပဲခူးရိုးမဖက်က ရွာကလေးတစ်ရွာကို တစ်ယောက်ထဲ ရောက်သွားခဲ့တယ်။

အဲဒီရွာကလေးကို သွားရတဲ့လမ်းမှာ တောင်ကျချောင်းကလေးတစ်ခု ရှိတယ်၊ ဗိုလ်သူရိန်ဟာ ခါးတစ်ဝက်သာသာရှိတဲ့ တောင်ကျချောင်းကို မြင်းနဲ့ဖြတ်ကူးရတယ်၊ အဲဒီအခါ မြင်းမှာ ချည်နှောင်ထားတဲ့ သူ့ရဲ့ခရီးဆောင်အိတ်တာ ထွက်ကျပြီး ချောင်းရေစီးနဲ့ မျောပါသွားတော့တယ်။ ရေစီးကလည်း ညင်ညင်သာသာပဲ စီးနေတယ်ဆိုတော့ ဗိုလ်သူရိန်ဟာ မလှမ်းမတမ်းလောက်မှာ လွယ်အိတ်ကို ပြန်ပြီး ဆယ်လို့ရခဲ့တယ်။

သရဖီလှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဖြစ်ချင်တော့ လွယ်အိတ်ထဲမှာ အမြဲဆောင်ထားတဲ့ သူငယ်တော်ရုပ်က လေးကတော့ ချောင်းရေထဲမှာ နစ်မြုပ်ကျန်ခဲ့တယ်၊ ဗိုလ်သူရိန်လည်း ဒါးတစ်ဝက်သာသာလောက်ရှိတဲ့ ရေထဲကို စမ်းပြီး ရှာဖွေရတော့တာပေါ့၊ သူ့အထင် အရုပ်ကလေးက ရေစီးနဲ့ မျောသွားလောက်ပြီလို့ ထင်တယ်၊ သူနဲ့မလှမ်းမကမ်းမှာ ချောင်းက ကွေ့ဝိုက်ပြီး စီးဆင်းနေတယ်၊ ဗိုလ်သူရိန်ဟာ အရုပ်ကလေးကို စမ်းသပ်ရှာဖွေရင်း ချောင်းကွေ့အထိ ရောက်လာတယ်။

အဲဒီမှာ ရေကလည်း လူတစ်ရပ်ကျော်လောက်နက်တော့ အရုပ်ကလေးကို ရေထဲငုပ်ပြီး ရှာဖွေရတာပေါ့၊ ဗိုလ်သူရိန်ကတော့ အရုပ်ကလေးကို ဆုံးရှုံးရပြီလို့ မှတ်နေတော့တယ်၊ ဗိုလ်သူရိန်ဟာ ချောင်းတွေကြမ်းပြင်က ကျောက်ကြိုကျောက်ကြားမှာ စမ်းသပ်ရှာဖွေတဲ့အခါ မထင်မှတ်ဘဲ ရွှေနဲ့သဏ္ဍာန်တူတဲ့ အမှုန်အမွှားအစအနကလေးတွေကို တွေ့ရှိခဲ့တယ်၊ အရုပ်ကလေးကိုတော့ မတွေ့ရဘူး။ စိတ်မလျှော့ဘဲ ဆက်ပြီးရှာဖွေတော့မှ ရေအောက်က ချောက်တစ်ခုထဲမှာ အရုပ်ကလေးကို တွေ့ရတော့တယ်၊ အဲဒါနဲ့ ဗိုလ်သူရိန်ဟာ ဝမ်းသာအားရနဲ့ပဲ အရုပ်ကလေးကိုယူဆောင်ပြီး ခရီးဆက်ခဲ့တယ်၊ သူက အဲဒီနေရာမှာ ရွှေနဲ့သဏ္ဍာန်တူတဲ့ အစအနကလေးတွေ တွေ့ခဲ့တာ မေ့လျော့





မသွားဘူး၊ သူဟာ ရွာကလေးကိုရောက်ပြီး တပ်သားတွေ စုဆောင်းနေတဲ့အချိန်မှာပဲ အဲဒီချောင်းကွေ့ကို တစ်ခေါက်ပြန်ရောက်လာတယ်။

ပြီးတော့ နောက်လိုက်ငယ်သားအချို့ကို အဲဒီနေ့က မြေသားတွေကိုယူပြီး ရွှေကျင်ခိုင်းတာ၊ ရွှေစတွေဟာ ထင်တာထက်ပိုပြီး များပြားနေတာ တွေ့ရတယ်၊ ပြီးတော့ ဗိုလ်သူရိန်ဟာ သူကိုယ်တိုင်ပဲ သူငယ်တော်ရုပ်ကလေးကို တွေ့တဲ့ချောက်ထဲကို ရေငုပ်ပြီး စမ်းသပ်ရှာဖွေတဲ့အခါ ရွှေကိုကျင်ယူစရာတောင်မလိုဘဲ အတုံးအခဲတွေအဖြစ် တွေ့လိုက်ရတော့တယ်၊ ဗိုလ်သူရိန်ဟာ အဲဒီရွှေတွေကို ရနိုင်သလောက် သယ်ယူပြီး ရွာကလေးမှာပဲ လက်တစ်ဆစ်သာသာလောက်ရှိတဲ့ အတုံးအခဲကလေးတွေအဖြစ် ပိုသွန်းခဲ့တယ်၊ အဲဒီရွှေတွေကို သူဟာ နယ်ချဲ့အစိုးရကို တော်လှန်တဲ့နေရာမှာ အကျိုးရှိရှိ အသုံးချခဲ့တယ်”

တု ရှင်းပြလေ၏။ ထိုအခါ ငွေတိုးသည် ငယ်စဉ်ကတည်းက မိခင်သည် အိမ်နီးချင်းတတိုက်စာရေးကြီး မိန်းမကို အရုပ်ကလေးတစ်ရုပ် ထုတ်ပြခဲ့ဖူး၏။ ထိုအရုပ်ကလေးကြောင့်ပင် ရွှေစကလေးများ ရရှိသည်ဟု ပြောခဲ့ဖူးသည်ကို မှတ်မိနေ၏။

တတိုက်စာရေးကြီး မိန်းမကမူ ငွေတိုးကို မိခင်ဖြစ်သူဆုံး

www.burmeseclassic.com



သွားချိန်တွင် အရုပ်ကလေးမှာ ပျောက်ဆုံးနေသည်ဟု ပြောဆိုခဲ့၏။

ဤသို့ဆိုလျှင် သူငယ်တော်ရုပ်ကလေး ဘယ်ရောက်သွားသည်မသိ၊ ဦးပေတလူကတော့ သိရှိနိုင်၏။ ထို့ကြောင့် ဦးပေတလူကို

"သူငယ်တော်ရုပ်ကလေးက ကျုပ်ရဲ့အမေ သေဆုံးချိန်မှာ မရှိတော့ဘူး"

ဟုငွေတိုးက ပြောလိုက်ရာ ဦးပေတလူက

"ဒီလိုကွ၊ မင်းအမေ မမြကလေးဟာ ငါတို့က စောင့်ရှောက်ပါရစေဆိုတာကို လက်မခံဘဲ သူ့ဘာသာ ရပ်တည်ပြီး မင်းကို မွေးဖွားခဲ့တယ်၊ ဒါပေမဲ့ ငါတို့နဲ့ အဆက်အသွယ် မပြတ်ပါဘူး။ ငါတို့ဆိုတာလည်း မောင်မျောက်က တော်လှန်ရေးတပ်သားတွေနဲ့ ကျန်ရစ်ပြီး ကျဆုံးသွားခဲ့တော့ ငါရယ်၊ မောင်ဆင်ရယ်ပဲ ရှိတော့တာပေါ့၊ ငါနဲ့ မောင်ဆင်ကလည်း လူခွဲပြီး ကိုယ်နှစ်သက်ရာဒေသမှာ ကိုယ်ကျင်လည်ပြီး အင်္ဂလိပ်အစိုးရကို နည်းအမျိုးမျိုးနဲ့ အနှောင့်အယှက်ပေးနေကြတယ်၊ တို့ဟာ မင်းရဲ့အမေ မသေခင်ကမှ အဲဒီသူငယ်တော်အရုပ်ကလေးအကြောင်း သိရတာပဲ၊ မင်းအမေဟာ သူမသေခင်မှာ ငါတို့ကို အဲဒီ အရုပ်ကလေး





အပ်သွားခဲ့တာပဲ၊ သူငယ်တော်ရုပ်ကိုတော့ မောင်ဆင်က ထိန်းသိမ်းစောင့်ရှောက်ထားတယ်၊ ပြီးတော့ မင်းအမေက မင်းလူလားမြောက်တဲ့အချိန်မှာ အဲဒီသူငယ်တော်ရုပ်ကလေးကို အပ်ပြီး တိုင်းပြည်ကောင်းကျိုးအတွက် နည်းလမ်းရှာပြီး အသုံးပြုနိုင်ဖို့ မှာကြားခဲ့တယ်"

ဟု ပြောလေတော့၏။

ထိုအခါမှပင် တစ်ချိန်လုံး ငြိမ်သက်နေသော မိုးစန္ဒာက ဦးပေတလူကို

"ဦးကြီးက အခုခရီးထွက်သွားတာ မောင်ဆင်ကို ရှာဖွေမလို့ မဟုတ်လား"

ဟု မေးမြန်းလေရာ ဦးပေတလူက သက်ပြင်းချ၍

"ဟုတ်တယ် . . မောင်ဆင်ဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်ကစပြီး ကျုပ်နဲ့အဆက်အသွယ် ပြတ်သွားတယ်၊ အခု သူ့ကိုလိုက်ပြီး ရှာဖွေ ောဘ့လည်း သတင်းတော့ ကြားခဲ့ရတယ်၊ ဒါပေမဲ့ မကောင်း သတင်းပဲ၊ မောင်ဆင်ဟာ မကြာခင်ကမှ ထောင်ထဲမှာ ရောဂါတစ်ခုနဲ့ သေဆုံးသွားတယ်လို့ သိရတယ်"

ဟု ပြောလေ၏။

မိုးစန္ဒာက မျက်လုံးကလေးအဝိုင်းသားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"အဲဆိုရင် သူငယ်တော်အရုပ်ကလေးက လမ်းစပျောက်သွားပြီပေါ့"

ဟုဆိုလေရာ ဦးပေတလုက

"အခုတော့ ဒီအတိုင်းပဲ၊ အဲပေမဲ့ ထပ်ပြီး သတင်းရအောင်ကြိုးစားရမှာပေါ့"

ဟု ပြောလေတော့၏။





၆

ငွေတိုးသည် မိုးစန္ဒာ၏နေအိမ်သို့ ရောက်ရှိ၍ ဦးပေတလုနှင့်တွေ့ကာ မိမိ၏ဘဝနောက်ကြောင်းများကို သိရှိခဲ့ရ၏။ အချိန်ကလည်း သန်းခေါင်ပင်ကျော်လာခဲ့ပြီ ဖြစ်၏။

ထိုအချိန်တွင် ဦးပေတလု သည် ဆေးပေါ့လိပ်ကိုဖွာကာ စဉ်းစားခန်းဝင်နေလေ၏။ သူ၏စိတ်ထဲတွင် သူငယ်တော်ရုပ်ကလေးကို ရှာဖွေရန် နည်းလမ်းများကို တွေးတောနေပေလိမ့်မည်။ ထိုအခါ ငွေတိုးက မိုးစန္ဒာကို

"ကျုပ် အံ့သြနေတာက ဦးပေတလုနဲ့ မမိုးစန္ဒာ ဒီလိုသိကျွမ်းနေလိမ့်မယ်လို့ မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ မိုးစန္ဒာက ပြုံး၍

''တိုးလွန်ခဲ့တဲ့ (၁၀)နှစ်လောက်က ဦးပေတလူက ငါ့ရဲ့အရှက်ကို ကာကွယ်ပေးခဲ့စဉ်ကတည်းကစပြီး သိကျွမ်းခဲ့တာပါ။ အဲဒီတုန်းက ငါဟာ အိမ်အပြန်လမ်းမှာ အမူးသမားတစ်ယောက်ရဲ့ နှောင့်ယှက်တာကို ခံခဲ့ရတယ်၊ အဲဒီမှာ ဦးပေတလူကဝင်ပြီး ကယ်တင်ခဲ့တာပါ။ နောက်ပိုင်းတော့ တို့ဟာ အဲဒီထက်ပိုပြီး ရင်းနှီးခင်မင်ခဲ့ကြတယ်၊ အဲဒါကလည်း အကြောင်းရှိတယ်ကွ၊ အဲဒီအကြောင်းကို မင်း မကြာခင်သိရမှာပါ။ မင်းကို လူတစ်ယောက်တပြောပြလိမ့်မယ်၊ အဲဒီလူ လာဖို့တောင် အချိန်နီးနေပြီ''

ဟု ဆိုလေ၏။ ထိုအခိုက်တွင် ခြံဝင်းတံခါးမှ ခေါင်းလောင်းသံတချွင်ချွင်ကို ကြားရလေ၏။ ထိုအသံကြောင့် ဦးပေတလူသည် မျက်လုံးပွင့်လာ၏။

မိုးစန္ဒာက မိန်းကလေးတစ်ယောက်ကိုခေါ်၍ ခြံဝင်းတံခါးဖွင့်ခိုင်းလေ၏။ မကြာမီတွင် မိန်းကလေးနှင့်အတူ လူတစ်ဦးလိုက်ပါလာ၏။ ငွေတိုးက ထိုလူကို ကြည့်၍

''ကိုနက်ကျော်ကြီးပါလား''

ဟု ရေရွတ်လိုက်မိ၏။ ထိုအခါ နက်ကျော်ကြီးက ခုံတွင်ခြေမစ်လက်ပစ်ထိုင်ချကာ ငွေတိုးကို





''မင်းသာ ငါ့ဆိုင်မှာရှိရင် မလွယ်ဘူး၊ ရာဇဝတ်အုပ်မြဆွေက ဂါတ်တဲမှာရှိတဲ့ပုလိပ်တွေ အကုန်လုံးခေါ်လာသလားတောင် ထင်ရတယ်၊ တို့တဲစုကလေးတစ်ခုလုံးကို ပိုက်စိပ်တိုက်ပြီး ရှာဖွေကြတယ်၊ ငါ့ကိုလည်း မေးလိုက်တာ စုံနေတာပဲ၊ အမိကတတော့ ဓားပြကြီး တောကျိုးကန်းပေါ့ကွာ၊ တကယ်တော့ ဓားပြကြီးကို ရှာဖွေမယ်လို့ အကြောင်းပြပြီး မင်းကို ဖမ်းမလို့ အကွက်ဆင်တာပေါ့ကွာ၊ ငါ့ဆိုင်မှာ မင်းနေထိုင်သွားတယ်ဆိုတာကိုလည်း ဘာကြောင့်နေတာလဲ၊ မင်းကို ဘယ်ကလာပြီး ဘာလုပ်သလဲ မေးလိုက်တာစုံနေတာပဲ၊ မင်းကို တွေ့ရင် သူတို့တဓားပြကြီးရဲ့အပေါင်းပါလို့ မဟုတ်မဟတ် စွပ်စွဲပြီး အမဲဖျက်သလို ဝိုင်းဖျက်မှာကွ၊ ရာဇဝတ်အုပ်မြဆွေနဲ့အတူ ဘယ်သူ ပါလာတယ်ထင်သလဲ၊ ဟို ကုလားဒိန်မျိုးမြင့်ပါ အခါပေးရအောင်ပါလာတယ်ကွ၊ ဒီနှစ်ကောင်ပေါင်းမိပြီး မင်းကို ဆော်ကြလိမ့်မယ်၊ အခုတော့ မင်းကို ရှာမတွေ့တာနဲ့စိတ်ပျက်ပြီး ပြန်သွားကြပြီ၊ အဲဒီတော့မှ ငါလည်း အသာလစ်ထွက်လာတာ''

ဟုရှင်းပြလေ၏။ နက်ကျော်ကြီး၏ စကားဆုံးလျှင် ဦးပေတလူသည် ရယ်စရာပျက်လုံးတစ်ခုကို ကြားလိုက်ရသကဲ့သို့ ဟက်ဟက်ပက်ပက် ရယ်မောပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဟား . . ဟား . . ဒီကောင်တွေက ငွေတိုးကို ဓားပြကြီးတောကျိုးကန်းရဲ့ အပေါင်းအပါဆိုပြီး မဟုတ်မဟတ် စွပ်စွဲ ချောက်ချမလို့ ကြံနေတယ် ဟုတ်လား၊ ရယ်စရာကောင်းလိုက်တာကွ၊ သူတို့က တကယ့်ကို ငွေတိုးဟာ ဓားပြကြီးတောကျိုးကန်းရဲ့ အပေါင်းအပါတစ်ယောက်ဖြစ်မှန်း မသိကြတာပဲကွ"

ဟု ပြောလေရာ ငွေတိုးက မျက်မှောင်ကြုတ်၍

"ကျုပ်က ဘယ်လိုလုပ် ဓားပြကြီးရဲ့ အပေါင်းအပါ ဖြစ်ရမှာလဲ၊ ဓားပြကြီးရဲ့အကြောင်းကို ဒီမြို့ရောက်မှ ကြားဖူးတာပါ၊ လူကိုတောင် မမြင်ဖူးပါဘူး"

ဟု ဆိုလေ၏။ ထိုအခါ မိုးစန္ဒာက ငွေတိုးကို

"ဦးပေတလူပြောတာ မှန်တယ်၊ မင်းဟာ ဓားပြကြီးရဲ့ အပေါင်းအပါ အစစ်အမှန်ပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ ဟောဒီက ဦးပေတလူဟာ တောကျိုးကန်းဆိုတဲ့ ဓားပြကြီးပဲ"

ဟုပြောလေရာ ငွေတိုးသည် မျက်လုံးပြူးကျယ်သွားတော့၏။ နက်ကျော်ကြီးက

"ငါဟာလည်း ဆရာကြီးတောကျိုးကန်းရဲ့ ဓားပြအဖွဲ့က လူယုံတော်ကြီးတစ်ယောက်ပါကွာ၊ တကယ်တော့ တို့တစ်တွေဟာ ဓားပြတိုက်တယ်ဆိုတဲ့ အမည်ဆိုးကို ခံယူထားပေမယ့် အဖြစ်မဲ့တဲ့





သူတွေကို ဘယ်တော့မှ ဒုက္ခမပေးဘူး၊ တို့ဟာ ဆင်းရဲသားပြည်သူတွေအပေါ်မှာ ဂုတ်သွေးစုပ် အမြတ်ကြီးစားနေတဲ့ သူဌေးသူကြွယ်တွေကိုသာ ဓားပြတိုက်တာပါ၊ ရလာတဲ့ငွေကြေးတွေကိုလည်း ကိုယ်ကျိုးအတွက် အသုံးမပြုဘဲ ဆင်းရဲသားတွေကို ပြန်ပြီး ဝေငှပေးခဲ့ပါတယ်၊ ပြီးတော့ အင်္ဂလိပ်အစိုးရရဲ့ အုပ်ချုပ်ရေး ယန္တရားကို ပျက်စီးအောင် မကြာခဏ နှောင့်ယှက်တိုက်ခိုက်ကြသေးတယ်၊ ဒါကြောင့် ဓားပြကြီးတောကျိုးကန်းဆိုရင် ပြည်သူတွေက ချစ်ခင်ကြတော့ သူ့ရဲ့သတင်းကို အင်္ဂလိပ်အစိုးရက ဘယ်လိုမှ စုံစမ်းလို့မရခဲ့ဘူး၊ တို့ဓားပြအဖွဲ့ထဲက သစ္စာဖောက်တစ်ယောက်ကြောင့်သာ ဆရာကြီးဟာ အဖမ်းခံရပြီး ထောင်သွင်းအကျဉ်းချခံလိုက်ရတာကွ၊ ဆရာကြီးဟာ ထောင်က လွတ်လွတ်ချင်းပဲ မင်းကိုလာတွေ့တာ ဖြစ်တယ်"

ဟု ရှင်းပြလေ၏။ ပြီးလျှင် နက်ကျော်ကြီးသည် မိုးစန္ဒာဘက်သို့ မေးငေါ့ကာ

"ဟောဒီက မိုးစန္ဒာဆိုရင် ငါတို့အဖွဲ့အတွက် တော်တော်အားကိုးရတာပေါ့ကွာ၊ သူက အမြတ်ကြီးစား သူဌေးသူကြွယ်တွေရဲ့ အိမ်ကို ဓားပြတိုက်လို့ရအောင် သူတတ်နိုင်သမျှ သတင်းပေးတဲ့အလုပ်ကို လုပ်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောမှ ငွေတိုးလည်း သဘောပေါက်သွားလေ၏။ သူ့အတွက် ပဟေဠိလို ဖြစ်နေသည့်အရာများ အတော်အတန် ရှင်းလင်းသွားပေပြီ။

ထိုအခါ ဦးပေတလူက ငွေတိုးကို

''ဒို့ဖက်က မင်းတို့ နက်ကျော်ကြီးဆီမှာ ထားခဲ့တာဟာ မင်းရဲ့စိတ်ဓာတ်ခိုင်မာမှုကို စာမေးပွဲစစ်လိုက်တာပါကွာ၊ အဲဒါဟာ မင်းရဲ့အမေ မပြကလေး ကျင့်သုံးခဲ့တဲ့ နည်းလမ်းပါပဲ၊ အချို့လူတွေဟာ ပင်ကိုဗီဇက ပျက်စီးချင်ပေမယ့် ပတ်ဝန်းကျင်က အခြေအနေမပေးလို့ မပျက်စီးကြဘူး၊ အချို့လူတွေကတော့ ပင်ကိုဗီဇက ကောင်းမွန်ပါရဲ့နဲ့ ပတ်ဝန်းကျင်မကောင်းတာနဲ့ ပျက်စီးကြရတယ်၊ လူကော ပတ်ဝန်းကျင်ပါ မကောင်းရင်တော့ မပြောတော့ပါဘူးကွာ၊ အဲဒီမှာ တစ်ခုရှိတာက မကောင်းတဲ့ပတ်ဝန်းကျင်ကို ရောက်ပြီး အဲဒီမှာလုပ်ချင်သလို လုပ်ပိုင်ခွင့်ရှိနေတဲ့ သူမျိုးကျတော့ ကိုယ့်စိတ်ကို ထိန်းချုပ်ဖို့ မလွယ်လှဘူး၊ မင်းကို ဒါကြောင့် မကောင်းမှုမျိုးစုံရှိနေတဲ့ နက်ကျော်ကြီးဆီကို ပို့လိုက်တာပေါ့ကွာ၊ မင်းဟာ တကယ့်ကို စိတ်ဓာတ်ခိုင်မာပါတယ်၊ ပြီးတော့ ကိုယ့်အတွက် အန္တရာယ်တွေ ဖြစ်လာမယ်မှန်းသိရက်နဲ့ သူတစ်ပါးကို ကူညီကယ်တင်ခဲ့တာလည်း စွန့်လွှတ်စွန့်စားရဲတဲ့





ယောကျ်ားတွေရဲ့ အမူအကျင့်ပါပဲ''

ဟု ချီးမွမ်းလေတော့၏။ အချိန်အတန်ကြာလျှင် နက်ကျော်ကြီးလည်း ပြန်သွားလေ၏။ ငွေတိုးနှင့် ဦးပေတလူမှာမူ မိုးစန္ဒာ နေရာချထားပေးသည့် အခန်းတစ်ခုတွင် အိပ်စက်ကြရ၏။

ထိုညက ငွေတိုးသည် ဦးပေတလူတူသော ဓားပြကြီး တောကျီးကန်းနှင့်အတူ အမြတ်ကြီးစား သူဌေးတစ်ဦး၏အိမ်သို့ ဓားပြတိုက်ကြသည်တု အိပ်မက်မြင်မက်လေ၏။

ထိုသူဌေးသည် သူများသားပျိုသမီးပျိုများကို ပျက်ဆီးနေသော သူဌေးတစ်ဦးဖြစ်ကာ သူဌေး၏နောက်လိုက် ကုလားဒိန်မျိုးမြင့်ကိုပါ ငွေတိုးက ဖနောင့်နှင့် သုံးလေးချက်မျှပေါက်၍ ဆုံးမခဲ့သေး၏။ မျိုးမြင့်သည်လည်း သူဌေးကဲ့သို့ အမူအကျင့်ရှိသူ ပဟုတ်ပါလား။

၎င်းတို့သည် ဓားပြတိုက်ပြီးနောက် ရရှိလာသည့် တိုက်ရာပါပစ္စည်းများကို ရေသေးကြောင့် ဒုက္ခရောက်နေသည့် မြစ်တမ်းနံဘေးရှိ ရွာတစ်ရွာသို့ သွားရောက်ကာ ဝေငှပေးကြ၏။ နံနက်လင်းလျှင် ထိုအိပ်မက်ကို ငွေတိုးက ဦးပေတလူအား ပြောပြလိုက်လေရာ ဦးပေတလူက

''ဟား . . ဟား . . ဟား . . မင်းအိပ်မက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ငါလုပ်မယ့်ကိစ္စကို ကြိုပြီးသိနေသလိုပဲ၊ မင်းရဲ့အိပ်မက်ထဲက သူဌေးဟာ လောင်းကစားအိမ်က ဦးဘကျော်ပဲကွ၊ ငါက အဲဒီ လူကြီးကို ဆုံးမ,မလို့ ကြံစည်ထားတာကွ၊ ပြီးတော့ ရထားတဲ့ ငွေကြေးကိုလည်း ရေဘေးကြောင့် ဒုက္ခရောက်နေတဲ့ရွာတစ်ရွာကို သွားပြီးဝေငှမလို့ ဆုံးဖြတ်ထားတာကွ"

ဟု ပြောလေ၏။ ထိုအခါ ငွေတိုးလည်း စိတ်အားတတ်ကြွစွာဖြင့်

"ဦးမေတာလူ အဲဒီကိစ္စကို အကောင်အထည်ဖော်ရင် ကျုပ်ကိုလည်း ချန်မထားပါနဲ့ဗျာ"

ဟု ဆိုလိုက်လေတော့၏။





သူဌေးဦးဘကျော်၏ လောင်းကစားအိမ်ကြီးတွင် ညဥ့်နက်လေ ပို၍စည်ကားလာလေ ဖြစ်နေ၏။

ထိုအချိန်၌ ဦးဘကျော်သည် ထိုအိမ်ကြီး၏ အပေါ်ထပ် အခန်းတစ်ခန်းအတွင်း၌ ရှိနေလေ၏။

သူ၏ ရှေ့၌ များပြားလှသော ငွေစက္ကူများ၊ ရွှေဒင်္ဂါးများလည်း ရှိနေလေ၏။ ထိုငွေများသည် လောင်းကစားအိမ်ကြီးမှ တစ်လအတွင်း ဝင်သောဝင်ငွေ ဖြစ်၏။

ထို့အပြင် အမြတ်ကြီးစား၍ အတိုးရင်းပွားချထားသော အလုပ်မှ ရရှိသောဝင်ငွေလည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘကျော်သည် မြို့ထဲရှိ အချက်အချာကျသော နေရာတွင် မိသားစုနှင့်အတူ နေထိုင်သူ ဖြစ်၏။

ကန်စောင်းမှ အိမ်ကြီးမှာ လောင်းကစားဝိုင်းဖွင့်ရန်အတွက်နှင့် သူ့အတွက် မိန်းကလေးများနှင့် ပျော်ပါးချင်တိုင်း ပျော်ပါးရန်အတွက်သာ ဆောက်လုပ်ထားခြင်း ဖြစ်၏။

သန်းခေါင်ကျော်အချိန်တွင် ဦးဘကျော်သည် မြို့ထဲရှိ အိမ်သို့ ပြန်ပေတော့မည်။

သူနှင့်အတူ အိမ်ရှိလုံခြုံသော မီးခံသေတ္တာကြီးထဲသို့ ထည့်သွင်းသိမ်းဆည်းထားရန် ရွှေဒင်္ဂါးများ၊ ငွေစက္ကူများကို သားရေအိတ်ကြီးနှင့်ထည့်၍ ယူဆောင်သွားမည်ဖြစ်၏။

ထို့နောက် ဦးဘကျော်သည် လောင်းကစားအိမ်၏ နံဘေး၌ အသင့်စောင့်ဆိုင်းနေသော အလုံပိတ်မြင်းရထားဆီသို့ ရောက်ရှိလာ၏။

မြင်းရထားသမားသည် သက္ကလပ်ဦးထုပ်ကြီးကို မျက်နှာအုပ်အောင်ဆောင်း၍ အိပ်ငိုက်နေဟန်ရှိ၏။

ဦးဘကျော်သည် တံခါးအပေါက်စောင့် လူထွားကြီးနှစ်ယောက်ကို ခေါ်၍

''မင်းတို့နှစ်ယောက် ငါနဲ့လိုက်ခဲ့ကြ၊ ဒီတစ်ပတ်ရတဲ့





ငွေတွေက မနည်းဘူး''

ဟု သူ၏လုံခြုံရေးအတွက် စီစဉ်လေ၏။ ထိုအခါ ကုလားဒိန်မျိုးမြင့်ကလည်း ဦးဘကျော်ကို မျက်နှာလိုမျက်နှာရဖြင့်

''ဆရာကြီး ကျွန်တော်ပါလိုက်ပြီး ဆရာကြီးကို စောင့်ရှောက်ပါရစေ''

ဟု ခွင့်တောင်း၍ လိုက်ပါလာ၏။ ထို့နောက် မျိုးမြင့်က အိပ်ငိုက်နေသော မြင်းလှည်းသမားကို အော်ငေါက်ကာ

''ဟေ့ကောင် တာတီး၊ မင်းကို ကြည့်လိုက်ရင် အမြဲတမ်း အိပ်ငိုက်နေတာပဲ၊ ထစမ်း . . သွားကြမယ်''

ဟု ပြောလိုက်ရာ မြင်းလှည်းသမားက ဘာမျှပြန်မပြောဘဲ မြင်းလှည်းကို မောင်းထွက်လိုက်လေ၏။

လူထွားကြီးနှစ်ယောက်နှင့် ဦးဘကျော်သည် ရထားလုံးထဲတွင် စီးနင်းလိုက်ပါလာ၏။

မျိုးမြင့်မှာမူ မြင်းလှည်းသမားနှင့် ယှဉ်၍ထိုင်ရင်း ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ်ကြည့်၍ နေလေ၏။

မြို့ထဲနှင့် လောင်းကစားအိမ်ကြီးမှာ တစ်မိုင်ကျော်ကျော်မျှ ကွာဝေးလေ၏။

လမ်းတွင် သစ်ပင်ကြီးများအုပ်ဆိုင်း၍ လူသွားလူလာ

www.burmeseclassic.com



ပြတ်လေ၏။ လရောင်ကမူ အလင်းရောင်ကို လုံလောက်စွာရရှိစေ၏။

မြင်းလှည်းသည် တောလမ်းအတိုင်း ပြေးလွှားလာရင်း တစ်နေရာအရောက်တွင် တုံ့ခနဲ ရပ်တန့်သွားလေ၏။ ထိုအခါ မျိုးမြင့်က တာတီးကို နားမလည်ဟန်ဖြင့် ကြည့်၍

"ဟေ့ကောင် မြင်းလှည်းကို ဘာဖြစ်လို့ ရပ်လိုက်ရတာလဲ" ဟု မေးမြန်းလိုက်၏။

ထိုအခါ တာတီးက လက်ညှိုးကို နှုတ်ခမ်းတွင်ကပ်၍ ရှူးခနဲလုပ်ကာ လေသံတိုးတိုးဖြင့်

"တိုးတိုးဗျ . . ဒီအနားမှာ မသင်္ကာစရာ လူရိပ်လူယောင်တွေ တွေ့လိုက်ရလို့ဗျ"

ဟု ပြန်လှန်ပြောဆိုလေရာ မျိုးမြင့်သည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေ၏။

မြင်းရထားအတွင်းမှ ဦးဘကျော်ကလည်း

"ဟေ့ကောင် မျိုးမြင့် . . ဘာဖြစ်တာလဲကွ"

ဟု မေးမြန်းလေရာ မျိုးမြင့်က မြင်းလှည်းသမားတာတီး၏ လေသံအတိုင်း အရေးတကြီးဟန်ဖြင့်

"ဒီနားမှာ မသင်္ကာစရာ လူရိပ်လူယောင်တွေ တွေ့ရလို့





ပါ" ဟု အဖြေပေးလေ၏။

ထိုအခါ မြင်းရထားထက်မှ လူထွားကြီးနှစ်ဦးက ဆင်းလာပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လေ၏။

ပြီးလျှင် လူထွားကြီးနှစ်ယောက်က

"ဘယ်မှာလဲကွ ဘယ်သူမှလည်း မတွေ့ပါလား"

ဟုပြောလေရာ မြင်းလှည်းသမား တာတီးက တဖဲဖဲ ရယ်မောပြီး

"ဟဲ . . ဟဲ . . မသင်္ကာစရာကောင်းတာက တောမြင်းလှည်းပေါ်မှာဗျ"

ဟုဆိုကာ တစ်ဆက်တည်းပင် အနီး၌ရှိနေသော မျိုးမြင့်ကို မြင်းလှည်းထက်မှ ဆတ်ခနဲ ကန်ချလိုက်လေ၏။

မျိုးမြင့်သည် မြေပေါ်သို့ ခွေးကျဝက်ကျ ကျသွား၏။ မြင်းလှည်းသမားလည်း မျိုးမြင့်နောက်မှ ထပ်ကြပ်မကွာ လွှားခနဲ ခုန်ဆင်းလာ၏။

ထိုအခါ လူထွားကြီးနှစ်ဦးက သက္ကလပ်ဦးထုပ်ကို မျက်နှာဖုံးအောင် ဆောင်းထားသော သူကို သူတို့၏မြင်းလှည်းသမား တာတီးမဟုတ်မှန်း သိသွားပြီး ဓားများကိုဝင့်၍ တိုက်ခိုက်တန်ပြင်လေ၏။

www.burmeseclassic.com



သို့သော် သူတို့သည် သက္ကလပ်ဦးထုပ်နှင့်လူထံသို့ မရောက်မီတွင် သူတို့၏အထက်ရှိ သစ်ကိုင်းမှ မဲမဲအရိပ်နှစ်ရိပ်က ခုန်ဆင်း၍ လျှပ်တစ်ပြက်တိုက်ခိုက်ခြင်းကို ခံလိုက်ရလေ၏။

မျိုးမြင့်မှာ ထိုအဖြစ်အပျက်များကိုကြည့်ကာ ကြောက်လွန်း၍ ထွက်ပြေးရန် ပြင်လေ၏။

သက္ကလပ်ဦးထုပ်နှင့်လူက မျိုးမြင့်ကို အလွတ်မပေးချေ။ မျိုးမြင့်သည် သက္ကလပ်ဦးထုပ်နှင့်လူ၏ ဖနောင့်နှင့် ဒုတိယအကြိမ် မိတ်ဆက်သွားရပြန်၏။

လူထွားကြီးနှစ်ဦးနှင့် သစ်ပင်ထက်မှ ခုန်ဆင်းလာသူနှစ်ဦးတို့၏တိုက်ပွဲမှာ ပြီးဆုံးသွားချေပြီ။

လူထွားကြီးများသည် သက္ကလပ်ဦးထုပ်နှင့်လူကို အာရုံစိုက်နေစဉ် အလစ်အငိုက်တွင် ခံလိုက်ရကာ နှစ်ဦးစလုံး မြေပေါ်တွင် စန့်စန့်ကြီး လဲလျောင်းနေကြပေပြီ။

သစ်ပင်ထက်မှ ခုန်ဆင်းလာသူ နှစ်ယောက်သည် မျက်နှာများတွင် ပဝါများစည်းနှောင်၍ ရုပ်ဖျက်ထားကြ၏။

မြင်းလှည်းထက်မှ သူဌေးဦးဘကျော်သည် ခေတ္တမျှ ကြောင်ငေးသွားသော်လည်း သူ၏ တပည့် လူထွားကြီးနှစ်ယောက် လဲကျသွားလျှင်သွားခြင်းပင် တရားမဝင် ကိုင်ဆောင်ထားသော





သူ၏လက်စွဲတော် ခြောက်လုံးပြူးကို ထုတ်ကာ မြင်းလှည်း ထက်မှပင်

"ဟောကောင်တွေ တစ်ယောက်မှ မလှုပ်နဲ့"

ဟုဆိုကာ ပဝါစည်းထားသူနှစ်ဦးကို သေနတ်ပြ၍ အမိန့် ပေးလိုက်၏။

သို့သော် သေနတ်မှာ သူ၏လက်ထဲတွင် ကြာရှည်မ မြဲလိုက်ဘဲ တစ်စုံတစ်ယောက်၏ ဆတ်ခနဲ လုယူခြင်းကို ခံလိုက် ရ၏။

ဦးဘကျော်သည် သူ၏နောက်မှ မြင်းလှည်းထက်သို့ ဘယ်အံ့ချိန်က ရောက်ရှိနေသည် မသိရသည့် နော်က်ထပ်မျက်နှာ ဖုံးစွပ် တစ်ယောက်ကို တွေ့လိုက်ရတော့၏။ ထိုသူက သူ၏သေ နတ်နှင့်ပင် သူ့ကို ချိန်ရွယ်ကာ လေသံတိုးတိုးဖြင့်

"တောကျိုးကန်းကို အလျှုငွေထည့်ဖို့ ဘာဖြစ်လို့ ဒီ လောက်တောင် တွန့်တိုနေရတာလဲဗျာ"

ဟုပြောလေရာ ဦးဘကျော်က အံကြိတ်၍

"ဩော် . . တောကျိုးကန်းကို။ မင်းက လက်ဦးသွားပြီ ဆိုတော့ နေ့ရှင်ဦးပေါ့ကွာ"

ဟု ကြိမ်းဝါးလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် မျိုးမြင့်သည် လဲကျနေရာမှ ကျုံးရုံး၍ ထကာ အော်ကြီးဟစ်ကျယ်ဖြင့်

"ကယ်ကြပါဦးဗျို့ . . . ဟောဒီမှာ ဓားပြကြီးတောကျိုးကန်း"

ဟု အော်ဟစ်လေရာ စကားမဆုံးမီတွင် သက္ကလပ်ဦးထုပ်နှင့်လူ၏ ဖနောင့်ချက်ကို တတိယအကြိမ် ခံလိုက်ရပြန်၏။ မကြာမီတွင် မောင်းသူမဲ့နေသော မြင်းလှည်းတစ်စီးသည် တောလမ်းအတိုင်း ဦးတည်ရာမဲ့ ပြေးလွှားနေလေ၏။

မြင်းလှည်းထက်တွင်မူ ဦးဘကျော်နှင့် အပေါင်းအပါတစ်စုသည် ကြိုးများဖြင့် တုပ်နှောင်ခံထားရကာ မအော်တစ်နိုင်စေရန် ပါးစပ်တွင် အဝတ်များဆို့လျက်သား ရှိနေလေတော့၏။

ရွှေဒင်္ဂါးနှင့် ငွေစက္ကူများ ထည့်ထားသော သားရေအိတ်ကြီးမှာမူ ဓားပြကြီးတောကျိုးကန်း၏ လက်ထဲသို့ ပါသွားပေပြီ။

ဤအဖြစ်အပျက်များ ဖြစ်ပွားပြီး၍ ရက်အနည်းငယ်အကြာတွင် ရေဘေးကြောင့် ဒုက္ခရောက်နေသည့် ရွာကလေးတစ်ရွာသို့ ကြီးမားလှသော လှေကြီးတစ်စင်း ဆိုက်ကပ်လာ၏။

လှေကြီးပေါ်တွင် ထိုရွာကလေးအတွက် လှူဒါန်းလိုအပ်





လှသော စားရေးရိက္ခာများ၊ စောင်၊ ခြင်ထောင်နှင့် အဝတ်အထည်အသုံးအဆောင်များ၊ အိုးခွက်ပန်းကန်များ အပြည့်တင်ဆောင်လာ၏။

ပြီးလျှင် လှေကြီးပေါ်မှ လူတစ်စုက ရွာသားများကို ထိုပစ္စည်းများအား ဝေပုံကျခွဲဝေပေးကာ ချက်ချင်းပင် ပြန်လည်ထွက်ခွာသွားကြလေ၏။

ထိုလူစုမှာ ဓားပြကြီး တောကျိုးကန်းခေါ် ဦးပေတလူ၊ ငွေတိုးနှင့် နက်ကျော်ကြီးအပါအဝင် သူ၏တပည့် မောင်လုံးတို့ ဖြစ်ကြောင်း သိလောက်ပေပြီ။ ထိုခရီးစဉ်တွင် မိုးစန္ဒာလည်း ပါဝင်လေ၏။

ရေဘေးကြောင့် ဒုက္ခရောက်နေသည့် ရွာသူရွာသားများသည် အလှူရှင်များကို ကြည့်၍ တစ်ယောက်တစ်ပေါက်နှင့် ထင်ကြေး အမျိုးမျိုးပေးကြ၏။ အချို့က

"ဒါဟာ မြို့ပေါ်က မြူနီစပယ်လူကြီးတွေ အလှူခံပြီး ရွာကို လာဝေငှတာတော့ မဖြစ်နိုင်ဘူး။ သူတို့ဟာ အာဏာပိုင်အဖွဲ့အစည်းက မဟုတ်ဘူးဆိုတာ သိသာနေတာပဲ"

ဟု ပြောလေ၏။ အချို့ကမူ

"ဒီလိုအလုပ်မျိုးကို ဒီနယ်ဖက်မှာ လုပ်တတ်တာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ဦးပဲ ရှိပါတယ်ကွာ၊ ရှည်ရှည်ဝေးဝေး စဉ်းစားစရာမလိုပါဘူး၊ တိုက်ရာပါ ပစ္စည်းတွေကို ဆင်းရဲသားတွေကို ပြန်ပြီးဝေမျှပေးတာဆိုလို့ ဓားပြကြီး တောကျီးကန်းပဲ ရှိတယ်မဟုတ်လား”

ဟု ပြောလိုက်ရာ ရွာသားများသည် ဓားပြကြီးတောကျီးကန်း သက်တော်ရာကျော်ရှည်စေရန် ဝိုင်း၍ကောင်းချီးပေးကြကုန်၏။





ငွေတိုးသည် ဓားပြကြီးတောကျီးကန်း၏ ဓားပြတိုက်ရာတွင် ပါဝင်ခဲ့လေ၏။

ထိုကဲ့သို့ အမြတ်ကြီးစားများ၏ ငွေကြေးကို မရှိဆင်းရဲသားများအား ဝေမျှပေးရသည်မှာ လွန်စွာကျေနပ်စရာကောင်းလှသည်ဟု ထင်မှတ်မိ၏။

ဦးပေတလူကမူ ငွေတိုးကို

“ကြွယ်ဝချမ်းသာခြင်းနဲ့ ဆင်းရဲမွဲတေမှုဆိုတာ အဆိုးအကောင်းခွန်တွဲနေတဲ့ လောကကြီးရဲ့သဘာဝအတိုင်း အမြဲတမ်းဖြစ်ပေါ်နေမှာပါကွာ၊ တကယ်တော့ ချမ်းသာတဲ့သူတွေကို ဆင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲအောင် ပြုလုပ်လိုက်ရုံနဲ့ ဆင်းရဲသားတွေဟာ ချမ်းသာ မသွားနိုင်ကြဘူးကွ၊ အဲဒီအစွန်းနှစ်ဖက်ကို ချိန်ခွင်လျှာညီမျှ အောင်လုပ်ဖို့ဆိုတာ စိတ်ကူးယဉ်မှုသက်သက်သာ ဖြစ်နေ လိမ့်မယ်၊ ဆင်းရဲမှုကနေ လွတ်ကင်းအောင်လို့ ငွေကြေးတွေပုံ ပေးတာထက် ပိုပြီးလိုအပ်တာက သူတို့ရဲ့ အသိဉာဏ်မြင့်မားမှုကို ဖြစ်စေတာပဲကွ၊ ငွေကြေးတွေ ပုံပြီးပေးလိုက်ရင် ခဏတော့ ချမ်းသာသွားလိမ့်မယ်၊ ဒါပေမဲ့ အဲဒီငွေကြေးကို ထိန်းသိမ်း စောင့်ရှောက်ဖို့ တိုးပွားအောင်လုပ်ဖို့ဆိုတာ အမြင်ကျယ်မှု၊ အသိဉာဏ်မြင့်မားမှုတွေနဲ့သာ သက်ဆိုင်တယ် မဟုတ်လား၊ ဒါပေမဲ့ လူတွေ အကုန်လုံးကို အဲဒီလို ပြောင်းလဲပစ်ဖို့ တို့တစ်တွေ မတတ် နိုင်ပေမယ့် တို့ရဲ့ပတ်ဝန်းကျင်မှာ လက်လှမ်းမီသလောက် အကျိုး ပြုရမယ်၊ တို့ဟာ သဘာဝလောကကြီးထဲက မြူမှုန်ကလေး တစ်မှုန်လောက်သာ ရှိပေမယ့် မြူမှုန်ကလေးကလည်း သူတတ် စွမ်းသလောက် အကျိုးပြုနိုင်ပါတယ်၊ တို့ဟာ အရာအားလုံးကို မတတ်နိုင်ပေမယ့် တတ်နိုင်တဲ့ အစိတ်အပိုင်းကလေးတော့ ရှိပါတယ်၊ မင်းကို ထူးခြားပုံးတဲ့ အဖြစ်အပျက်ကလေးတစ်ခု ပြောပြမယ်၊ ပုံပြင်လို့လည်း ပြောလို့ရတယ်၊ ဒါပေမဲ့ ဆိုလိုရင်းက အဓိကပါပဲ၊ ဒီလိုကွ တစ်ခါက လူနှစ်ယောက်ဟာ သာယာလှတဲ့





ပင်လယ်ကမ်းစပ်မှာ လေညှင်းခံရင်း လမ်းလျှောက်လာကြတယ်၊ ကမ်းစပ်သဲသောင်ပြင်ပေါ်ကို ရေလှိုင်းတွေ၊ ပြေးတက်လာလိုက် ပြန်ဆင်းလာလိုက်နဲ့ ရှိနေတယ်။

အဲဒီအခါမှာ ပင်လယ်ထဲက ရေသတ္တဝါကလေးတွေဖြစ် တဲ့ ကြယ်ငါးကလေးတွေလို ဝင်ကစွပ်ကောင်လေးတွေလို အ ကောင်ကလေးတွေဟာ ရေအကျမှာ ကမ်းစပ်သောင်ပြင်ပေါ် တင်ကျန်ရစ်ခဲ့ကြတယ်၊ လေညှင်းခံရင်း လမ်းလျှောက်လာကြတဲ့ နှစ်ယောက်ထဲက လူတစ်ယောက်ကတော့ သူ့စိတ်ဟာ ဝင်လု ဆဲဆဲ ပင်လယ်ပြင်မှာ မေးတင်နေတဲ့ နေမင်းကြီးကို ကြည့်လိုက် ပင်လယ်ပျော်ငှက်ကလေးတွေ ဟိုသည်ပျံဝဲနေတာကို ကြည့် လိုက်၊ ပင်လယ်ကမ်းစပ်ကို တိုက်ခိုက်နေတဲ့ လတ်ဆတ်သန့် ရှင်းတဲ့လေကို ရှူရှိုက်လိုက်နဲ့ သဘာဝကြီးကပေးတဲ့ ကြည် နူးချမ်းမြေ့မှုတွေကို အပြည့်အဝယူရင်း လျှောက်လှမ်းလာ တယ်၊ ကျန်တဲ့တစ်ယောက်ကတော့ သူ့လို ခံစားတတ်ပုံမရဘူး၊ သူဟာ လမ်းတစ်လျှောက်သွားလာရင်း နီးစပ်ရာ ပင်လယ် သတ္တဝါကလေးတွေကို ကောက်ယူပြီး ပင်လယ်ပြင်ထဲ အတော် ဝေးဝေးအထိရောက်အောင် ပစ်ချပြီးလွှတ်ပေးနေတယ်၊ ဒါကို ချက်စိနောက်လာတဲ့ ကျန်တစ်ယောက်က အဲဒီလူကို



www.burmeseclassic.com

www.burmeseclassic.com



"ခင်များများ အေးအေးဆေးဆေး လမ်းလျှောက်ရင်း စိတ်ကို လွှတ်ထားစမ်းပါ။ ဘာမဟုတ်တဲ့ အကောင်ကလေးတွေကို ပင်လယ်ထဲပြန်လွှတ်ပေးတော့ ဘာထူးမှာလဲ၊ ဟောဒီ သဲသောင်ပြင်မှာတင် အဲဒီလိုအကောင်ကလေးတွေ သန်းနဲ့ချီပြီး ရှိနေတာပဲ"

လို့ပြောတဲ့အခါ အဲဒီလူက ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးတယ်၊ သူ့ရဲ့အပြုံးက အဓိပ္ပာယ်လေးနက်ကယ်၊ ပြီးတော့မှ သူက ကြယ်ငါးကလေးတစ်ကောင်ကို ကောက်ယူပြီး

"ဟောဒီတစ်ကောင်အတွက်တော့ ထူးတယ်ဗျ"

လို့ ပြောပြီး အဝေးက ပင်လယ်ထဲကို ပစ်လွှတ်လိုက်တော့တယ်" ဟု သူ၏စကားကို အဆုံးသတ်လေ၏။

ဦးပေတလူ၏ စကားရပ်သွားသော်လည်း ငွေတိုး၏ ရင်ထဲ၌ အတွေးများစွာ ဖြစ်ပေါ်နေလေ၏။ ငွေတိုးနှင့် ဦးပေတလူသည် မိုးစန္ဒာ၏အိမ်၌ပင် ရှိနေသေး၏။

သူတို့သည် လောလောဆယ် တားပြမှုကို ကျူးလွန်ထားကြသောကြောင့် ပုလိပ်များကို ရှောင်ရှားနေကြခြင်း ဖြစ်၏။ နက်ကျော်ကြီးမှာမူ ဟန်မပျက်ပင် သူ၏အရက်ဆိုင်သို့ ပြန်ရောက်နေလေ၏။





ငွေတိုးသည် ဦးပေတလူက သူတစ်ပါးကို တတ်နိုင်သမျှ ကူညီစေရန် ပြောပြသည့် အတွေးတို့ဖြင့်ရှိနေစဉ် သူ့အတွေးထဲ၌ နီမကို ဖျတ်ခနဲ သတိရမိ၏။

နီမ၏ဘဝကို သူကယ်တင်ခဲ့ဖူးသည် မဟုတ်ပါလား၊ ထိုမှဆက်ကာ အရက်ဆိုင်တွင် အရက်ဖိုးမပေးနိုင်၍ မောင်လုံး၏ အန္တရာယ်မှ ကာကွယ်ပေးခဲ့ရသည့် အရက်သမားကိုလည်း သတိရမိပြန်၏။

ထိုသူသည် အဆိပ်လူးမြားကို အသုံးပြုရသော မှုတ်ပြောင်းမှုတ်ရာတွင် ကျွမ်းကျင်လှသည့် မိုးကြီးဆိုသူဖြစ်၏။

ငွေတိုးသည် မိုးကြီးကို ဖျတ်ခနဲ သတိရမိလေရာ သူသည် တစ်စုံတစ်ရာကို တွေးတောမိပြီး ထိုင်ခုံမှ ခုန်၍ထလိုက်လေ၏။

သူ၏အနီး၌ ဦးပေတလူ ရှိမနေချေ။ ဦးပေတလူသည် ခြံတွင်းရှိ ရေကန်ကလေးမှ တံတားပေါ်တွင် မိုးစန္ဒာနှင့် စကားလက်ဆုံကျနေ၏။ ငွေတိုးက ထိုနေရာသို့ အပြေးအလွှားရောက်သွားပြီး ဝမ်းသာအားရဖြင့်

"ဦးပေတလူ ကျုပ်တို့ရဲ့ သူငယ်တော်အရုပ်ကလေးနဲ့ ပတ်သက်တဲ့ သဲလွန်စရပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ မိုးစန္ဒာသည် ဖါးစပ်အဟောင်းသား ဖြစ်သွား၏။ ဦးပေတလူကမူ မျက်မှောင်ကြီးကြုတ်၍

"မင်းက အိပ်ထဲထိုင်နေရင်းက သဲလွန်စရတယ်ဆိုတော့ သိပ်ထူးဆန်းတာပဲ"

ဟု ရေရွတ်လေ၏။

ထိုအခါ ငွေတိုးက သူနှင့်မိုးကြီး တွေ့ ဆုံခဲ့ပုံ မိုးကြီးက သူ့ကို အရက်ဆိုင်တွင် ရာဇဝတ်အုပ်မြဆွေနှင့် ကုလားဒိန် မျိုးမြင့်တို့ လွှတ်လိုက်သည့် လူများ၏အန္တရာယ်မှ လွတ်အောင် ဖြန့်၍ကူညီခဲ့ပုံ၊ ထိုမှနေ၍ မိုးကြီး၏ခရီးထွက်လာရခြင်းမှာ ငှင်းနှင့်ထောင်ထဲတွင် သိကျွမ်းခဲ့သော ကျောက်တစ်လုံးဟူသည့် လူကြီးတစ်ဦးက မှာကြားခဲ့သည့်စကားနှင့် ကျောက်မျက်လုံးကလေးကို ဓားပြကြီး တောကျိုးကန်းအား ပြောဆိုအပ်နှံရန်တို့ဖြစ်ကြောင်း အစအဆုံး ရှင်းပြလိုက်လေ၏။ ထိုအခါ ဦးပေတလူက ခေါင်းတဆတ်ဆတ်ညိတ်၍

"ဟုတ်ပြီ . . ကျောက်တစ်လုံးဆိုတာ ငါတို့လူရှုပ်ကြီး (၃)ယောက်ထဲက ဆင်ကြီးပဲကွ၊ ဆင်ကြီးဟာ ငါနဲ့လူစုခွဲပြီးတဲ့နောက်ပိုင်းမှာ လူမိုက်တစ်ယောက်နဲ့ သတ်ပုတ်ရင်း မျက်လုံးတစ်လုံး ဆုံးရှုံးသွားခဲ့တယ်၊ ဒါကြောင့် ကျောက်မျက်လုံးကို





အစားထိုးပြီးတော့ အမည်ကလည်း ကျောက်တစ်လုံးဖြစ်သွားတာပဲ၊ အဲဒီဆိုရင် တို့တစ်တွေ မိုးကြီးကို မြေလှန်ရှာရတော့မယ်၊ တား . . တား . . မိုးကြီးက ငါ့ကို လိုက်ရှာတယ်၊ အခု ငါတို့ကလည်း မိုးကြီးကို ပြန်ပြီး ရှာဖွေရတော့မယ်၊ လမ်းဆုံးတဲ့တစ်နေရာရာမှာတော့ တွေ့ရလိမ့်မယ် ထင်တယ်" ဟု ပြောလေရာ မိုးစန္ဒာက ငွေတိုးကို

"မင်းက ဦးပေတလူဟာ ဓားပြကြီးတောကျိုးကန်းအဖြစ် သိပြီးကတည်းက အဲဒီအကြောင်းတွေ ဘာဖြစ်လို့ မပြောတာလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ ငွေတိုးက သက်ပြင်းချ၍

"ကျုပ်အတွက် ဒီလိုအချိန်ပိုင်းအတွင်းမှာ မထင်မှတ်တဲ့ အဖြစ်အပျက်တွေ စိတ်လှုပ်ရှားစရာတွေကို သိခဲ့ရ၊ ကြုံခဲ့ရလို့ ဒီကိစ္စကို မေ့လျော့နေတာ ဖြစ်လိမ့်မယ်"

ဟု အဖြေပေးလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ငွေတိုးတို့ထံသို့ နက်ကျော်ကြီး ရောက်ရှိလာ၏။

ထိုအခါ ဦးပေတလုက မိုးကြီး၏အကြောင်းကို သတင်းပေးလိုက်ပြီးနောက် တစ်ဆက်တည်းပင်

''ကဲ . . နက်ကျော်ကြီး တို့တစ်တွေ ခရီးထွက်ရတော့မယ်၊ အခုတစ်ခါတော့ မိုးကြီးဆိုတဲ့ လူမျောက်ကို ရှာရတော့မှာပေါ့၊ တို့တစ်တွေ ဒီဒေသတစ်ဝိုက်ကို လှည့်ပြီးရှာဖွေကြမယ်၊ မိုးကြီးကို သေသေချာချာ မြင်ဖူးတာဆိုလို့ မင်းရဲ့ဆိုင်က မောင်လုံးရယ်၊ ဟောဒီက ငွေတိုးရယ်ပဲ ရှိတယ်၊ အဲဒီတော့ ငွေတိုးက မိုးကြီးရဲ့





ပုံပန်းသဏ္ဌာန်ကို ပြောပြပါ။ ငါ ပုံကြမ်းတွေ ဆွဲမယ်။ ပြီးရင် ငါရယ် နက်ကျော်ကြီးရယ်တ ပုံကြမ်းတစ်ပုံစီယူမယ်၊ ပြီးတော့ တို့သုံးယောက် ဒီနယ်အနှံ့ ပျံ့နှံ့ပြီး မိုးကြီးကို ရှာဖွေကြတာပေါ့''

ဟု ပြောလေရာ ငွေတိုးလည်း မိုးကြီး၏ပုံစံကို ဦးပေတလုအား ပြောပြရ၏။

ဦးပေတလုက ခဲတံဖြင့် စက္ကူဖြူပေါ်တွင် ပုံကြမ်းများ ရေးခြစ်လေတော့၏။ ငွေတိုးက ပုံကြမ်းကိုကြည့်၍ မတူသေးဟု ဆိုလျှင် ဦးပေတလုသည် ထပ်မံရေးဆွဲလေ၏။

နောက်ဆုံးတွင် မိုးကြီး၏မျက်နှာနှင့် အနီးစပ်ဆုံး တူညီမည့်ပုံကြမ်းကို ရရှိလေ၏။

ဦးပေတလုသည် ပုံတူရေးခြစ်ရာတွင်လည်း လက်ရာ မြောက်လှ၏။ ထို့နောက် ဦးပေတလုက နောက်ထပ်ပုံတူတစ်ပုံ ရေးဆွဲ၍ နက်ကျော်ကြီးကို ပေးလိုက်လေ၏။ ထိုအခိုက်တွင် မိုးစန္ဒာက သူတို့ကို

''ရှင်တို့ ခရီးထွက်ရင် ကျွန်မလည်း လိုက်ပါရစေ၊ ဒီတိရစ္ဆာတွေကို ကျွန်မက အစအဆုံး သိနေရတော့ ကျွန်မပါ ဝင်ပါမှ အဓိပ္ပာယ်ရှိတော့မှာပေါ့၊ ပြီးတော့ သူငယ်တော်ရုပ်ကလေးတို့ ရရှိလာရင် အများအကျိုးအတွက် ဆောင်ရွက်ရမှာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်မကလည်း ဒီကိစ္စကို အကောင်အထည်ဖော်ဖို့ အတွက် ကုန်ကျတဲ့စရိတ်တွေ အကုန်လုံးကို တာဝန်ယူပါရစေ၊ ကျွန်မရဲ့ ငွေကြေးတွေကို ဒီလိုနေရာမှာ အသုံးချချင်ပါတယ်''

ဟု ပြောလေရာ ဦးဖေတလူက သဘောတူသည့်အနေနှင့် ခေါင်းညိတ်ကာ

''ကောင်းပြီလေ မိန်းကလေးက မိုးကြိုးကို ရှာဖွေတဲ့နေ ရာမှာ ကူညီချင်တယ်ဆိုရင် ငွေတိုးနဲ့ လိုက်ရမယ်၊ ငွေတိုးက မိုးကြိုးကို မြင်ဖူးပေမယ့် ဒီနယ်မြေကို မကျွမ်းကျင်ဘူး၊ မင်း တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အကူအညီပေးလို့ ရတာပေါ့''

ဟု ပြောလိုက်တော့၏။

ဤသို့ဖြင့် နောက်တစ်နေ့ကူးလျှင် သူတို့သည် လှုစုခွဲ၍ ခရီးထွက်လာကြ၏။

မိုးစန္ဒာနှင့် ငွေတိုးသည် ကုန်တင်လော်ရီကားကြီး တစ်စီး၏ နောက်ခန်းတွင် လိုက်ပါလာကြ၏။

မိုးစန္ဒာသည် ခရီးထွက်ရသည်ကို သဘောအကျကြီး ကျလျက် ကလေးငယ်တစ်ဦးကဲ့သို့ ပျော်ရွှင်နေဟန်ရှိ၏။ ထို သို့သွားလာကြရင်း သူတို့သည် ညနေစောင်းအချိန်တွင် မြို့က





လေးတစ်မြို့သို့ ရောက်လာခဲ့ကြ၏။ ထိုအခါ မိုးစန္ဒာက ငွေတိုးကို

''တို့ ဒီမြို့မှာ ဆင်းနေကြရအောင် ဒီကားလမ်းမကြီးဘေး မှာရှိတဲ့မြို့တွေ တစ်မြို့ပြီးတစ်မြို့ အစဉ်လိုက်ရှာဖွေကြတာပေါ့''

ဟု ပြောလေ၏။

ဤသို့ဖြင့် သူတို့နှစ်ဦးသည် ထမင်းဆိုင်နှင့် တွဲထားသော ညအိပ်တည်းခိုအိမ်တစ်အိမ်သို့ ရောက်လာကြ၏။

တည်းခိုအိမ်တွင် အိပ်ခန်းငှားရမ်းလေရာ နှစ်ယောက်ခန်း တစ်ခန်းသာ ရှိတော့လေရာ ငွေတိုးသည် အခက်တွေ့သွား၏။ သို့ သော် မိုးစန္ဒာက

''ဘယ်တတ်နိုင်မလဲ၊ တစ်ခန်းထဲမှာပဲ နှစ်ယောက်နေရ တော့မှာပေါ့''

ဟု ပြောလေ၏။

သူတို့သည် ညစာကို ထိုထမင်းဆိုင်၌ပင် စားသောက် ကာ အိပ်ချိန်သို့ရောက်လျှင် ငွေတိုးက မိုးစန္ဒာကို

''ခင်ဗျားက ဟောဒီခုတင်ပေါ်မှာ အိပ်ပါ၊ ကျုပ်ကတော့ ဒီဖက်မှာ ပက်လက်ကုလားထိုင်နဲ့ အိပ်မယ်''

ဟု ပြောလိုက်လေ၏။ ငွေတိုးသည် ပက်လက်ကုလား ထိုင်တွင် နေရာယူပြီးနောက် မိုးစန္ဒာကို



www.burmeseclassic.com

www.burmeseclassic.com



"မပိုးစန္ဒာ ခင်ဗျားအတွက် ကျုပ် အကူအညီပေးရမယ့် ကိစ္စကို ကျုပ်စိတ်ထဲ မကြာခဏ သတိရနေမိတယ်၊ ခင်ဗျားအပြော အရတော့ အဲဒီသူနဲ့ ခင်ဗျားကို ကျုပ်က အောင်သွယ်ပေးရမယ် မဟုတ်လား၊ အဲဒီသူက ဘယ်သူလဲ"

ဟု မေးလိုက်လေရာ မိုးစန္ဒာက တခစ်ခစ်ရယ်မောပြီး

"မင်းက ဒီကိစ္စကို မမေ့သေးဘဲကိုး၊ အဲဒီကိစ္စက ဖလာလောဆယ်တော့ မဖြစ်သေးဘူးကွ၊ တို့မှာ သူငယ်တော်အရပ် ကလေးကိုရဖို့ ကြိုးစားရဦးမယ် မဟုတ်လား၊ အားလုံးပြီးသွား ပြီးဆိုမှ အဲဒီကိစ္စကို ပြန်ဆက်ကြတာပေါ့၊ ဘာလဲ မင်းက ဖို့တို့ ယောကျာ်းမြန်မြန်ရတာ မြင်ချင်လို့လား"

ဟု မေးမြန်းလေ၏။ ငွေတိုးက သက်ပြင်းချ၍

"မဟုတ်ပါဘူးဗျာ"

ဟု ပြောလိုက်ရ၏။

ငွေတိုးသည် ထိုသို့ပြောပြီးနောက် သူ့ရင်ထဲ၌ အမျိုး အမည် ဖော်မပြတတ်သည့် စိတ်လှုပ်ရှားမှုတစ်မျိုး ခံစားလိုက်ရ ၏။ မိုးစန္ဒာကမူ ဘာမျှမပြောတော့ဘဲ ငွေတိုးကို ပြုံး၍ ကြည့်ကာ တစ်ဖက်သို့ လှည့်၍ အိပ်စက်ဟန်ပြင်လေ၏။

ထိုအခိုက်တွင် သူတို့နှင့် ဘေးခြင်းယှဉ်ရပ်အခန်းမှ





ကလေးငိုသံက စူးစူးရှရှ ထွက်ပေါ်လာ၏။ ကလေးငိုသံသည် အတန်ကြာမှပင် တိတ်သွား၏။

ထိုသို့ တိတ်ဆိတ်သွားသော်လည်း အမျိုးသမီးတစ်ဦး၏ တရှုံ့ရှုံ့နှင့် ငိုကြွေးသံက ဆက်၍ ထွက်ပေါ်လာပြန်၏။

ထိုအသံသည် တော်တော်နှင့် မတိတ်တော့ပေ။ ငွေတိုးနှင့် မိုးစန္ဒာတို့သည် ကောင်းစွာအိပ်မပျော်သေးသောကြောင့် ငွေတိုးက လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး

"မပိုးစန္ဒာ ဟိုဖက်ခန်းမှာ ကလေးအမေတစ်ယောက် ဘာဖြစ်နေသလဲ မသိဘူး၊ သူ့ပုံစံကြည့်ရတာ တစ်ညလုံး ငိုကြွေး နေတော့မယ့်ပုံပဲ၊ တစ်ခုခုများ ဖြစ်နေသလားမသိဘူး၊ ကျုပ်တို့ စုံစမ်းကြည့်အောင်"

ဟု အဖော်ညှိလိုက်လေရာ မိုးစန္ဒာက အိပ်ရာမှထ၍

"ကောင်းပြီလေ . . လာသွားကြစို့"

ဟုခေါ်လေ၏။ တစ်ဖက်ခန်းသို့ ရောက်လျှင် မိုးစန္ဒာက တံခါးကိုခေါက်၍

"ကျွန်မတို့က ဒီဖက်ခန်းကပါ၊ ဒီမှာ တစ်ခုခု ဖြစ်နေသ လားဆိုတာ လာကြည့်တာပါ"

ဟု အသံပေးလိုက်၏။ အတွင်းမှ အမျိုးသမီးလည်း အ



www.burmeseclassic.com

www.burmeseclassic.com



ရပ်သွားကာ တံခါးကို ဖွင့်လေ၏။ အမျိုးသမီးသည် မိုးစန္ဒာထက် အသက်အနည်းငယ်ကြီးပုံရ၏။

သို့သော် ဘဝကို ခက်ခဲကြမ်းတမ်းစွာ ရင်ဆိုင်နေရဟန်ဖြင့် ရှိရင်းစွဲအသက်ထက် ပို၍ကြီးရင့်နေလေ၏။ အမျိုးသမီး၏ မျက်လုံးများက ငိုကြွေးထားသောကြောင့် ရဲရဲနီနေ၏။ အမျိုးသမီးက သူတို့နှစ်ဦးကို မဝံ့မရဲဖြင့်ကြည့်၍

"ကျွန်မတို့သားအမိရဲ့ အသံတွေကြောင့် အနှောင့်အယှက် ဖြစ်သွားတယ် ထင်တယ်၊ ကျွန်မ တောင်းပန်ပါတယ်"

ဟု မျက်နှာငယ်ကလေးနှင့် ပြောလေ၏။ ငွေတိုးကလက်ကာပြ၍

"မဟုတ်ပါဘူးဗျာ . . ခင်ဗျား ဘာဖြစ်လို့ ဒီလောက်ပူဆွေး ဝမ်းနည်းနေရသလဲဆိုတာ ကိုယ်ချင်းစာစိတ်နဲ့လာပြီးမေးတာပါ"

ဟု ပြောလိုက်ရာ အမျိုးသမီးသည် မျက်နှာကို လက်ဝါးနှင့်အုပ်၍ တရှုံ့ရှုံ့ ငိုကြွေးပြန်၏။

ထိုအခါ ခုတင်ထက်မှ ညစ်ထေးထေးအနီးဖြင့် ထုပ်ထားသည့် (၆)လအရွယ်ခန့် ကလေးငယ်ကလေးကလည်း တဝါးဝါးငိုကြွေးပြန်၏။





အမျိုးသမီးက ငွေတိုးတို့ကို အခန်းတွင်းသို့ ဖိတ်ခေါ်ပြီးနောက် ကလေးကို နို့တိုက်ကာ ချော့မြူ၍ ပြန်သိပ်လိုက်၏။ ပြီးမှအမျိုးသမီးက

"ကျွန်မနာမည်က မှုံသွန့်မေပါ၊ ကျွန်မတို့ လင်မယားဟာ နယ်တကာလှည့်ပြီး ဖော့နဲ့လုပ်ထားတဲ့ ကလေးကစားစရာအရုပ်ကလေးတွေကို ရောင်းချရင်း အသက်မွေးကြပါတယ်၊ အခုတော့ ကိုသာလှဟာ ကျွန်မကို ကလေးတစ်ယောက်နဲ့ ထားခဲ့ပြီး ထွက်သွားတော့တာပဲ၊ ကျွန်မတို့လင်မယားဟာ တစ်နေ့လုံးဈေးထဲမှာ အရုပ်ကလေးတွေ ရောင်းချပြီး ညနေစောင်းမှ တည်းခိုအ ..ဂလေးကို ပြန်ရောက်လာကြတယ်၊ အဲဒီမှာ လင်မယားချင်း ပုံမှန်ဖြစ်ရိုးဖြစ်စဉ်အတိုင်း ကတောက်ကဆ စကားများကြတယ်၊ အဲဒီကတည်းက ကိုသာလှဟာ ကျွန်မတို့ကိုထားပြီးထွက်သွားတာ အခုထိ ပြန်မလာတော့ဘူး၊ သူ့စိတ်ကို ကျွန်မသိတယ်၊ သူ ကျွန်မတို့သားအမိကို ပစ်သွားပါပြီ"

ဟု ပြောကာ ငိုရှိုက်ပြန်၏။ မိုးစန္ဒာက

"သူစိတ်ပြေရင်တော့ ပြန်လာမှာပါ၊ ဒီညအတွက်အစ်မတို့ ကျွန်မအဖော်လုပ်ပေးပါ့မယ်၊ အားမငယ်ပါနဲ့ရှင် အစ်မယောက်ျား ပြန်လာမှာပါ" ဟု နှစ်သိမ့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အမျိုးသမီးက

"ကျေးဇူးပါပဲ ညီမရယ်၊ ဒီပေမဲ့ အစ်မကြောင့် ညီမလေးတို့လင်မယား ခွဲပြီးနေရမယ်ဆိုတာ မကောင်းပါဘူး"

ဟုပြောလေရာ ငွေတိုးသည် မျက်နှာထူပူသွား၏။ မိုးစန္ဒာက

"ကျွန်မတို့က မောင်နှမတွေပါ"

ဟုဆိုလိုက်မှ မညွန့်မေဟူသော အမျိုးသမီးက အားနာဟန်ဖြင့်

"အို . . အစ်မ မသိလို့ပါ၊ ကန်တော့ . . ကန်တော့"

ဟု တောင်းပန်လေ၏။

ထိုညက မိုးစန္ဒာသည် မညွန့်မေကို အဖော်ပြု၍ ထိုအခန်း၌ပင် အိပ်စက်လေ၏။

နံနက်မိုးလင်းလျှင် မညွန့်မေသည် ကလေးတစ်ဖက်နှင့် ဖော့ရုပ်ကလေးများထည့်သည့် အထုပ်ကြီးတစ်ထုပ်ကို ဆွဲကာ ဈေးထွက်ရန် ပြင်လေ၏။ ထိုအခါ မိုးစန္ဒာက

"အစ်မ ဈေးထွက်လို့ ဖြစ်ပါ့မလား။ ကလေးကလည်း နေသိပ်မကောင်းသေးဘူး"

ဟု ဆိုလိုက်ရာ ညွန့်မေက





"ဈေးမထွက်လို့ မဖြစ်ဘူး။ အစ်မတို့က တစ်နေ့လုပ်မှ တစ်နေ့စားရတာပါ၊ ရှိတဲ့ငွေကြေးကလေးကလည်း ကိုသာလှ နောက်ကို ပါသွားပြီလေ" ဟု ရှင်းပြလေ၏။

မိုးစန္ဒာက

"ငွေကြေးလိုအပ်ရင် ကျွန်မ ကူညီပါ့မယ်"

ဟု ပြောလိုက်ရာ မညွန့်မေက ခေါင်းရမ်းပြီး

"ကိစ္စမရှိပါဘူး . . ညီမရယ်၊ အစ်မကို ဒီလောက်ကူညီထားတာပဲ ကျေးဇူးတင်လှပါတယ်"

ဟု ဆိုကာ ဈေးထွက်ရန်သာ ပြင်လေ၏။ ထိုအခါ ငွေတိုးက

"ကဲ . . ဒီလိုဆိုရင်လည်း အစ်မရဲ့ ဖော့အရုပ်ကလေးတွေကို ကျုပ်ကူပြီး ရောင်းချပေးမယ်၊ အစ်မက ကလေးနဲ့ သက်သက်သာသာနေလို့ရတာပေါ့" ဟု ပြောလေရာ မိုးစန္ဒာက

"အဲဒါကောင်းတယ် . . တို့လည်း ဒီမြို့ကလေးမှာ မိုးကြီးဆိုတဲ့လူကို ရှာဖွေရဦးမယ် မဟုတ်လား၊ ငါ့ပါ မင်းနဲ့ဈေးကူရောင်းတာပေါ့" ဟု ဆိုလေ၏။ ငွေတိုးက မိုးစန္ဒာကို ကြည့်၍

"ခင်များ ဒီပုံစံနဲ့တော့ ဈေးရောင်းလို့ရမှာ မဟုတ်ဘူး။ လူတွေက ဈေးမဝယ်ဘဲနဲ့ ခင်များကိုပဲ ဝိုင်းကြည့်နေကြလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ပုံစံလေး ဘာလေးတော့ ပြောင်းခဲ့ဦး”

ဟု ပြောလိုက်တော့၏။ အတန်ကြာလျှင် မိုးစန္ဒာသည် တောသူကလေးတစ်ဦးကဲ့သို့ ဝတ်ဆင်ကာ ခေါင်းတွင်လည်း ချည်တစ်ဘက်ကို ခေါင်းပေါင်း၍ တကယ့်နယ်လှည့်ဈေးသည် တစ်ယောက်လို ဖြစ်သွားလေ၏။

ဈေးသို့ရောက်လျှင် ငွေတိုးသည် မိုးကာစကြီးကိုခင်း၍ အရုပ်ကလေးများကိုစီကာ အော်ဟစ်၍ ရောင်းချလေ၏။ အရုပ်ကလေးများမှာ ချောင်းကမ်းပါးများတွင် အလေ့ကျပေါက်တတ်သော ကျူရိုးကဲ့သို့ အပင်များ၏အတွင်း၌ရှိသည့် ဖော့များကို လိုအပ်သလို လှီးဖြတ်၍ ကော်ဖြင့်ကပ်ကာ ပြုလုပ်ထားခြင်း ဖြစ်၏။

ထိုဖော့ပင်များသည် အတန်ငယ်ကြီးမားသောကြောင့် စိတ်ကြိုက်အရုပ်ကို ပြုလုပ်နိုင်၏။ ထိုကဲ့သို့ ပြုလုပ်ပြီးလျှင် ဆေးရောင်ခြယ်လိုက်သောအခါ လွန်စွာလှပသော အရုပ်ကလေးများ ဖြစ်သွားတော့၏။

အရုပ်ကလေးများက လက်ရာမြောက်လှသောကြောင့် ကလေးငယ်များ အကြိုက်တွေ့ကာ လွန်စွာရောင်းကောင်းလှ၏။ ငွေတိုးတို့သည် ထိုမြို့ကလေး၌ (၃)ရက်ခန့်ကြာမြင့်ခဲ့ပြီ ဖြစ်၏။





သို့သော် မိုးကြီး၏အရိပ်အယောင်ကိုမျှ မမြင်ရပေ။ မညွှန့်မေ၏ယောကျ်ား ကိုသာလှလည်း ပြန်ရောက်မလာခဲ့ချေ။ ထိုအခါ မညွှန့်မေက

“အစ်မတော့ ဒီမှာနောက်တစ်နေ့ ရောင်းချပြီးရင် ရွာကိုပဲ ပြန်တော့မယ်၊ ကိုသာလှ စိတ်ပြေသွားရင်လည်း ရွာကို ပြန်လိုက်လာမှာပေါ့” ဟု ပြောလေ၏။ ထိုအခါ မိုးစန္ဒာက ငွေတိုးကို

“တို့လည်း အဲဒီတော့မှ ဒီမြို့က ခွာကြတာပေါ့”

ဆိုလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်လျှင် ငွေတိုးတို့လူစုသည် ဈေးထွက်ကြပြန်၏။

နေ့လယ်ပိုင်းတွင် မညွန့်မေထံသို့ လူတစ်ယောက်ရောက်လာ၏။ ထိုသူက မညွန့်မေကို စာတစ်စောင်ထုတ်ပေးပြီး

''ညွန့်မေ ဟောဒါ နင့်ယောကျာ်းသာလှ ပေးလိုက်တဲ့စာပဲ၊ စာက ငါ့လက်ထဲမှာ သုံးလေးရက် ကြာသွားတယ်၊ ငါလည်း ဈေးလည်ပြီး ရောင်းနေရတဲ့သူဆိုတော့ ချက်ချင်းခရီးထွက်သွားရတာ ဒီနေ့မှ ပြန်ရောက်တယ်၊ နင့်ကိုတောင် ရှာပြန်သွားပြီ ထင်နေတာ၊ တော်သေးတာပေါ့ ဒီမှာ အဆင်သင့်တွေ့တာ''





ဟု ပြောလေ၏။

မညွန့်မေက ကိုသာလှ၏စာကို အလျှင်အမြန်ဖတ်၍ ဝမ်းသာအားရဖြင့်

''ကိုသာလှက ကျွန်မကို ပစ်သွားတာ မဟုတ်ဘူး၊ အဲဒီနေ့က ကျွန်မနဲ့ စိတ်ဆိုးပြီး ထွက်သွားတော့ သူလည်း စိတ်ညစ်ညစ်နဲ့ အရက်ဆိုင်ကို ရောက်သွားတယ်တဲ့၊ အဲဒီမှာ အရေးကြီးတဲ့ကိစ္စတစ်ခု ပေါ်လာလို့ ခရီးထွက်သွားရတယ်တဲ့၊ သူ့ကို ဟိုဖက်မြို့မှာရှိတဲ့ ဘကြီးဘုန်းကြီးကျောင်းက စောင့်ပါလို့မှာသွားတယ်၊ စောင့်မယ် . . စောင့်မယ်၊ ကျွန်မကို ပစ်မသွားရင်ပြီးရော''

ဟု ငွေတိုးတို့ကို ပြောလေ၏။

မိုးစန္ဒာက တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့်

''ကိုသာလှက ဘာအရေးတကြီးကိစ္စ ပေါ်လာသလဲ မသိဘူး'' ဟု ရေရွတ်လိုက်ရာ မညွန့်မေက

''သူ့ကိုတော့ ပြောမနေနဲ့ သူက ရေတ်သီးခူးမလို့ဆိုပြီး ထွက်သွားတာ သုံးနှစ်လောက်ကြာမှ ပြန်ရောက်လာတယ်ဆိုတဲ့ ယောကျာ်းမျိုး ညီမရဲ့၊ ဘာကိစ္စဖြစ်ဖြစ် သူ့အတွက် အရေးကြီးနေတတ်တာမျိုးပါ ထားပါတော့ကွယ်၊ အစ်မလည်း နောက်တစ်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ မိုင်(၂၀)လောက်ဝေးတဲ့ ကိုသာလှရဲ့ ဘကြီးဘုန်းကြီး ကျောင်းကသွားပြီး သူ့ကို စောင့်မယ်၊ အဲဒီတော့ ညီမလေးတို့ပါ လိုက်ခဲ့ပါလား။ ညီမလေးတို့လည်း တစ်မြို့ဝင်တစ်ရွာထွက်နဲ့ လူ တစ်ယောက်ကို လိုက်ရှာနေတာ မဟုတ်လား"

ဟုပြောလေရာ ငွေတိုးက

"ဟုတ်ပြီလေ . . မညွန့်မေနဲ့ ကျုပ်တို့က ရေစက်မကုန် တော့ တစ်ခရီးထဲ သွားရဦးမှာပေါ့"

ဟု ဆိုလိုက်လေ၏။

ဤသို့ဖြင့် ငွေတိုးတို့သည် အခြားမြို့တစ်မြို့ရှိ ဘုန်းကြီးကျောင်းသို့ မညွန့်မေနှင့်အတူ လိုက်ပါခဲ့ကြ၏။

ဘုန်းကြီးကျောင်းမှာ ရှေးလက်ရာဖြင့် ဆောက်လုပ်ထား ကာ လွန်စွာဟောင်းနွမ်းနေပြီ ဖြစ်၏။

ထိုကျောင်းအိုကြီးတွင် ကိုသာလှ၏ ဘကြီး တော်သူ ဆရာတော်အိုကြီးတစ်ပါးနှင့် ကပ္ပိယကြီးတစ်ယောက်သာ ရှိ၏။ ဆရာတော်ကြီးမှာ လောကီကိစ္စနှင့် ကင်းကွာ၍ တရားအလုပ် ၌သာ ပျော်မွေ့နေဟန်ရှိ၏။

သူတို့သည် ဆရာတော်ကြီးအား ဝတ်ပြုကြလေရာ ဆရာ တော်ကြီးက





"အေး . . အေး . . ဒီကျောင်းမှာ လွတ်လွတ်လပ်လပ် နေကြ၊ လိုတာတွေ ကပ္ပိယကြီးကိုပြော"

ဟု တိုတိုတုတ်တုတ် မိန့်လေ၏။

ထို့နောက် ငွေတိုးသည် ရှေးဟောင်းကျောင်းအိုကြီးကို စိတ်ဝင်တစားဖြင့် လိုက်လံကြည့်ရှုလေရာ ဗုဒ္ဓဝင်လာ၊ ငါးရာ့ငါး ဆယ်နိပါတ်တော် သရုပ်ဖော်၊ သစ်ထွင်းပန်းပုရုပ်ကြွ ပန်းချီကား ကြီးများကို တွေ့ရလေ၏။

မိုးစန္ဒာက

"ဒီကျောင်းကြီးဟာ တစ်ချိန်က တော်တော်လေး ကြီး ကျယ် ခမ်းနားပြီး စည်ကားခဲ့မှာပဲ၊ အခုတော့ ပြုပြင်သူမဲ့ပြီး ဖျက်စီးယိုယွင်းနေပြီ"

ဟု ပြောလေ၏။

ပန်းချီကားကြီးများသည်လည်း အကောင်းအတိုင်း မရှိတော့ဘဲ သစ်ထွင်းရုပ်ကြွများမှာ ကျိုးပဲ့၍ မူလဆေးရောင်ကို မမြင်ရတော့ဘဲ ပုန်အလိမ်းလိမ်း ချေးအထပ်ထပ် ဖြစ်နေလေ၏။

ထိုနေ့က မညွန့်မေသည် ဈေးထွက်၍ အရုပ်ကလေး များကို ရောင်းချလေရာ ငွေတိုးတို့လည်း လိုက်ပါလာ၏။ ငွေတိုး သည် ဈေးသို့ရောက်ပြီး မကြာမီတွင် မိုးစန္ဒာကို မျက်ခြေပြတ်၍



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကာ လေသံတိုးတိုးဖြင့်

"အစ်မ ကျုပ် ဈေးရောင်းနေတုန်း ဦးဘကျော်ရဲ့ လက်ပါးစေ တပည့်တစ်ယောက်ကို တွေ့လိုက်ရတယ်၊ သူက ကျုပ်တို့နောက်ကိုလိုက်ပြီး ချောင်းမြောင်းနေပုံပဲ"

ဟု သတင်းပေးလိုက်ရာ မိုးစန္ဒာက မျက်မှောင်ကြုတ်၍

"ဒီလူ တို့နောက်ကို လိုက်ချောင်းနေတယ်ဆိုတာ ဦးဘကျော်ကြီးရဲ့စနက်ပဲ ဖြစ်ရမယ်၊ ဒါဆိုရင် ဒီကိစ္စကို ရာဇဝတ်အုပ်ကိုမြဆွေလည်း သိရမှာပဲ၊ သူတို့နှစ်ယောက်က တစ်ကျိတ်ထဲ တစ်ဉာဏ်ထဲသမားတွေ မဟုတ်လား"

ဟု ပြောလေ၏။ ငွေတိုးကလည်း

"အစ်မနဲ့ကျုပ် တွဲပြီးသွားလာနေတာကို ရာဇဝတ်အုပ်ကိုမြဆွေသိရင် ဒေါသူပုန်ထမှာပဲ၊ ကျုပ်ကိုလည်း သူက ဓားပြကြီးတောကျိုးကန်းရဲ့ အပေါင်းအပါဆိုပြီး တွေ့တာနဲ့ ဖမ်းဖို့ပြင်မှာပဲ၊ ကျုပ်တို့နှစ်ယောက် သူတို့ကို ခြေရာပျောက်မှ ဖြစ်မယ်၊ ကိုမိုးကြီးကို မတွေ့ခင်မှာ ဒီလူတွေ လက်ချက်ကို ခံရလို့ မဖြစ်ဘူး။ ဦးဘကျော်နဲ့ ကိုမြဆွေတို့အုပ်စုက ဒီမြို့ကို ချက်ချင်းတော့ ရောက်မလာနိုင်သေးဘူး။ ကျုပ်တို့ ရှောင်တိမ်းဖို့တော့ အချိန်ရမှာပါ။ မနက်ဖြန်ကျရင် ဒီမြို့က ထွက်ကြမယ်"





ဟုပြောလိုက်ရာ မိုးစန္ဒာကလည်း ထိုအကြံကို သဘောတူလေ၏။

ငွေတိုးပြောသည့် ဦးဘကျော်၏လူသည် ထိုနေ့တစ်နေ့လုံးပင် ငွေတိုးတို့ကို မျက်ခြည်အပြတ်မခံဘဲ စောင့်ကြည့်နေသည်ကို တွေ့ရ၏။

ညနေဈေးသိမ်း၍ ဘုန်းကြီးကျောင်းသို့ ပြန်လျှင်လည်း နောက်မှ အရိပ်လို လိုက်ပါလာ၏။ ထိုအခါ ငွေတိုးသည် အကြံရသောကြောင့် မိုးစန္ဒာကို

"ဒီလူက ကျောင်းရှေ့မှာ ရစ်သီရစ်သီ လုပ်နေတုန်းပဲ၊ ကျုပ်တို့လည်း သူ့နည်းအတိုင်းပဲ သူ့နောက်က ပြန်ပြီးနောက်ယောင်ခံ လိုက်မယ်။ အစ်မ ဒီမှာနေခဲ့ပါ၊ ကျုပ် ကျောင်းနောက်ကပတ်ထွက်ပြီး သူ့ကို ပြန်ချောင်းမယ်"

ဟု ပြောလိုက်ပြီးနောက် ထွက်လာခဲ့လေ၏။

ထိုလူသည် ကျောင်းပေါက်ဝရှိ သစ်ပင်တစ်ပင်အောက်တွင်ထိုင်ကာ ငွေတိုးကို ထိုကျောင်းတွင် တည်းခိုနေသည်ကို သိရှိသွား၍ နောက်ကြောင်းသို့ ပြန်လှည့်လေ၏။ ငွေတိုးလည်း ထိုသူ မရိပ်မိစေရန် နောက်မှ လိုက်ပါခဲ့၏။

ထိုသူသည် မြို့ထဲသို့ ပြန်ရောက်လာ၏။ ပြီးလျှင် ည

www.burmeseclassic.com



ဖက်တွင်ပင် ဈေးဝယ်သူများနှင့် ရှုပ်ယှက်ခတ်နေသည့် တရုတ်ကုန်စုံဆိုင်ကြီးထဲသို့ ဝင်၏။ ထိုအထဲသို့ရောက်လျှင် ငွေတိုးသည် ထိုသူကို မျက်ခြည်ပြတ်သွား၏။

မကြာမီပင် ဆိုင်၏အနောက်ဖက် ထွက်ပေါက်တစ်ခုခုမှ ထွက်သွားသည်ကို ရိပ်ခနဲ တွေ့လိုက်ရ၏။

ငွေတိုးသည် ထိုသူ၏နောက်မှ ဆက်၍ လိုက်ဟန်ပြင်လေရာ ထွက်ပေါက်တွင် မျက်ပေါက်ကျဉ်းကျဉ်းနှင့် တရုတ်လူမိုက်ပုံပေါက်နေသူတစ်ဦးက လူဝင်လူထွက်ကို သေချာစွာ စောင့်ကြပ်နေသည်ကို တွေ့ရ၏။

ထိုနေရာသို့ အပြင်လူမဝင်ရဟူသည့် စာတန်းကိုလည်း နံရံတွင် ရေးသားထားလေရာ ငွေတိုးသည် အကြံရခက်သွား၏။

သို့သော် ဆိုင်ရှေ့တွင် ကုန်ကားကြီးတစ်စီး ရပ်ထား၍ ထိုအပေါ်မှ သကြားအိတ်များကို အလုပ်သမားအချို့က ထမ်းချ၍ ထိုအပေါက်မှ သယ်ယူနေသည်ကို မြင်ရလေ၏။

ထို့ကြောင့် ငွေတိုးလည်း ဆိုင်အတွင်းမှ ပုဆိုးဟောင်းတစ်ထည်ကို ကောက်၍ခြုံလိုက်ပြီး အလုပ်သမားများနှင့် ရောနှောလိုက်၏။

ထိုအခါ အပေါက်စောင့်တရုတ်သည် သကြားအိတ်ကြီး





ကို ထမ်း၍ ခပ်တည်တည် ထွက်လာသော ငွေတိုးကို လမ်းဖယ်ပေးလေ၏။

ဆိုင်နောက်တွင် ကုန်လှောင်ရာ ဂိုဒေါင်ကြီးတစ်လုံး ရှိ၏။ ဂိုဒေါင်နံဘေးတွင်လည်း သစ်သားအဆောက်အဦတစ်ခု ရှိ၏။

ဦးဘကျော်၏လူသည် ထိုအဆောက်အဦထဲသို့ ဝင်သွားခြင်း ဖြစ်ရပေမည်။

ငွေတိုးသည် ဂိုဒေါင်အတွင်းသို့ အခြားအလုပ်သမားများနှင့်အတူ ရောနှော၍ သကြားအိတ်ကိုပို့၍ မသိမသာ နောက်ချန်ရစ်ကာ သစ်သားအဆောက်အဦဖက်သို့ လစ်ခနဲ ရောက်လာ၏။

ထိုအဆောက်အဦမှာ တံခါးပိတ်ထားသောကြောင့် ငွေတိုးသည် မှောင်ရိပ်ကွယ်ကာ နံရံအပေါက်မှနေ၍ အတွင်းသို့ ချောင်းမြောင်းကြည့်ရှုရလေ၏။

ထိုအခါ ဦးဘကျော်၏လူနှင့်အတူ အခြားလူသုံးယောက် ရှိနေလေ၏။

ထိုမှနေ၍ ထုတ်တန်းတွင် ကြိုးတုပ်၍ ဇောက်ထိုးအဆွဲခံထားရသော လူတစ်ယောက်ကိုလည်း တွေ့လိုက်ရ၏။ အချုပ်အနှောင်ခံထားရသူကို ငွေတိုးသည် သေချာစွာမြင်တွေ့လိုက်ရလေရာ ပါးစပ်အဟောင်းသားဖြစ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"တိုက် ငါတို့တစ်တွေ တစ်မြို့ဝင်တစ်ရွာထွက် လိုက်ရှာနေတဲ့ ကိုမိုးကြီးပါလား။ ဘယ်လိုဖြစ်တာပါလိမ့်၊ အခြေအနေကတော့ ရှုပ်ထွေးနေပြီ"

ဟု ရေရွတ်လိုက်မိ၏။ မိုးကြီး၏အဖြစ်အပျက်ကို သိလိုက်ရ၏။ ဦးဘကျော်၏လူများသည် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေဟန်တူ၏။

ထိုအထဲမှ တစ်ယောက်က စိတ်မရှည်ဟန်ဖြင့် ကျန်လူများကို

"ဟေ့ကောင်တွေ ဆရာကြီးတို့ ဒီညရောက်မယ်ဆိုတာ ကျိန်းသေရဲ့လား။ အချိန်မီမရောက်ရင် ဟိုကောင်လေးနဲ့ မိုးစန္ဒာကို လွှတ်သွားလိမ့်မယ်"

ဟုပြောလေရာ ကျန်တစ်ယောက်က

"မလွှတ်ပါဘူးကွာ၊ သူတို့တည်းခိုတဲ့နေရာကို သေသေချာချာ သိနေပြီပဲ၊ ဒီညသွားဖမ်းလိုက်ရင် ကွိခနဲ မိသွားမှာပါ၊ ဟဲ .. ဟဲ .. ဖမ်းရတာ အလွယ်ဆုံးကတော့ တောဒီက မိုးကြီးပဲ၊ ဒီကောင်က မိုးစန္ဒာတို့နဲ့ ဘယ်လို အဆက်အသွယ်ရှိသလဲ မသိဘူး။ ဆရာကြီးဆီက အမိန့်ရတာနဲ့ ဒီကောင့်ကို ဖမ်းဖို့ ရှာဖွေရတာ ကံကောင်းထောက်မပြီး ဒီမြို့မှာ တည့်တည့်လာတွေ့တော့တယ်၊





ဒီကောင်က ထောင်ထဲမှာ ငါနဲ့သိကျွမ်းခဲ့ဖူးတော့ ငါ့ရဲ့အကြံကို ရိပ်မိပုံမရဘူး။ မနေ့ညက အရက်ဆိုင်မှာတွေ့တော့ ဝမ်းသာအားရနဲ့ အရက်မူးအောင်တိုက်ပြီး ခေါ်လာခဲ့ရုံပဲ" ဟု ပြောလိုက်ရာ ထုတ်တန်းမှ မိုးကြီးက ထိုသူကို ရွံရှာဟန်ဖြင့် ကြည့်၍

"မင်းလို သူများနောက်လိုက်ခွေး လုပ်နေတဲ့ကောင်မျိုးနဲ့ အပေါင်းအသင်း ဖြစ်မိတာ တော်တော်ရှက်ဖို့ကောင်းတယ်၊ မင်းတို့ ငါ့ကို ဘာလို့ဖမ်းထားရတာလဲ" ဟု မေးလေရာ ထိုသူက စပ်ဖြဲဖြဲဖြင့်

"မင်းက အခုအချိန်မှာ ငါတို့အတွက် အဖိုးတန်ကလေး ဖြစ်နေတယ်ကွ၊ ဒါကြောင့် စောင့်ရှောက်ထားရတာပါကွာ၊ ဟဲ .. ဟဲ .. ငါတို့က လက်ဦးသွားလို့ကွ၊ ဘာဖြစ်လို့လည်းဆိုတော့ မင်းကို ဓားမြကြီး တောကျီးကန်းတို့လူစုက လူခွဲပြီး အသည်းအသန် လိုက်ရှာနေကြတယ်ကွ၊ အဲဒီလူစုမှာ အရက်ရောင်းတဲ့ နက်ကျော်ကြီးရယ် ငွေတိုးဆိုတဲ့ ကောင်လေးနဲ့ မိုးစန္ဒာလည်း ပါတယ်ကွ"

ဟုပြောလေ၏။ ဦးဘကျော်သည် ငွေတိုးတို့လူစု၏ အဖြစ်အပျက်ကို အတိအကျ သိရှိထားဟန်တူ၏။

ထို့ကြောင့်ပင် ငွေတိုးတို့ လိုက်လံရှာဖွေနေသည် ...



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ဦးအောင် ဖမ်းဆီးထားခြင်း ဖြစ်၏။

ထိုအခါ ငွေတိုးသည် မကြာမီတွင် ဦးဘကျော်တို့ ရောက်ရှိလာမည်ကို သိရသောကြောင့် ထိုနေရာတွင် အခြေအနေ စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်၏။

ညဉ့်နက်လာပေပြီ။ မိုးကြီးမှာ ထုတ်တန်းတွင် စောက်ထိုးကြီးဖြစ်လျက် ဝဋ်ခံနေရ၏။

ထိုအခိုက်တွင် တရုတ်ကြီးတစ်ယောက်နှင့်အတူ လူတစ်စု ရောက်လာကြ၏။

ထိုလူစုတွင် ဦးဘကျော်ကြီးနှင့်အတူ ရာဇဝတ်အုပ်မြဆွေလည်းပါ၏။ ကုလားဒိန်မျိုးမြင့်လည်းပါ၏။ အခြားလက်ရွေးစင်လူမိုက်များလည်းပါ၏။

ဦးဘကျော်သည် မိုးကြီးကိုမြင်လျှင် မျက်နှာကြီး ဝင်းထိန်သွားပြီး

"တဲ . . ဟော့ ဒီကောင့်ကို အောက်ချပေးလိုက်စမ်းကွာ၊ မေးစရာရှိတယ်"

အမိန့်ပေးလေရာ မိုးကြီးလည်း အောက်သို့ ရောက်လာ၏။ ထိုအခါ ဦးဘကျော်နှင့်အတူ ရောက်လာသည့် တရုတ်ကြီးက

"တဲ . . ဆရာကြီးတို့ ကျုပ်ရဲ့မြို့ကို ရောက်လာတော့





ကျုပ်မှာ တာဝန်ရှိတာပေါ့၊ ဆရာကြီးနဲ့ ကျုပ်ကလည်း၊ တစ်ယောက်မှာ အကြောင်းရှိရင် တစ်ယောက်က အကူအညီပေးနေကြတာ မဟုတ်လား၊ ဒီထက်ပိုပြီး လွတ်လပ်တဲ့ နေရာကို ကျုပ်ပို့ပေးပါ့မယ်၊ လိုအပ်တာကိုသာ ပြောပါ၊ ဘလျောင့်ဘက်ကတော့ အဆင်သင့်ပဲ"

ဟု ပြောလေ၏။ ဘလျောင်ဟူသည့် တရုတ်ကြီးမှာ ထိုတုန်မုံဆိုင်ပိုင်ရှင်ဖြစ်၏။

သူသည်လည်း ဦးဘကျော်လို လူမျိုးနှင့် အဝေါ်း ဘ ၊ဖြစ်နေသည်ဆိုလျှင် မကောင်းမှုဖြင့် ကြွယ်ဝချမ်းသာနေခြင်းသာ ဖြစ်ရပေမည်။

ထိုအခါ ဦးဘကျော်က

"ဟုတ်ပြီလေ၊ ပြီးတော့မှ ကျုပ်တို့ နေရာရွှေ့ကြတာပေါ့၊ အခုတော့ ဒီကောင့်ကို မေးစရာရှိတာကလေးတွေ မေးလိုက်ဦးမယ်၊ မေးပြီးမှ ဒီကောင်လေးနဲ့ မိုးစန္ဒာကို သွားပြီးဖမ်းရမယ်"

ဟု ပြောလိုက်၏။ ထိုအခါ ရာဇဝတ်အုပ်မြဆွေက လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး

"မိုးစန္ဒာ . . မိုးစန္ဒာ ဘာဖြစ်လို့များ တောကျိုးကန်းလိုမားပြတွေနဲ့ အပေါင်းအသင်း လုပ်နေရသလဲ မသိဘူး။ ဟိုလူ သူက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လှည့်ဖျားထားတာပဲ ဖြစ်ရမယ်"

"ဒီတစ်ခါတော့ သူ့ကို အလွတ်ပေးလို့ မရတော့ဘူး။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သိမ်းပိုက်ရတော့မယ်"

ဟုရေရွတ်လေ၏။ ဦးဘကျော်က ခေါင်းတဆတ်ဆတ် ညိတ်၍

"တုတ်တယ် . . မောင်မြဆွေ၊ ဒီကိစ္စပြီးရင် မောင်မြဆွေလည်း မိုးစန္ဒာကို သိမ်းပိုက်ပြီး ဓားပြကြီးတောကျီးကန်းကို နှိမ်နင်းနိုင်တဲ့အတွက် ရာထူးတိုးပြီး မျက်နှာလည်း ပွင့်ဦးမယ်၊ တဲ . . ဟဲ . . ကျုပ်ကလည်း သူတို့ရှာဖွေနေတဲ့ တန်ဖိုးရှိတဲ့ အရုပ်ကလေးကိုရပြီး တောကျီးကန်းကို ကောင်းကောင်းလက်တားချေခွင့်ရမယ်"

ဟု ပြောလေရာ ကုလားဒိန်မျိုးမြင့်က ဝင်၍ ဦးဘကျော်ကို

"ဒီကိစ္စပြီးရင် ငွေတိုးဆိုတဲ့ကောင်လေးကို ကျုပ်လက်ထဲ အပ်ဝပ်းပါဗျာ၊ ဒီကောင်လေးက ကျုပ်တို့ ဓားပြအတိုက်ခံရတုန်းက မြင်းလှည်းသမားယောင်ဆောင်ပြီး ကျုပ်ကို ဖနောင့်နဲ့ ပေါက်သွားတာ လိမ့်ပြီးခံလိုက်ရတယ်၊ အဲဒီတုန်းက သူ့ကို ကျုပ် ကောင်းကောင်း မှတ်မိလိုက်တယ်"





ဟု ဆိုလိုက်လေ၏။

ထို့နောက် ရာဇဝတ်အုပ်မြဆွေက မိုးကြီးဘက်သို့လှည့်၍

"ကဲ . . မိုးကြီး မင်းကတော့ သိမှာမဟုတ်ဘူး။ မင်းကိုထောင်ထဲက ထောင်ကျပြီး တစ်ယောက်က မသေခင်မှာ ဘာမှာသွားသလဲ၊ အဲဒီကိစ္စဟာ အလွန်အဖိုးတန်တဲ့ အရုပ်ကလေးတစ်ရုပ်နဲ့ ပတ်သက်နေတယ်ကွ၊ အဲဒီအကြောင်းတွေကို ငါတို့ သတင်းအတိအကျ ရထားပြီးပြီ"

ဟု မေးမြန်းလေရာ မိုးကြီးက ခေါင်းကို ဖြည်းလေးစွာခါယမ်း၍

"ခင်ဗျားတို့ပြောတဲ့ အဖိုးတန်အရုပ်ကလေးအကြောင်းကို ကျုပ် ကြားတောင်မကြားဖူးဘူး"

ဟုပြောလေ၏။ ရာဇဝတ်အုပ်မြဆွေက လက်ကိုပိုက်၍ တန်ဖါပါမြင့်

"မိုးကြီး၊ မင်း ဘူးကွယ်ဖို့ မကြိုးစားနဲ့၊ အဲဒီလူစု မင်းကို ရှာဖွေဖို့ ခရီးထွက်သွားကတည်းက ငါက မိုးစန္ဒာအိမ်က ကောင်မလေးကို စစ်ဆေးပြီးပြီကွ၊ အဲဒီတော့ သူတို့အုပ်စု တိုင်ပင်သမျှ အကြောင်းတွေကို အကုန်သိလိုက်ရတယ်၊ မိုးစန္ဒာအိမ်က ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးကို သိပ်ပြီး မစစ်ဆေးလိုက်ရပါဘူးကွာ၊ သူလည်း ကြောက်ကြောက်လန့်လန့်နဲ့ သိသမျှ အကုန်ပြောတော့တာပဲ၊ အဲဒီတော့ မင်းလည်း ပုံးကွယ်ထားဖို့ မကြိုးစားနဲ့တော့၊ မင်းကို ဦးဘကျော်တို့လက်ထဲ ထည့်လိုက်ရင် ဘယ်လိုမှန်းမသိပဲ ဘဝကူးသွားလိမ့်မယ်၊ ငါ့ လက်ထဲရောက်ရင်လည်း ထောင်ထဲကို ပြန်ပြီး အလည်အပတ် သွားရမယ်၊ မင်းသိသမျှ ပြောရင်တော့ ဦးဘကျော်ကြီးက မင်းအတွက် မနစ်နာအောင် ငွေအလုံအလောက်ပေးပြီး လွှတ်ပေးမှာပါကွာ"

ဟု ပြောလိုက်၏။ ငွေတိုးသည် အဖြစ်အပျက်များကို အပြင်မှနေ၍ ချောင်းမြောင်းကာ သိရှိလိုက်ရ၏။

သူ့အနေနှင့် ထိုလူစုအလယ်မှ မိုးကြီးကို ကယ်တင်ရန် နည်းလမ်းရှာရပေမည်။ ထိုလူစုကို ထိပ်တိုက်ရင်ဆိုင်၍ ရမည် မဟုတ်။

အလစ်အငိုက်ကို စောင့်၍သာ မိုးကြီးကို ကယ်တင်ရပေမည်။ ဦးဘကျော်တို့လူစုသည် ချော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် မိုးကြီးကို စစ်ဆေးကြည့်၏။

မိုးကြီးမှာ သစ္စာရှိလှ၏။ သူ့ကို ဦးဘကျော်က မက်လုံးပေးသည်ကို ဂရုမစိုက်ဘဲ ဘူးကွယ်၍သာ နေလေတော့၏။





နောက်ဆုံးတွင် ဦးဘကျော်က

"ကောင်းပြီလေ . . မင်း ဘယ်လောက်အထိ ခေါင်းမာနိုင်ဦးမလဲ၊ ကြည့်ကြသေးတာပေါ့၊ အခုတော့ မင်းကို ဒီထက်ပိုလွတ်လပ်တဲ့ နေရာကို ပြောင်းရမယ်၊ ပြီးတော့မှ ဟိုတောင်လေးနဲ့ မိုးစန္ဒာကို သွားဖမ်းရမယ်"

ဟု ပြောလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘကျော်တို့သည် မိုးကြိုးကို ချုပ်နှောင်၍ မြို့ကို အလယ်မှဖြတ်၍ စီးဆင်းနေသည့် ချောင်းကလေး၏ ကမ်းစပ်သို့ ရောက်လာကြ၏။

ချောင်းကမ်းပါးတွင် ဘလျောင်၏အစီအစဉ်ဖြင့် မော်တော်တစ်စီး ဆိုက်ကပ်ထား၏။

ဦးဘကျော်တို့လူစု မော်တော်ပေါ်သို့ ရောက်လျှင် ကမ်းနှင့်ဆက်သွယ်ထားသော ကုန်းဘောင်ကိုဆွဲ၍ မော်တော်သည် ထွက်ခွာလေ၏။

ထိုအချိန်၌ ငွေတိုးသည် ချောင်းကမ်းပါး၌သာ ရှိ၏၊





မော်တော်မှာ ထွက်ခွာနေပေပြီ။ သူ့အတွက် ထိုသူ့များကို မျက်ခြည်အပြတ်ခံ၍ မဖြစ်ပေ။

ထို့ကြောင့် ငွေတိုးသည် ထွက်ခွာစပြုနေသော မော်တော်သို့ အမီလိုက်၍ ချောင်းကမ်းပါးအတိုင်း ပြေးလွှားလေ၏။

တစ်နေရာသို့ အရောက်တွင် ချောင်းသည် ကျဉ်း၍သွားလေ၏၊ ထိုနေရာသည် ချောင်းကွေ့လည်း ဖြစ်၏။

ငွေတိုးသည် ပြေးလွှားရင်း ချောင်းကွေ့ကမ်းပါးသို့ ရောက်လာ၏။ မော်တော်ကလည်း ချောင်းကွေ့တွင် အရှိန်လျော့သွား၏။

ထိုအခါ ငွေတိုးသည် ချောင်းကမ်းပါးထက်မှ တဖြည်းဖြည်းကွေ့၍လာသော မော်တော်၏ အမိုးထက်သို့ လွှားခနဲ ခုန်ကူးလိုက်လေ၏။

ဦးဘကျော်တို့လူစုမှာ ထိုအဖြစ်ကို မရိပ်မိလိုက်ချေ၊ ၍သို့ဖြင့် ငွေတိုးသည် မော်တော်၏အမိုးပေါ်တွင် လိုက်ပါလာလေရာ တစ်နာရီခန့်အကြာတွင် မော်တော်သည် ရပ်သွားလေ၏၊

ငွေတိုးသည် မှောင်ကြီးမဲမဲတွင် ပတ်ဝန်းကျင်ကို အကဲခတ်လေရာ မော်တော်ဆိုက်ကပ်ရာ ချောင်းကမ်းပါးတွင် ကိုင်းပင်များပုံးလွှမ်းထားသော ကိုင်းတောကြီးကိုသာ တွေ့ရ၏၊

www.burmeseclassic.com



ဦးဘကျော်တို့လူစုသည် မိုးကြိုးကိုခေါ်၍ ကိုင်းတောထဲသို့ လက်နှိပ်မီးတဝင်းဝင်းဖြင့် တိုးဝင်သွားကြလေ၏။

မော်တော်ပေါ်တွင် ဆလင်နှင့် လှေထိုးသားတစ်ဦးသာ ကျန်ရစ်ခဲ့၏။ ၎င်းတို့သည် ဦးဘကျော်တို့လူစု ထွက်ခွာသွားလျှင် ပုလင်းထောင်၍ ဝိုင်းဖွဲ့လေ၏။

ထို့ကြောင့် ငွေတိုးသည် ထိုသူများအလစ်တွင် ကမ်းပါးထက်သို့ ရောက်လာ၏။

ထို့နောက် ဦးဘကျော်တို့ သွားရာလမ်းအတိုင်း လူတစ်ရပ်မျှရှိသည့် ကိုင်းတောအတွင်း တိုးဝင်ခဲ့၏။ ကိုင်းတောအလွန်သို့ ရောက်မှပင် အောက်လင်းမီးအိမ်ကြီးကို ထွန်းညှိထားသည့် မြေစိုက်တဲကြီးကို ဘွားခနဲ တွေ့လိုက်ရ၏။

ထိုနေရာ၌ ဦးဘကျော်တို့လူစု ရှိနေ၏။ ဦးဘကျော်တို့လူစုသည် လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားကြ၏။

ငွေတိုးသည် ကိုင်းတောထဲ၌ပင် ပုန်းကွယ်၍ ထိုလူစု၏ အရိပ်အခြည်ကို ကြည့်ရှုနေရ၏။

မကြာမီတွင် ဦးဘကျော်တို့လူစုသည် တဲအပြင်သို့ ပြန်ထွက်လာပြီး ဦးဘကျော်က ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုပြီး

''ဒီနေရာကို ဆိုတော့ သဘောကျသွားပြီဟေ့၊ လူဆက်





က လည်းပြတ်တော့ တို့ကိစ္စကို လျှို့ဝှက်လုပ်လို့ရတာပေါ့၊ အခု တို့တစ်တွေ မိုးစန္ဒာတို့ကို သွားပမ်းကြမယ်၊ သူတို့ကိုမိရင် တို့လိုချင်တဲ့သတင်းကို တိတိကျကျသိရပြီး ဒီတစ်ခါ ဘယ်သူတွေ ခေါင်းမာနိုင်မလဲ ကြည့်ကြတာပေါ့''

ကြိမ်းဝါးလေ၏။

ပြီးလျှင် မျိုးမြင့်ဖက်သို့လှည့်၍

''မင်းက ဒီမှာ အဖော်နှစ်ယောက်နဲ့ မိုးကြိုးကို စောင့်ပြီး ကျန်ခဲ့ပါ၊ ဒီနေရာက လုံခြုံတယ်ဆိုပေမယ့် သတိတော့ မလွှတ်စေနဲ့ဟေ့''

ဟုမှာကာ ချောင်းကမ်းပါးသို့ ပြန်၍ထွက်သွားကြ၏။ မိုးကြိုးကို မျိုးမြင့်နှင့် လက်နက်ကိုင်လူမိုက်နှစ်ယောက်က စောင့်ကြပ်၍ ကျန်ရစ်ခဲ့၏။

ထိုအခါ ငွေတိုးသည် မိုးစန္ဒာအတွက် စိုးရိမ်သွား၏။ ဦးဘကျော်တို့လူစုက ဘုန်းကြီးကျောင်းတွင် မိမိကို မတွေ့လျှင်လည်း မိုးစန္ဒာကို ဖမ်းဆီးကြပေမည်။

ဒီမှာလည်း မိုးကြိုးကို ကယ်တင်ရန် အတွက် ဦးဘကျော်တို့လူစုမရှိခင် အခွင့်အရေးရနေလေ၏။

ထို့နောက်မှပင် ငွေတိုးသည် မိုးစန္ဒာမှာ ရာဇဝတ်အမြ



www.burmeseclassic.com

www.burmeseclassic.com



ဆွေ ရှိနေသောကြောင့် အသက်အန္တရာယ်ကို စိုးရိမ်စရာမရှိနိုင်ဟု တွေးမိလေ၏။ ထို့ကြောင့် မိုးကြီးကို ကယ်တင်ရန်အတွက်သာ ခြေးချယ်လိုက်၏။

မျိုးမြင့်နှင့် လူမိုက်တစ်ယောက်က တဲအတွင်း၌ မိုးကြီးကို စောင့်ကြပ်နေသလို ကျန်လူမိုက်တစ်ယောက်က ပြောင်းရှည်သေနတ်ကို အသင့်ကိုင်ဆောင်ကာ တဲအပြင်၌ သတိနှင့်ရှိနေ၏။

ငွေတိုးတွင် လက်နက်ယူ၍ တောလိုက်ဓားမြောင်သာရှိ၏။ ထို့နောက် သူသည် ရုတ်တရက် အကြံတစ်ခုရသောကြောင့် ကိုင်းတောကြီး၏အစပ်မှနေ၍ ကိုင်းပင်များကို မီးရှို့လိုက်တော့၏။

မကြာမီတွင် လေသင့်သောကြောင့် မီးအရှိန်ကောင်းကာ ဟုန်းခနဲ မီးတောက်ကြီး တောက်လေတော့၏။ လေကလည်း မိုးကြီးကို ချုပ်နှောင်ထားရာ တဲဖက်သို့ တိုက်ခတ်နေ၏။

ထိုအခါ မျိုးမြင့်တို့လူစုသည် မီးတောက်မီးလျှံများကို မြင်တွေ့သွားကြပြီး မျိုးမြင့်က မျက်လုံးကြီးပြူးလျက်

"ဟာ . . ဘယ်လိုဖြစ်တာလဲ၊ ကိုင်းတောကြီး မီးလောင်နေပါလား၊ မကြာခင် ငါတို့တဲဖက်ကို ရောက်လာတော့မယ်၊ ဟောဒီတဲဘေးက ရေမြောင်းထဲက ရေတွေနဲ့ မီးသတ်ကြမယ်ဟေ့"





ဟု အော်ဟစ်ကာ ရေပုံးများကို ရှာဖွေ၍ မီးကို ငြိမ်းသတ်ရန် ကြိုးစားကြ၏။

တဲနှင့် ကိုင်းတောကြီးကြားတွင် မြေကွက်လပ်ရှိနေသောကြောင့် ရုတ်တရက် တဲကိုမီးကူးရန် အခြေအနေမရှိသေးချေ။ ထို့ကြောင့် မျိုးမြင့်တို့လူစု မီးကို အားကျိုးမာန်တက် ငြိမ်းသတ်နေကြခြင်း ဖြစ်၏။

ထိုအခိုက်တွင် ငွေတိုးသည် မိုးကြီးကို ချုပ်နှောင်ထားပြီး တဲအတွင်းသို့ ရောက်လာ၏။ မိုးကြီးက ငွေတိုးကို မြင်လျှင် သွားနဲ ဖြဲ တာ

"တား . . တား . . မီးလောင်တယ်ဆိုကတည်းက တစ်ခုခုထူးပြီလို့ ထင်နေတာ၊ ငါ့ကို ကယ်မယ့်သူ ရောက်လာတာကိုး"

ဟု ဝမ်းသာအားရ ပြောလေ၏။ ငွေတိုးက အလျင်အမြန်ပင် မိုးကြီးကို အချုပ်အနှောင်မှ လွတ်ကင်းအောင် ဖြုတ်ပေးလိုက်ကာ

"ကိုမိုးကြီး အချိန်သိပ်မရှိဘူး၊ ကျုပ်တို့ ပြေးကြမယ်၊ ပြေးမယ်ဆိုရင်လည်း ချောင်းကမ်းပါးအတိုင်း စွတ်ရွတ်ပြီး မြို့ဘက်ကို အရောက်ပြေးရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်တော့၏။

ထို့နောက် သူတို့နှစ်ဦးသည် တဲအတွင်းမှ ပြေးထွက်ခဲ့ကြ၏။ ထိုအခါ မီးငြိမ်းသတ်နေသည့် လူမိုက်တစ်ယောက်က သူတို့ကို မြင်တွေ့ကာ အလန့်တကြားဖြင့်

"ဟိုလူ ထွက်ပြေးပြီဟေ့၊ လူတစ်ယောက်က လာကယ်သွားတာ"

ဟုအော်ဟစ်ကာ ကျန်လူများကို အသိပေးလေ၏။ သူတို့သည် မီးကို ဂရုမထားတော့ပဲ ငွေတိုးတို့ကိုသာ လက်ရဖမ်းဆီးရန် ကြိုးစားကြတော့၏။

ထို့နောက် လူမိုက်တစ်ယောက်က ငွေတိုးတို့ ဘက်သို့ သေနတ်ကို ထိုးချိန်၍ ပစ်ခတ်ဟန်ပြင်လေရာ မျိုးမြင့်က ပြေးလွှားရင်းနှင့်

"ဟေ့ကောင် ... မလုပ်နဲ့၊ သူတို့ တစ်ခုခုဖြစ်သွားရင် အကုန်လုံး ကမောက်ကမ ဖြစ်သွားမယ်၊ သူတို့သေလို့ မဖြစ်သေးဘူး။ ဒီအတိုင်း ဖမ်းဖို့သာ လုပ်ကွာ"

ဟု တားလေ၏။ ငွေတိုးနှင့် မိုးကြီးလည်း သူ၏အားနည်းလှသော အလင်းရောင်ဖအောက်တွင် ပြေးလွှားရင်း ငွေတိုးက

"ကိုမိုးကြီး ဟိုကောင်တွေတော့ ကျုပ်တို့နောက်ကို





သဲသဲမဲမဲ လိုက်လာကြပြီ၊ သူတို့မှာ လက်နက်တွေရှိပေမယ့် အသုံးမပြုပုံထောက်ရင် ကျုပ်တို့ကို လက်ရဖမ်းချင်ပုံရတယ်၊ ဒီတော့ ဒီကောင်တွေကို မျက်စိလှည့်ပြီး လွတ်အောင်ပြေးရမယ်"

ဟု တိုင်ပင်လိုက်၏။ ထိုအခါ မိုးကြီးက

"ပင်း ရေကူးတတ်တယ် မဟုတ်လား။ ဒီကောင်တွေကို မျက်စိလှည့်ဖို့က ဟိုဖက်ကမ်းကို ကူးပြီးပြေးရမယ်၊ တဲ .. တဲ .. ဒီကောင်တွေ ချောင်းဟိုဖက်ကမ်းနဲ့ ဒီဖက်ကမ်းကို အပြေးပြိုင်ရမယ်"

ဟုပြောလေရာ ငွေတိုးက

"ဒါဆိုလည်း ချောင်းကျဉ်းတဲ့နေရာရောက်ရင် ဒီကောင်တွေ မသိအောင် ပုန်းခိုပြီး ဖြတ်ကူးကြတာပေါ့၊ ကျုပ် ရေကူးတတ်ပါတယ်"

ဟု ဆိုလိုက်တော့၏။ ထို့နောက် ငွေတိုးတို့သည် အစီအစဉ်အတိုင်းပင် ထိုသူများ မမြင်အောင် ပုန်းကွယ်လိုက်ကြ၏။ ရင်းတို့ ကျော်လွန်သွားမှပင် ချောင်းကို ဖြတ်ကူးခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမြင့်

"ခင် . . ခင်ဗျားတို့ ဒီမြို့က မဟုတ်လား၊ ကျုပ်ကို အကူအညီတစ်ခုလောက် ပေးစမ်းပါဗျာ၊ ပုလိပ်ဌာနကို သွားပြီး အကြောင်းကြားပေးစမ်းပါ" ဟု အကူအညီတောင်းလေရာ ငွေတိုးက

"ဘာဖြစ်လို့လဲဗျ . . ခင်ဗျားပုံစံက တော်တော်အရေးကြီးလာပုံရတယ်"

ဟုမေးလိုက်လေရာ ထိုသူက လက်သီးကို တင်းတင်းဆုပ်၍

"ရှေ့နားမှာ ရှေးဟောင်းဘုန်းကြီးကျောင်းအိုကြီး တစ်ကျောင်း ရှိတယ်လေဗျာ၊ အဲဒီကျောင်းက ဆရာတော်ကြီးက ကျုပ်ဘကြီးတော်တယ်ဗျ၊ အခုတော့ အဲဒီကျောင်းကို ရောက်နေတဲ့ ကျုပ်မိန်းမနဲ့ ကလေးကိုတွေ့ရအောင် အသွားမှာ ကျောင်းဝင်းရဲ့ ပတ်ဝန်းကျင်မှာ မသင်္ကာစရာကောင်းတဲ့ လူစိမ်းတွေကို တွေ့ခဲ့ရလို့ဗျ၊ ကျုပ်အထင်တော့ အဲဒီလူတွေဟာ ကျောင်းက ရှေးဟောင်းလက်ရာတွေကို လုယက်မယ့်သူတွေ ဖြစ်ဖို့များတယ်၊ သူတို့မှာ လက်နက်တွေလည်း ပါတယ်၊ ဒါကြောင့် ကျုပ်လည်း ပုလိပ်ဌာနကို အကြောင်းကြားရအောင် ကျောင်းထဲကို မဝင်ဘဲ





အသာပြန်ပြီး လစ်ထွက်လာတာ"

ဟု ရှင်းပြလေ၏။

ထိုအခါ ငွေတိုးက ထိုသူကို

"ခင်ဗျားနာမည် ကိုသာအောင် မဟုတ်လား"

ဟု ပြောလိုက်ရာ ထိုသူက တအံ့တသြ ဖြစ်သွား၏။ ငွေတိုးလည်း မသွန့်မေနှင့် အခြားမြို့တစ်မြို့တွင် တွေ့ဆုံခဲ့ပုံကို ပြောလိုက်ပြီး မိုးကြီးကို

"ကဲ . . ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ၊ ကျောင်းကို ဝ ဝိုင်းထားကြပြီ၊ ကျုပ်တော့ ဘုန်းကြီးကျောင်းထဲမှာ ရုတ်ရုတ်သဲသဲ မဖြစ်ချင်ဘူး။ အဲဒီလူတွေကို ရှုပ်နေရာကို ခေါ်သွားချင်တယ်၊ ကျုပ်တို့ ဒီလူတွေကို ကျောင်းထဲက ထွက်အောင်လုပ်ပြီးရင် ကိုသာအောင်က ကျောင်းထဲဝင်ပြီး မိုးစန္ဒာကို လုံခြုံတဲ့နေရာကို ခေါ်သွားလို့ရတယ်"

ဟု ဆိုလိုက်ရာ မိုးကြီးနှင့် ကိုသာအောင်လည်း ထိုအကြံကို သဘောတူလေ၏။

ထို့နောက် သူတို့သည် ကျောင်းပေါက်ဝသို့ ချဉ်းကပ်လာခဲ့ရာ အပေါက်ဝတွင် အစောင့်တစ်ယောက်ကို တွေ့ရ၏။ ထိုအခါ ငွေတိုးက ပုန်းကွယ်နေရာမှ ထွက်၍ ထိုသူထံသို့ တန်းတန်း



www.burmeseclassic.com

www.burmeseclassic.com



မတ်မတ်ပင်သွားပြီး

"ဟေ့လူ .. ခင်များတို့ ရှာနေတဲ့ငွေတိုးဆိုတာ ကျုပ်ပဲ"

ဟု ပြောလိုက်ရာ ထိုသူသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး သူ့လူများကို

"ငွေတိုး ဒီမှာရောက်နေတယ်ဟေ့"

ဟု အော်ဟစ်သတင်းပေးလေ၏။ ထိုအခိုက်တွင် ငွေတိုးက ထိုသူကို

"ခင်များတို့ အစွမ်းရှိရင် ကျုပ်ကို မှီအောင်လိုက်ပေတော့" ဟုပြောကာ လှစ်ခနဲ ပြေးထွက်သွား၏။

ထိုသူသည် ငွေတိုး၏နောက်သို့ လိုက်ဟန်ပြင်နေစဉ်မှာပင် မိုးကြိုး၏ မှုတ်ပြောင်းစာမိ၍ မြေပေါ်သို့ ဗိုင်းခနဲ လဲကျသွား၏။ မိုးကြိုးလည်း ထိုသို့ပြုလုပ်ပြီးလျှင် ငွေတိုး၏နောက်သို့ ပြေး၍ လိုက်ခဲ့၏။

ဦးဘကျော်တို့လူစုမှာ မထင်မှတ်သောအဖြစ်ကြောင့် ရှုတ်ရှုတ်သဲသဲ ဖြစ်ကာ လူအမြန်စု၍ ငွေတိုးတို့နောက်သို့ အပြေးအလွှား လိုက်ပါလာကြ၏။

ဘုန်းကြီးကျောင်း၏ အလွန်တွင် မြို့စွန်သချိုင်းရှိ၏။ ငွေတိုးနှင့် မိုးကြိုးသည် အုတ်ဂူများကြားသို့ ပြေးလွှားဝင်ရောက်





သွားရာ နောက်မှ ဦးဘကျော်တို့လူစုကလည်း ထပ်ချပ်မကွာ လိုက်ပါလာ၏။ ထိုအခိုက်တွင် ဦးဘကျော်က စိတ်မရှည်ဟန်ဖြင့် ငွေတိုးတို့ကို သေနတ်ဖြင့် လှမ်း၍ပစ်လေရာ မိုးကြိုးသည် အထိတ်တလန့်ဖြင့်

"ဟိုက် .. ပစ်ပြီဟေ့၊ တို့ကို မညှာတော့ဘူး"

ဟု အော်ဟစ်လေ၏။

ငွေတိုးလည်း အုတ်ဂူတစ်ခု၏ အကာအကွယ်သို့ ခိုင်ဗင်ထိုး၍ ဝင်လိုက်ရ၏။

ဦးဘကျော်က စတင်ပစ်ခတ်လျှင် ကျန်လူမိုက်များကပါ ချိန်ရွယ်လက်ယားနေကြသောကြောင့် မဲမဲမြင်ရာကို ပစ်ခတ်ကြတော့၏။

ပြီးလျှင် ထိုလူစုသည် သချိုင်းအတွင်း လူဖြန့်၍ နေရာယူလိုက်ကြ၏။ ငွေတိုးနှင့် မိုးကြိုးသည် တစ်နေရာမှ တစ်နေရာသို့ ရှောင်တိမ်းပုန်းကွယ်ရင်း သွားလာနေ၏။

ကျည်ဆန်များက တစ်ခါတစ်ရံတွင် သူတို့အနီးမှ အကြည်းသားဖွယ်ရာ ရွှီခနဲ ရွှီခနဲ လွင့်ပျံသွားကြ၏။

ထိုအခိုက်တွင်ပင် ရာဇဝတ်အုပ်မြဆွေသည် လူတစ်[illegible]တ်ကို ဖမ်းဆီး၍ ဦးဘကျော်ထံသို့ ခေါ်ဆောင်လာ၏။ ထိုသူမှာ



www.burmeseclassic.com

www.burmeseclassic.com



မိုးစန္ဒာ ဖြစ်၏။ ဦးဘကျော်သည် မိုးစန္ဒာကိုမြင်လျှင် ကောက်ကျစ်စွာပြုံးလိုက်ပြီး

"တား . . တား . . အားလုံး ပစ်တာခတ်တာတွေ ရပ်လိုက်ကြစမ်း" ဟု သူ့လူများကို အမိန့်ပေးလေ၏။ ရာဇဝတ်အုပ်မြဆွေက

"ကျုပ် ခင်ဗျားတို့ ငွေတိုးနောက်ကို လိုက်သွားတုန်း ဘုန်းကြီးကျောင်းထဲဝင်ပြီး မိုးစန္ဒာကို ဖမ်းခေါ်လာခဲ့တာ တော်တော်ကောင်းလို့ပေါ့၊ သူက ထွက်ပြေးမလို့ ပြင်နေတာဗျ၊ လက်မတင်ကလေးမှာ မိလာတာ"

ဟု ပြောလေ၏။ ထိုအခါ ဦးဘကျော်က ခေါင်းတဆတ်ဆတ်ညိတ်၍

"အဲဒါဆိုရင် ဒီပွဲက ပြီးသွားပြီပေါ့"

ဟုရေရွတ်ကာ မိုးစန္ဒာကို ဆတ်ခနဲ ချုပ်ကိုင်၍ သေနတ်ဖြင့် ချိန်ရွယ်ကာ

"ဟေ့ကောင် ငွေတိုး၊ မင်းတို့ ထွက်လာခဲ့ပေတော့၊ မိုးစန္ဒာ ငါ့လက်ထဲကို ရောက်နေပြီ၊ မင်းတို့ အချိန်ဆွဲနေမယ်ဆိုရင် ငါ့ကို အဆိုး မဆိုနဲ့"

ဟု အော်ဟစ်ကာ ခြိမ်းခြောက်လေတော့၏။





ငွေတိုးနှင့် မိုးကြီးလည်း အကြံရကြပ်သွားကာ

"ဒုက္ခပါပဲကွာ . . မိုးစန္ဒာ ပြေးဖို့အချိန်မရလိုက်ဘူး ...င်တယ်၊ ဘယ်လိုလုပ်ကြမလဲ"

ဟု ညည်းတွားလေရာ ငွေတိုးက သက်ပြင်းချ၍

"ကျုပ်ကြောင့် မမိုးစန္ဒာ ဒုက္ခရောက်နေလိမ့်မယ်"

ဟု ပြောလိုက်ရာ မိုးကြီးက

"အေးပေါ့ကွာ . . သူတို့က အပိုင်ကိုင်ထားပြီဆိုတော့ ...ယ်တတ်နိုင်မလဲ"

ဟု ဆိုလေတော့၏။ ဦးဘကျော်ကြီးက အဝေးရှိ အုတ်ဂူ ...ကြား‌မှ ထွက်လာသော ငွေတိုးနှင့် မိုးကြီးကို တွေ့လျှင် တဟား ... အော်ဟစ်ရယ်မောလေ၏။

ထိုအခိုက်တွင် မိုးစန္ဒာက ဦးဘကျော်၏လက်ထဲမှ ရုန်း...ရင်း

"ငွေတိုး ဘာဖြစ်လို့ သူတို့အလိုကို လိုက်ရတာလဲ၊ ငါ့...ငဲ့နဲ့ လွတ်ရာကို ထွက်သွားကြ"

ဟု အော်ဟစ်လေရာ ဦးဘကျော်က မျက်နှာကြီးနီသွား... ...စန္ဒာကို

"အောင်မယ် နင်က ဒီကောင်တွေအတွက် ပြန်ပြီးစိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



နေသေးတယ်၊ ဒီကောင်တွေ လွတ်သွားရင် နင်လည်း မသက်သာဘူး မှတ်ပါ"

ဟု ကြိမ်းဝါးလေရာ ရာဇဝတ်အုပ်မြဆွေက မျက်နှာပျက်သွားပြီး

"ဦးဘကျော် မိုးစန္ဒာကို ဒီလိုမဆက်ဆံပါနဲ့၊ ကျုပ်မကြိုက်ဘူး" ဟု တန့်တားလေ၏။ ဦးဘကျော်က မျက်မှောင်ကြုတ်၍

"မောင်မြဆွေ ကျုပ်အလုပ်ကို ဝင်မပါပါနဲ့"

ဟုပြန်၍ ပြောလိုက်ရာ ရာဇဝတ်အုပ်မြဆွေသည် ဒေါ်‌ေ...ထောင်းခနဲ ထွက်ကာ သေနတ်ကို လက်လှမ်းမိပြီးမှ စိတ်လျော့...

"တုတ်ပြီလေ . . ကျုပ်တို့ အချင်းချင်း စိတ်ဝမ်းမကွဲသ...ဘူး" ဟု ပြောလေ၏။

ငွေတိုးတို့သည်လည်း သူတို့လူစုနှင့် တပြည်းပြည်း ...ကပ်လာ၏။

ထိုအခိုက်တွင် မိုးစန္ဒာက အံကြိတ်၍ ဦးဘကျော်၏လ...ထဲမှ ရုန်းထွက်လိုက်ကာ ပြေးထွက်ရန် ပြင်လေ၏။ ဦးဘကျော်...ဒေါသတကြီးဖြင့်

"ဒီလောက်တောင် ပြောလို့မရတာ သေစမ်းတွ..."





ဟုဆို၍ မိုးစန္ဒာကို သေနတ်ဖြင့် ထိုးချိန်လိုက်၏။ ဦးဘကျော်ကို အလစ်မပေးသည့် ရာဇဝတ်အုပ်မြဆွေက လျှင်မြန်စွာပင် လှုပ်ရှားလိုက်၏။ ဦးဘကျော်သည် ရာဇဝတ်အုပ်မြဆွေနှင့် လုံးထွေးသွား၏။

ထိုအခိုက်တွင် သချိုင်းတစ်ဖက်မှ

"ဟေ့ . . သချိုင်းထဲက ကောင်တွေ တစ်ယောက်မှ လှုပ်ရှားဖို့ မကြိုးစားနဲ့၊ မင်းတို့ကို ငါတို့ ပုလိပ်အဖွဲ့က ဝိုင်းထားပြီးပြီ"

ဟူသော အော်သံကြီး ထွက်ပေါ်လာ၏။ ထိုအသံကို ကြားလျှင် ငွေတိုးက မိုးကြီး၏လက်ကိုဆွဲ၍ အကာအကွယ်ယူကာ

"မမိုးစန္ဒာ ကျုပ်တို့ ဒီမှာရှိတယ်"

ဟု အသံပေးလိုက်၏။ ဦးဘကျော်သည် ပုလိပ်အဖွဲ့ဟူသော အသံကိုကြားလျှင် ပြူးပြူးပျာပျာ ဖြစ်သွား၏။

သူသည် ရာဇဝတ်အုပ် မြဆွေနှင့် လုံးထွေးနေရင်းမှ အသာစီးရကာ ရာဇဝတ်အုပ်၏မျက်နှာကို လက်သီးဖြင့် ခွပ်ခနဲ ထိုးချလိုက်၏။

ရာဇဝတ်အုပ်သည် နောက်သို့ ယိုင်တိယိုင်တိုင်ဖြင့် ဆုတ်သွားလျှင် ဦးဘကျော်က သေနတ်ဖြင့် ထိုးချိန်လေ၏။ ရာဇ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်အုပ်ကလည်း ငိုင်တွေမနေဘဲ မြေပေါ်တွင် နှစ်ပတ်သုံးပတ်မျှ လှိမ့်၍ အကာအကွယ်ယူလိုက်၏။

ဦးဘကျော်၏ သေနတ်မှ ဒိုင်းခနဲ ပြည်ဟိန်းသွား သော်လည်း ရာဇဝတ်အုပ်ကို မထိဘဲ လွဲချော်သွား၏။

ရာဇဝတ်အုပ်က ပြန်လည်ပစ်ခတ်သောကြောင့် ဦး ဘကျော်လည်း အကာအကွယ်နေရာသို့ ပြေးဝင်လိုက်ရ၏။

ထိုအခိုက်တွင် မိုးစန္ဒာသည် ငွေတိုးထံသို့ ရောက်သွား လေပြီ။ ဦးဘကျော်တို့ထံမှ သေနတ်သံများ ထွက်ပေါ်လာသော ကြောင့် မြို့ခံပုလိပ်အဖွဲ့က သူတို့ကို ခုခံသည်ဟု ထင်မှတ်က ပြန်လည် ပစ်ခတ်လေတော့၏။

ထိုအခါ ဦးဘကျော်တို့အဖွဲ့လည်း ပုလိပ်များကို ပြန် လည်တိုက်ခိုက်ကြလေ၏။

ငွေတိုးတို့သည် အခြေအနေကို ခေတ္တမျှ စောင့်ကြည့်နေ စဉ် သူတို့အနီးသို့ ရုတ်တရက် လူတစ်ယောက်ရောက်လာပြီး

"ဟော့ကောင်တွေ ဘာလုပ်နေတာလဲ၊ သူတို့ တစ်ဖက် တစ်ဖက် ပစ်ခတ်နေကြတုန်းမှာ မိုးစန္ဒာကိုခေါ်ပြီး ပြေးကြလေ"

ဟုပြောလေရာ ထိုသူကို မြင်တွေ့လျှင် မိုးစန္ဒာက ဝမ်းသာ အားရဖြင့်





"ဦးပေတာလူကြီး လိုက်လာပြီ"

ဟုအော်ဟစ်လေ၏။

ငွေတိုးက ဦးပေတာလူကို ကြည့်၍

"ဟောဒီမှာ ကျုပ်တို့ ကိုမိုးကြီးကို ရှာတွေ့ပြီဗျ"

ဟု ပြောလိုက်၏။ သချိုင်းထဲတွင် သေနတ်သံများဖြင့် ဆူညံနေ၏။ ထိုအချိန်တွင် ငွေတိုးတို့အုပ်စုသည် သချိုင်းအပြင်သို့ ပြေးထွက်လာကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းအပြင်တွင် ဦးပေတလူ မောင်းနှင်လာသည့် မြင်းလှည်းက အသင့်ရှိနေ၏။

သူတို့လူစု မြင်းလှည်းထက်သို့ ရောက်လျှင် ဦးပေ တလူက မြင်းလှည်းကို အပြင်းမောင်းလေရာ သချိုင်းနှင့် ဝေး မြို့ပြင်လမ်းမကြီးထက်သို့ ရောက်လာ၏။

ထိုမှနေ၍ ဦးပေတလူက တောလမ်းတစ်ခုအတိုင်း ဝင်ပြန်၏။ တောလမ်းအတိုင်း သွားလာပြီးနောက် ဦးပေတလူ မြင်းလှည်းကို အရှိန်လျှော့ကာ

"ဒီလောက်ဆို ပုိကောင်တွေလက်က လွတ်လောက်





ပြီ၊ ဟား . . ဟား . . ဒီကောင်တွေ မထင်မှတ်ဘဲ ခံလိုက်ရတယ်၊ တကယ်တော့ မိုးကြီးကို ဇါလိုက်စုံစမ်းရင်း ဒီမြို့ဖက်ကို ရောက် နေတယ်လို့ သတင်းကြားတာနဲ့ ရောက်လာတာကွ၊ ဒီရောက်တော့ မြို့ထဲမှာ မျိုးမြင့်ကိုတွေ့တာနဲ့ မသင်္ကာလို့ ခေါ်ပြီး နည်းနည်း လောက် ခြိမ်းခြောက်လိုက်တာ မင်းတို့အကြောင်းတွေ အကုန်ပေါ် တော့တာပဲ၊ ဒါနဲ့ပဲ ပုလိပ်အဖွဲ့ကိုသွားပြီး သချိုင်းမှာ ဓားပြကြီး တောကျိုးတန်းနဲ့အဖွဲ့ စုဝေးနေကြတယ်လို့ သတင်းပေးခဲ့တာကွ၊ ပုလိပ်တွေလည်း သချိုင်းထဲမှာ ရှိနေတဲ့ ဦးဘကျော်တို့အဖွဲ့ကို ဇါတို့နဲ့လူမှားပြီး ဝိုင်းတော့တာပဲ" ဟု ရှင်းပြလေ၏။

ထိုအခါ မိုးကြီးက ဦးပေတလူကို

"ဒါဆိုရင် ခင်ဗျားက ဓားပြကြီးတောကျိုးတန်းပေါ့၊ ကျုပ်တို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် လှည့်ပတ် ရှာဖွေပြီး လွဲနေကြတယ်၊ ဒီလိုဗျ ကျုပ်ကို ထောင်ထဲမှာ ကျောက် တစ်လုံးဆိုတဲ့ လူကြီးက မှာလိုက်တာက "နတ်သူငယ် တိမ်ယာဉ် စီး"ဆိုတဲ့ စကားကလေးဗျ၊ ပြီးတော့ သူ့ရဲ့ကျောက်မျက်လုံး တစ်လုံးကိုလည်း ပေးလိုက်သေးတယ်"

ဟုပြောကာ သူ၏ကိုယ်နှင့်မကွာ ယူဆောင်လာသည့် ကျောက်မျက်လုံးကို ဦးပေတလူအား ပေးလေ၏။ ဦးပေတလူက



www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းကို မောင်းနှင်ရင်း မျက်မှောင်ကြီးကြုတ်ကာ

"နတ်သူငယ်တိမ်ယာဉ်စီးတဲ့ အဲဒါဘာအဓိပ္ပာယ်လဲ၊ နတ်သူငယ်ဆိုတာကတော့ နန်းတွင်းမှာ သူငယ်တော်ကလေးတွေကို တစ်ချို့က ချစ်စနိုးနဲ့ နတ်သူငယ်တွေလို့ ခေါ်တတ်ကြတယ်၊ အဲ . . တိမ်ယာဉ်စီးဆိုတာက ဘာလဲ"

ဟု ရေရွတ်လေ၏။ ထို့နောက် ဦးပေတလူက ကျောက်မျက်လုံးကို ပွတ်သပ်ကာ

"နေဦး . . ဒီကျောက်မျက်လုံးကရော ဘာအဓိပ္ပာယ်နဲ့ ပေးလိုက်တာလဲ" ဟုဆိုလေရာ ငွေတိုးက

"ကျောက်မျက်လုံးနဲ့ ပတ်သက်ပြီး ဦးပေတလူတို့နှစ်ယောက်ထဲသာ သိနိုင်တဲ့ လျှို့ဝှက်ချက်တို့၊ အမှတ်အသားတို့ တစ်ခုခု ဖြစ်နိုင်တယ် မဟုတ်လား"

ဟု ပြောလိုက်၏။ ဦးပေတလူက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်း၍

"ကျောက်မျက်လုံးနဲ့ ပတ်သက်တာက ထူးထူးခြားခြား မရှိပါဘူးကွာ၊ ဆင်ကြီးမျက်လုံးတစ်ဖက် ပျက်သွားတော့ ငါပဲ ကျောက်မျက်လုံးတပ်ဖို့ အကြံပေးခဲ့တာကွ၊ အဲဒီတုန်းက တိုက်ဆိုင်တာဆိုလို့ ငါနဲ့ မောင်ဆင်တာ ဒီမြို့ကို ရောက်နေကြတယ်ကွ၊





ငါက ဒီနယ်မှာ လှုပ်ရှားနေတော့ မောင်ဆင်က ငါ့ကို လာတွေ့ရင်း ဒီမြို့မှာ ဆုံကြတာပေါ့ကွာ၊ အဲဒီတော့ မောင်ဆင်ကို မျက်လုံးက တစ်ဖက်လပ်နဲ့ ကြည့်မကောင်းတော့ ကျောက်မျက်လုံးတစ်ဖက် တပ်လာအောင် ငါအကြံပေးပြီး ငါကိုယ်တိုင်ပဲ စကျင်ကျောက်တိုသွေးပြီး မျက်လုံးပုံဖော်တတ်တဲ့ ကျောက်သွေးဆရာကို လိုက်ရှာရတယ်၊ နောက်ဆုံးမှာ ငွေတိုးနဲ့ မိုးစန္ဒာတို့ တည်းခိုနေတဲ့ ဘုန်းကြီးကျောင်းက ကပ္ပိယကြီးဟာ ကျောက်သွေးတဲ့အလုပ်ကို ကောင်းကောင်းကျွမ်းကျင်တယ်လို့ သိရတယ်၊ ဒါကြောင့် ကပ္ပိယကြီးကို အကူအညီတောင်းပြီး ကျောက်မျက်လုံးရအောင် လုပ်ခဲ့တာပဲ ရှိတယ်ကွ၊ တို့နှစ်ယောက် အဲဒီကျောက်မျက်လုံးပြီးတာကိုစောင့်ရင်း ဘုန်းကြီးကျောင်းမှာတောင် နှစ်ရက်သုံးရက် တည်းခိုခဲ့ကြသေးတယ်"

ဟုဆိုလေ၏။

လူအားလုံးသည် ဦးပေတလူ၏ စကားကို နားထောင်ပြီးနောက် ဘဲဥအစရှာမရသလို ဖြစ်နေကြ၏။

ထိုအခိုက်တွင် ငွေတိုးက ဝမ်းသာအားရဖြင့် မြင်းလှည်းထက်မှ ထခုန်ကာ

"ကျုပ် စဉ်းစားမိပြီဗျ၊ ဦးပေတလူရဲ့ မောင်ဆင်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတာ ကျောက်မျက်လုံးပြုလုပ်တာစောင့်ရင်း ဘုန်းကြီးကျောင်းမှာ တည်းခိုခဲ့တုန်းက သူငယ်တော်ရုပ်ကလေးကို အဲဒီဘုန်းကြီးကျောင်းမှာပဲ တစ်နေရာရာမှာ ဖွက်ခဲ့လိမ့်မယ်ဗျ။ ဘာဖြစ်လို့လည်းဆိုတော့ ကျုပ်က "နတ်သူငယ်တိမ်ယာဉ်စီး" ဆိုတဲ့စကားမှာ တိမ်ယာဉ်စီးဆိုတာကို သွားပြီးစဉ်းစားမိတော့ ဘုန်းကြီးကျောင်းက ရှေးလက်ရာ သစ်သားရုပ်ကြွ ပန်းချီကားကြီးတွေကို မြင်ယောင်မိတယ်၊ ကျုပ် ခွဲခွဲထင်ထင် ရှိနေတာက သစ္စတ်တွေ ပွင့်ချိန်ရောက်တိုင်း စစ်ခင်းတတ်ကြတဲ့ သိကြားနဲ့အသူရာနဲ့ တိုက်ပွဲကို လက်ရာမြောက်အောင် ပုံဖော်ထားတဲ့ ပန်းချီကားကြီးပဲ၊ အဲဒီပန်းချီကားမှာ နတ်စစ်သည်အချို့ဟာ တိမ်တွေကိုစီးပြီး တိုက်ခိုက်ကြတာကို ထုလုပ်ပုံဖော်ထားတာဗျ။ အဲဒီတိမ်တွေဟာလည်း တကယ်ကို တိမ်တောင်တိမ်လိပ်ကြီးတွေတိုင်းပဲ၊ ဒါကိုပဲ တိမ်ယာဉ်စီးဆိုပြီး တင်စားထားတာပေါ့၊ ကျုပ် ပြောရဲတယ်ဗျို့ သူငယ်တော်ရုပ်တာ အဲဒီနတ်စစ်သည်တွေ တိမ်တွေကိုစီးပြီး တိုက်ခိုက်နေကြတဲ့ ပုံဖော်ထားတဲ့ ပန်းချီကားကြီးမှာပဲ ရှိရမယ်"

ဟု ပြောလိုက်ရာ မိုးစန္ဒာက

"ဟုတ်တယ် .. ပန်းချီကားကြီးတွေက အကြီးကြီး





တွေဆိုတော့ အဲဒီပန်းချီကားရဲ့ တစ်နေရာရာမှာ သူငယ်တော်ရုပ်ကို ဖွက်ထားမှာပဲ"

ဟု ထောက်ခံလေတော့၏။ ထိုအခါ ဦးပေတလူက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး

"ဟား .. ဟား .. သိပ်ဟုတ်တာပေါ့ကွာ၊ မောင်ဆင်တာ ဘုန်းကြီးကျောင်းကို ရောက်ခဲ့တုန်းက အဲဒီသိကြားနဲ့ အသူရာ စစ်ခင်းကြတဲ့ ပန်းချီကားကို ကြိုက်လွန်းလို့ ငါ့ကို ခဏခဏ ပြောခဲ့တာမှတ်မိပြီ၊ အခုတော့ မြေကြီးကို လက်နဲ့ပုတ်ရင် လွဲရင်လွဲလိမ့်မယ်၊ သူငယ်တော်အရုပ်ကလေးဟာ တို့လက်က ပြေးလို့မလွတ်တော့ပါဘူးကွာ၊ မောင်ဆင်ပြောသလို နတ်သူငယ်တိမ်ယာဉ်စီးပေါ့ကွာ" ဟု ပြောလေ၏။ ထိုအခါ ငွေတိုးက မိုးစန္ဒာကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်ကာ သက်ပြင်းချ၍

"အင်း .. ကျုပ်တို့ရဲ့ သူငယ်တော်အရုပ်ကလေးကိစ္စက ပြီးပါပြီ၊ ကျန်တာက ဟောဒီက မမိုးစန္ဒာရဲ့ ကိစ္စပဲ"

ဟုဆိုလေရာ ဦးပေတလူက နားမလည်ဟန်ဖြင့်

"ဘာကိစ္စလဲကွ" ဟု မေးမြန်းလေ၏။ ထိုအခါ ငွေတိုးက

"ဒီလိုပါ ကျုပ်က အစ်မကို လူတစ်ယောက်နဲ့ အောင်သွယ်ပေးမလို့ တာဝန်ယူထားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ မိုးစန္ဒာက ငွေတိုးကို စူးစိုက်ကြည့်၍

"ဒီကမ္ဘာကြီးမှာ မိန်းမတွေရဲ့အရိပ်အကဲကို မသိတဲ့ ယောကျ်ားတွေကို တန်းစီလိုက်ရင် မင်း ရှေ့ဆုံးက ပါလိမ့်မယ်"

ဟု ရေရွတ်လေ၏။ ငွေတိုးက ခေါင်းကိုယမ်း၍ တတ်ခနဲ ရယ်ကာ

"ကျုပ် ဒီလောက်မအပါဘူးဗျာ၊ ကျုပ်ကို လောင်းကစား အိမ်မှာ စတွေ့ကတည်းက အစ်မက စိတ်ဝင်စားနေတယ်ဆိုတာ ရိပ်မိတယ်ဗျ၊ ဒါပေမဲ့ အစ်မဘက်က ဘာဆက်လုပ်မလဲဆိုတာ စောင့်ကြည့်နေတာ၊ ကျုပ်လည်း အစ်မနဲ့အတူတူပါပဲဗျာ"

ဟု ပြောလိုက်ရာ မိုးစန္ဒာ၏ မျက်နှာမှာ ပန်းရောင် ဖြစ်သွား၏။ တစ်ဆက်တည်းပင် မိုးကြီး၏ တခွီးခွီးရယ်သံကြီးကလည်း မြင်းခွာသံတခွပ်ခွပ်ကို ဖုံးလွှမ်းသွားတော့၏။

ဘာမျှမရှိခြင်းတာ ပြီးပြည့်စုံခြင်းပါပဲ

**မင်းသွေးသစ္စာ**



# နောက်ထွက်မည့်စာအုပ်များစာရင်း

၁။ ပုလဲရှာသူ မမိုးဖြူ

၂။ ကျီးဖြူကျီးမည်း တစ်ကောင်တည်း

၃။ မိုးထိအောင် လေ့ကားထောင်

၄။ ခင်ချမ်းသာ

BURMESE CLASSIC

www.burmeseclassic.com